# မှန်

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂလာ ကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ စနေနေ့။ | Saturday, 11 November 2017 | ၉၁၀၅


# နိုင်ငံအတွင်း ညီညွတ်အေးချမ်းမှုများရရှိအောင်၊ အေးချမ်းဖွံ့ဖြိုးတိုးတက်သော လူသားများအဖြစ် ရှင်သန်နေထိုင်ခွင့်ရရှိအောင် ဘုရားတပည့်တော်များက ဓမ္မဝိနယနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးရန်တာဝန်ရှိ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်းနှင့် သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော


**စာမျက်နှာ ၃ ကော်လံ ၁ သို့**


## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြု


စာမျက်နှာ - ၅


## ပညာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ် နွေသင်တန်းများ စတင်ဖွင့်လှစ်မည်


စာမျက်နှာ - ၃


# အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အေပက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ အလွတ်သဘောဆွေးနွေးပွဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀**

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ (Partnering For New Dynamism For a Comprehensively Connected and Integrated Asia - Pacific) ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ဒါနန်း Furama Resort ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့**


- လွန်ခဲ့သော ၂၈ နှစ်က ဖြစ်ပေါ်လာသည့် အေပက်မှာ ဒေသတွင်းစီးပွားရေးကဏ္ဍ မြင့်တင်မှုနှင့်အတူ တက်တက်ကြွကြွဖွံ့ဖြိုးလာ
- ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ကမ္ဘာကြီးပြောင်းလဲလာမှု၊ အာရှ-ပစိဖိတ်ဒေသ၏ အရှိန်အဟုန်ဖြင့် တိုးတက်လာမှုသည် အေပက်အတွက် အခွင့်အရေးနှင့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်လာရ
- စီးပွားရေးကဏ္ဍတွင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကတိကဝတ်များကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရန်၊ ပြည်သူများနှင့် စီးပွားရေးအသိုက်အဝန်းများ နီးကပ်စေရန်အတွက် အေပက်ကဆောင်ကြဉ်းပေး




# ကြေးမုံ

## ဖွံ့ဖြိုးမှု အညွှန်းကိန်း မြင့်မားရေး ကြိုးပမ်း

e-Government အညွှန်းကိန်းကို အွန်လိုင်းဝန်ဆောင်မှုဆိုင်ရာ၊ တယ်လီကွန်မြူနီကေးရှင်းဆိုင်ရာနှင့် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အညွှန်းကိန်းများဖြင့် နိုင်ငံတကာက တိုင်းတာကြသည်။ ကမ္ဘာတစ်ဝန်းတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသောအခါ ဖွံ့ဖြိုးပြီးနိုင်ငံများအပြင် ဖွံ့ဖြိုးဆဲနိုင်ငံများပါ e-Government စနစ်ကို အသုံးပြုလာကြသည်။

e-Government စနစ်ကို နိုင်ငံအများက အကောင်အထည်ဖော်ကြခြင်းမှာ ကောင်းမွန်သည့် အုပ်ချုပ်ရေးနှင့် ပြည်သူအခြေပြု အစိုးရဝန်ဆောင်မှုများ ဖြစ်ထွန်းလာစေရန်အတွက် ဖြစ်သည်။ သို့မှသာ အစိုးရနှင့် ပြည်သူအကြား နားလည်မှုများ၊ ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည့်အပြင် လက်တွေ့အားဖြင့် ပြည်သူကို ဝန်ဆောင်မှုပြုရာ၌ အစိုးရဌာနများအချင်းချင်း လွယ်ကူချောမွေ့စွာဖြင့် လုပ်ငန်းများကို လျင်မြန်စွာ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် e-Government စနစ်ကို ၂၀၀၄ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အချိန်ကာလအားဖြင့် ၁၃ နှစ်ကျော်ကြာခဲ့ပြီဖြစ်သောကြောင့် အဆိုပါစနစ် လွှမ်းခြုံဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိနှင့် တိုးတက်မှုများ၊ လိုအပ်မှုများကို ပြန်လည်ဆန်းစစ်သုံးသပ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် နိုဝင်ဘာလ ၇ ရက်နှင့် ၈ ရက်နေ့က နေပြည်တော်တွင် ကျင်းပသော e-Government ညီလာခံနှင့် နည်းပညာပြပွဲ၌ ပြည်တွင်း၊ ပြည်ပမှ နည်းပညာဆိုင်ရာ ပညာရှင်များက စာတမ်းများ ဖတ်ကြားဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရာ ပိုမိုကောင်းမွန်မည့်နည်းလမ်းများ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

e-Government စနစ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်းတစ်ခုဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုစနစ်နှင့် နည်းပညာပိုင်းဆိုင်ရာစနစ်တို့မှာ အဓိကကျပါသည်။ နည်းပညာကောင်းသော်လည်း လုပ်ငန်းဆောင်ရွက်မှုစနစ် မကောင်းလျှင် အောင်မြင်မှုမရနိုင်သဖြင့် လုပ်နည်းကိုင်နည်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် အဆိုပါစနစ်ကို အကောင်အထည်ဖော်သူများနှင့် ပညာရှင်များ ပူးပေါင်းညှိနှိုင်း၍ နည်းလမ်းကောင်းများ ဖော်ထုတ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ရက် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသော်လည်း စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှာ အစပျိုးအဆင့်သာရှိနေသေးသည်ကို e-Government အညွှန်းကိန်းများက သက်သေပြနေသည်။ ယမန်နှစ်က e-Government အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် အဆင့် ၁၆၉ တွင်သာ ရှိနေသေးသဖြင့် အဆင့်မြင့်တက်လာအောင် ကြိုးပမ်းအားထုတ်ဖို့ လိုအပ်လာသည်။

နည်းပညာလုပ်ငန်းသည် အင်တာနက်ကို အသုံးပြုလုပ်ကိုင်ရသည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အင်တာနက်ကို အထိုက်အလျောက် အသုံးပြုလွယ်သော အနေအထားတွင်ရှိနေသည်။ သို့ရာတွင် ၂၀၀၄ ခုနှစ်မှစတင်၍ ဌာနဆိုင်ရာကွန်ရက်များ ထူထောင်ခဲ့သော်လည်း တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်သေးသည်မှာ လုပ်ငန်းဆောင်ရွက်မှု အားနည်းမှုဟု ဆိုနိုင်သည်။ အခြားအချက်မှာ ငွေကြေးအရင်းအနှီးများစွာ မြှုပ်နှံရသည့် လိုအပ်ချက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ညွှန်းဆိုပြသော e-Government စနစ်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ အဆိုပါ လုပ်ငန်းကို အစိုးရတစ်ရပ်တည်းဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်မှာ မလွယ်ကူသဖြင့် ပုဂ္ဂလိကအပိုင်းမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုမည်ဖြစ်သည်။

အဓိကမှာ တစ်နိုင်ငံလုံး အင်တာနက်ဖွံ့ဖြိုးမှု လွှမ်းခြုံဆောင်ရွက်နိုင်ပြီး လုပ်နည်းကိုင်နည်းများ ပိုမိုကောင်းမွန်လာအောင် နည်းပညာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ နည်းပညာဆိုင်ရာ ပုဂ္ဂလိကကဏ္ဍ ခိုင်မာအားကောင်းလာအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် e-Government စနစ် တဖြည်းဖြည်း အောင်မြင်လာမည်ဟု ယုံကြည်ပါသည်။ ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဟန်းဆိုင်ဒယ် ဖောင်ဒေးရှင်း၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဟန်းဆိုင်ဒယ် ဖောင်ဒေးရှင်း (Hanns Seidel Foundation) ၏ ဌာနေကိုယ်စားလှယ် Mr. Achim Munz နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီဖက်ဒရယ်စနစ်နှင့်ပတ်သက်သည့် အတွေ့အကြုံများ၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်နှင့် Hanns Seidel Foundation တို့အကြား ကူညီပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဆင်စွယ်နှင့် အရိုးအစားထိုးကုသမှု မြန်မာ့အောင်ပွဲ စာတမ်းဖတ်ကြား

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံက လက်ခံကျင်းပသည့် (၄၉)ကြိမ်မြောက် အရှေ့တောင်အာရှ အရိုးအထူးကုဆရာဝန်များ ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ် ဟိုတယ်၌ကျင်းပရာ ပိုလန်အရိုးအထူးကုဆရာဝန် ဒေါက်တာ ဘာတက် ဇော့စတာကိုစကီးက ကွယ်လွန်သူ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးစံဘော်အကြောင်း ဆင်စွယ်နှင့် အရိုးအစားထိုးကုသမှု မြန်မာ့အောင်ပွဲ စာတမ်းကို ဖတ်ကြားသည်။

"ဦးစံဘော်က ၁၉၅၈ ခုနှစ် နောက်ပိုင်းကနေ ၁၉၇၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံရဲ့ ထူးချွန်ပြောင်မြောက်တဲ့ အရိုးဆရာဝန်ကြီးတစ်ယောက်အနေနဲ့ နိုင်ငံတကာအသိ၊ ကမ္ဘာအသိ ဖြစ်ခဲ့တယ်၊ ဒီလို ထူးချွန်ပြောင်မြောက်တဲ့ ဆရာဝန်ကြီး ရှိတယ်ဆိုတာကို မျိုးဆက်သစ်တွေသိအောင်၊ ကိုယ့်နိုင်ငံကို ဂုဏ်ယူနိုင်အောင် သမိုင်းမှတ်တမ်း တစ်ခုအနေနဲ့ မှတ်တမ်းတင်ပြီး အတ္ထုပ္ပတ္တိကို တိတိကျကျ ထားခဲ့ချင်တယ်"ဟု ကွန်ဖရင့်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ အရိုးအထူးကု ဆရာဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာ ဦးမြင့်သောင်းက ပြောသည်။ အရိုးအဆစ် အစားထိုးခွဲစိတ်ကုသမှုပညာနှင့် ပတ်သက်သည့် ပညာရပ်များ၊ အတွေ့အကြုံများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဝိုင်းဝန်း ဆွေးနွေးသွားကြမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အရိုးအထူးကုဆရာဝန်များအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လွန်ခဲ့သည့် နှစ်နှစ်မှ စတင်ဝင်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

အာဆီယံနိုင်ငံများအပြင် အမေရိကန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်နှင့်အာရှပစိဖိတ်အဖွဲ့များမှ ပညာရှင် ၄၅ ဦး ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ဇာနည်မောင်**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၃၀၀၀ | - | ၉၃၃၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၃၀၀၀ | - | ၉၃၃၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၄၅/၇၅၅ ကျပ်၊ | ၇၇၅/၇၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၅/၈၀၀ ကျပ်၊ | ၈၉၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၅၀/၇၆၀ ကျပ်၊ | ၈၀၅/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၁၅/၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅/၇၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၁.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၂၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၇၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၂၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၄.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၁၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၉.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့



သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ပထမနေ့ကျင်းပစဉ်။

❂ ရွှေဖုံးမှ

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူရာတွင် သံဃာကွဲပြားနေလျှင် ငြင်းခုံမှုဝိဝါဒ၊ ဆန့်ကျင်မှုဝိဂ္ဂဟ၊ ကိုယ်နှုတ်ထိပါးခိုက်ရန်ပွားမှု ကလဟ စသည်တို့ဖြစ်ကြ၍ လူနတ်ပြဟ္မာ သတ္တဝါတို့ ဒုက္ခကြီးစွာ ရောက်ကြရမည်သာဖြစ်ပါကြောင်း၊ အကြင်မြို့၊ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၌ အချင်းချင်း စိတ်ဝမ်းကွဲပြားကြလျှင် ထိုမြို့၊ ထိုရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် မချမ်းသာဘဲ ဆင်းရဲနေမည်သာဖြစ်ပါကြောင်း။

သံဃာညီညွတ်နေလျှင် ငြင်းခုံမှုဝိဝါဒ၊ ဆန့်ကျင်မှုဝိဂ္ဂဟ၊ ကိုယ်နှုတ်ထိပါးခိုက်ရန်ပွားမှု ကလဟစသည်တို့ မဖြစ်ကြရသဖြင့် လူနတ်ပြဟ္မာ သတ္တဝါတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြရမည်သာ ဖြစ်ပါကြောင်း၊ အကြင်မြို့၊ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၏ အချင်းချင်း စိတ်ဝမ်းမကွဲ တစ်သားတည်း ညီညွတ်နေလျှင် ထိုမြို့၊ ထိုရွာ၊ ထိုတိုင်းပြည်၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေမည်သာ ဖြစ်ပါကြောင်း။

သံဃာညီညွတ်ရုံသာ ညီညွတ်၍ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို အားမထုတ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြမည်မဟုတ်ပါကြောင်း၊ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများကြိုးကုတ် အားထုတ်မှသာ ချမ်းသာသုခကို ရနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများကြိုးကုတ် အားထုတ်ခြင်းကို "တပေါသုခ" ဟုခေါ်ဆိုရပါကြောင်း။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များနှင့် ထက်အောက်ညှိနှိုင်းပွဲ၊ သံဃနာယကဝိနည်းဓိုရ်သင်တန်းများကဲ့သို့သော လုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်၍ မပြတ်ထိတွေ့ခဲ့ကြပါကြောင်း၊ အကျိုးရလဒ်မှာ အောက်အဖွဲ့အစည်းများ၏ လုပ်ငန်းအခက်အခဲများ သိရှိနိုင်ခြင်း၊ အထက်အဖွဲ့အစည်း၏ မူဝါဒနှင့် လုပ်ငန်းစဉ်ကို ချပြဆွေးနွေးနိုင်ခြင်း၊ ပုဂ္ဂိုလ်ချင်း ရင်းနှီးကျွမ်းဝင်မှုပိုမိုရရှိခြင်း စသည်တို့ဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ်မှ ယခုသတ္တမအကြိမ် သက်တမ်းပြည့်ရန် နီးကပ်နေသည့်ကာလအထိ သံဃနာယက၊ သံဃာ့ဝန်ဆောင်နှင့် ဝိနည်းဓိုရ်သင်တန်း နှစ်ကြိမ်ပြုလုပ်ခဲ့သည်မှအပ ထက်အောက်ညှိနှိုင်းပွဲများ မပြုလုပ်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်ရာ ပုဂ္ဂိုလ်ချင်း တွေ့ထိ၍ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာကို ဖော်ကျူးနိုင်ရန်နှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများ၊ လုပ်ထုံးများ၊ ဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်၊ အတွေ့အကြုံများ၊ အမြင်များဖလှယ်နိုင်ရေး၊ သံဃသာမဂ္ဂီသုခ ရရှိရေး နိုင်ငံတော်သံဃမဟာနာယက တစ်ဖွဲ့တည်းသာမက အောက်အဖွဲ့များနှင့်လည်း ညီညီညွတ်ညွတ်တိုင်တိုင်ပင်ပင် ဆောင်ရွက်နိုင်ရေး၊ အထက်အောက် ညှိနှိုင်းပွဲများပြုလုပ်နိုင်ရေး ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျှောက်ထားအပ်ပါကြောင်း။

အများစုကိုးကွယ်သော ဗုဒ္ဓဘာသာအဆုံးအမများ ချွတ်ယွင်းမှု၊ လိုအပ်မှုများ ပေါ်ပေါက်မည်ဆိုပါက မြန်မာနိုင်ငံတော်သည်လည်း တည်ငြိမ်မှု၊ အေးချမ်းမှု၊ ဖွံ့ဖြိုးမှုများမရှိနိုင်ဟု ယူဆပါကြောင်း၊ ရဟန်းသံဃာတော်များ စုစည်းညီညွတ်လျက် သမ္မပ္ပဓာန်လုံ့လအားထုတ်မှုဖြင့် ဗုဒ္ဓသာသနာတော်အတွက်သာမက မြန်မာနိုင်ငံတော်တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သံဃာတော်အားလုံးကလည်း ဘုရားရှင်၏ လမ်းညွှန်ဒေသနာတော်များနှင့်အညီ ပါဝင်ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု မှတ်ယူထားပါကြောင်း၊ နိုင်ငံအတွင်း ဖြစ်ပေါ်တတ်သော မညီညွတ်မှု၊ မအေးချမ်းမှုများကို ညီညွတ်အေးချမ်းမှုများ ရရှိလာအောင် နိုင်ငံသူနိုင်ငံသားအားလုံး တစ်ဦးအပေါ်တစ်ဦး စာနာထောက်ထားပြီး အကျိုးလိုလားသော မေတ္တာ စေတနာများဖြင့် အချင်းချင်း ကူညီရိုင်းပင်းလျက် အေးချမ်းဖွံ့ဖြိုးတိုးတက်သော လူသားများအဖြစ် ရှင်သန်နေထိုင်ခွင့်ရရှိအောင် ဘုရားတပည့်တော်များက ဓမ္မဝိနယနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု မှတ်ယူပါကြောင်း မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ညီညွတ်ရေးအတွက် လည်းကောင်း၊ အောက်ခြေတွင် ဖြစ်ပျက်နေသော အခြေအနေမှန်များကို သိရှိပြီး လက်တွေ့ကျကျ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ၊ ညွှန်ကြားလွှာများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များ၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့နှင့် မြို့နယ်သံဃနာယကအဖွဲ့များ၊ မြို့နယ် သံဃနာယကအဖွဲ့များနှင့် ရပ်၊ ကျေးသံဃနာယကအဖွဲ့များအနေဖြင့် ခြောက်လတစ်ကြိမ်၊ သို့မဟုတ် တစ်နှစ်တစ်ကြိမ် သက်ဆိုင်ရာ နေရာဒေသအလိုက် အထက်အောက်ညှိနှိုင်းပွဲများ ကျင်းပသင့်ပါကြောင်း။

သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်သိပ်သည်းခိုင်မာပါမှ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူသော လုပ်ငန်းများဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ချမှတ်ထားသော မူဝါဒများဖြစ်သော စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏သဘောထားနှင့်ဆန္ဒကို အများက လေးစားခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်တို့ကို အောက်အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်ကို အထက်အဖွဲ့အစည်းက အလေးဂရုပြု အရေးယူဆောင်ရွက်ခြင်းတို့ကို ဓမ္မဝိနယနှင့်အညီ ပြုလုပ်သွားမည်ဆိုပါက ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ မူလရည်ရွယ်ချက်ဖြစ်သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများ အစဉ်သဖြင့် အောင်မြင်ပြီးမြောက်လျက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင် ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာ့ရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာ ကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။ **သတင်းစဉ်**

## ✳ ကျောဖုံးမှ

ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊ စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးတို့ ချမှတ်ထားပါကြောင်း။

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်(၁၂)ချက် ချမှတ်ထားကာ ယင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကော်မတီကို အထောက်အကူပြုရန်အတွက် ဆပ်ကော်မတီ(၉)ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များအတိုင်း အကောင်အထည်ဖော် ကျင်းပသွားရမည်ဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြီး နိုင်ငံရေးအနှစ်သာရ ပြည့်စုံစွာဖြင့် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများအလိုက် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့် ပုံစံအတိုင်း နံနက်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်ဟူ၍ အစီအစဉ်နှစ်ပိုင်း ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များနှင့် ပြည်တွင်းပြည်ပက အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သဖြင့် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများအပေါ်အခြေခံ၍ ယခုနှစ်တွင် ချို့ယွင်းချက်၊ အားနည်းချက်များ မရှိစေရန်နှင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန် ကော်မတီအားလုံးက စေ့စေ့စပ်စပ်ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီ(၉)ခုဖြစ်သည့် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဆပ်ကော်မတီများအလိုက် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပညာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ် နေ့သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ် နေ့သင်တန်းများကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၁၅ ရက်မှစပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာန website http://www.myanmar-education.edu.mm/ တွင်လည်း ကြေညာထားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်နှင့် အထက်သင်တန်းများအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အာရှ-ပစိဖိတ်ဒေသတွင်း ခေါင်းဆောင်များအစည်းအဝေးတွင် သမ္မတထရန့် မိန့်ခွန်းပြောကြား




**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်) ထိပ်သီးအစည်းအဝေးမကျင်းပမီ ဒေသတွင်းခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့သည်။

မိန့်ခွန်းပြောကြားရာတွင် သမ္မတထရန့်က အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒကို ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးဆောင်ရွက်မှုတွင် အကျိုးအမြတ်ညီတူညီမျှ ရရှိမှုကိုသာ အလိုရှိပါကြောင်းနှင့် မျှတပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းမှုရှိသော ကုန်သွယ်မှုဆက်ဆံရေးရှိစေရန် ဒေသတွင်းနိုင်ငံများအား တိုက်တွန်းပြောကြားလိုပါကြောင်း သမ္မတထရန့်က ၎င်း၏ မိန့်ခွန်းထဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတကာလုံခြုံရေးနှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနျူကလီးယား ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဒေသတွင်းနိုင်ငံများအနေဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်ရန်နှင့် ဖိအားများပိုမိုပေးရန် လိုအပ်ကြောင်း သမ္မတထရန့်က တိုက်တွန်းပြောကြားခဲ့သည်။

ဒေသတွင်းနိုင်ငံများ၏ အနာဂတ်သည် အာဏာရှင်တစ်ယောက်၏ လှည့်ကွက်ထဲတွင် ဓားစာခံအဖြစ် ရှိမနေသင့်ကြောင်း ဒေသတွင်းခေါင်းဆောင်များအား ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ရန် မြို့တော်နယူးဒေလီသို့ ယာဉ်အကြီးစားများ ဝင်ရောက်မှုပိတ်ပင်

**နယူးဒေလီ နိုဝင်ဘာ ၁၀**

လူအသေအပျောက် ရှိနိုင်လောက်သည့် မီးခိုးမြူများ လေးရက်ဆက်တိုက် လွှမ်းခြုံနေသည့် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမြို့တွင်းသို့ လေထုညစ်ညမ်းမှုဆိုးရွားနေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ကုန်တင်ယာဉ်များနှင့် အကြီးစားယာဉ်ကြီးများ ဝင်ရောက်မှု မပြုလုပ်ရန် နိုဝင်ဘာ ၁၀ ရက်တွင် တားမြစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



မြို့တော်နယူးဒေလီ၏ အိမ်နီးချင်းပြည်နယ်များဖြစ်သော ဟာယာနာနှင့် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တို့မှ အရွယ်အစားကြီးမားသော မော်တော်ယာဉ်များ မြို့တော် နယ်နိမိတ်အတွင်းသို့ မဝင်ရောက်ရန် တားမြစ်ထားကြောင်း ဒေလီရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဒေလီနှင့် ထိစပ်နေသည့် နယ်စပ်ဒေသအားလုံးသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့များ ဖြန့်ကြက်ထားကြောင်း၊ မြို့တော်ဒေလီသို့ ဦးတည်လာသော အကြီးစားယာဉ်များကို မြို့တော်နယ်နိမိတ်အတွင်းမှ ပြန်လည်ထွက်ခွာသွားရန် ညွှန်ကြားမည်ဖြစ်ကြောင်း ဒေလီရဲတပ်ဖွဲ့ ဒုတိယရဲမင်းကြီး ဒီကေဂုတ်ပတားက သတင်းမီဒီယာသို့ ပြောကြားသည်။

မြို့တော်ဒေလီ၌ မရှိမဖြစ် လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသည့် အကြီးစားယာဉ်ကြီးများ၏ ဝင်ရောက်ခွင့်ကိုမူ ကန့်သတ်မထားကြောင်း ဒေလီရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဒေလီ၏ လေထုညစ်ညမ်းမှုအဆင့်သည် မြို့တော်၏ ဒေသအချို့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လက်ခံနိုင်သည့် သတ်မှတ်ချက်ပမာဏထက် အဆ ၃၀ မျှ ပိုမိုမြင့်မားနေသည်။ **ဆင်ဟွာ။**

# အာဖဂန်နစ္စတန် အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် တာလီဘန်နှင့် အိုင်အက်စ်တို့ တိုက်ခိုက် စစ်သွေးကြွ ခုနစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ဂျလာလာဘတ် နိုဝင်ဘာ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် နိုဝင်ဘာ ၉ ရက်က ပြိုင်ဘက် စစ်သွေးကြွသောင်းကျန်းသူအုပ်စု နှစ်ခုဖြစ်သည့် တာလီဘန်စစ်သွေးကြွလက်နက်ကိုင်များနှင့် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၎င်းနှစ်ဖွဲ့မှ စစ်သွေးကြွခုနစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

သေဆုံးသူ စစ်သွေးကြွခုနစ်ဦးမှာ အိုင်အက်စ်အဖွဲ့မှ လေးဦးနှင့် တာလီဘန်သောင်းကျန်းသူ သုံးဦးတို့ဖြစ်ပြီး တာလီဘန်သောင်းကျန်းသူ လေးဦးမှာ ဒဏ်ရာအနည်းငယ်စီ ရရှိကြကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ ခိုဂါရာနီခရိုင် တန်ဂီဒေသတွင်းရှိ ပြိုင်ဘက်စစ်သွေးကြွအုပ်စုများအကြား နိုဝင်ဘာ ၉ ရက် အနှောင်းပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူက သတင်းထောက်များအား ပြောကြားသည်။

နန်ဂါဟာပြည်နယ် ခိုဂါရာနီခရိုင်တွင် နိုဝင်ဘာ ၉ ရက်က တိုက်ခိုက်မှုများဖြစ်ပွားပြီး တာလီဘန်စစ်သွေးကြွအဖွဲ့နှင့် အိုင်အက်စ်အဖွဲ့တို့မှ စစ်သွေးကြွ ၁၁ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အာဖဂန်နစ္စတန် အရှေ့ပိုင်းဒေသ စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ရှီယာအကွာဖာကျီရီက တစ်ချိန်တည်းတွင်ပင် ပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တာလီဘန်စစ်သွေးကြွ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် အိုင်အက်စ်အဖွဲ့တို့က မှတ်ချက်ပေးပြောကြားခြင်း မရှိပေ။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံလုပ် ခရီးသည်တင်ဂျက်လေယာဉ် စီ-၉၁၉ ကို ခရီးဝေးပျံသန်းမှု စမ်းသပ်

**ရှန်ဟိုင်း နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် အကြီးစားခရီးသည်တင် ဂျက်လေယာဉ် စီ-၉၁၉ အား ခရီးရှည် စမ်းသပ်ပျံသန်းမှုကို နိုဝင်ဘာ ၁၀ ရက်တွင် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သည်။

စီ-၉၁၉ ခရီးသည်တင်ဂျက်လေယာဉ်သည် ရှန်ဟိုင်းမြို့ ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုဝင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၈ မိနစ်တွင် စတင်ပျံသန်းခဲ့ပြီး ရှန်စီးပြည်နယ် မြို့တော်ရှီအန်းမြို့ ယန်လီယန်စမ်းသပ်ရေး အခြေစိုက်စခန်းသို့ မွန်းလွဲ ၂ နာရီဝန်းကျင်တွင် ဆိုက်ရောက်လာခဲ့သည်။ ခရီးသည်တင် ဂျက်လေယာဉ်ကြီး စီ-၉၁၉ ၏ ခရီးဝေးစမ်းသပ်ပျံသန်းမှုတွင် လေယာဉ်အဖွဲ့သား ငါးဦးလိုက်ပါခဲ့ပြီး ခရီးတာအကွာအဝေး ကီလိုမီတာ ၁၃၀၀ ကျော် အမြင့်မီတာ ၇၈၀၀ မှ ပျံသန်းခဲ့ကြောင်း ယင်းလေယာဉ်ကို တည်ဆောက်ထုတ်လုပ်ခဲ့သည့် ရှန်ဟိုင်းမြို့ အခြေစိုက် တရုတ်ကုန်သွယ်ရေးဆိုင်ရာ လေယာဉ်ကော်ပိုရေးရှင်း (စီအိုအမ်အေစီ)က ပြောကြားသည်။

စီ-၉၁၉ ခရီးသည်တင်ဂျက်လေယာဉ်သည် လေကြောင်းဆိုင်ရာ ပျံသန်းနိုင်သည့် တရားဝင် အထောက်အထားရရှိရေးအတွက် ယန်လီယန်အခြေစိုက်စခန်းတွင် အခြားသော စမ်းသပ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

စီ-၉၁၉ ခရီးသည်တင်ဂျက်လေယာဉ်၏ ပထမဆုံး စမ်းသပ်ပျံသန်းမှုကို ယခုနှစ် မေလအတွင်းက ပြုလုပ်ခဲ့ပြီး ယခုပျံသန်းမှုအပါအဝင် စုစုပေါင်း ခြောက်ကြိမ်ခန့် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ စီအိုအမ်အေစီသည် ယင်းအမျိုးအစား လေယာဉ်ခြောက်စင်းကို တည်ဆောက်သွားရန် အစီအစဉ်ရှိပြီး ဒုတိယမြောက် စီ-၉၁၉ အမျိုးအစား ခရီးသည်တင်ဂျက်လေယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် စမ်းသပ်ပျံသန်းမှုပြုနိုင်မည်ဟု မျှော်လင့်ထားသည်။

စီ-၉၁၉ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသည် ယင်း၏ ဖောက်သည် ၂၇ ဦးထံမှ လေယာဉ်အစင်းရေ ၇၃၀ ထုတ်လုပ်ပေးရန် အမှာစာရရှိထားသည်။ စီ-၉၁၉ လေယာဉ်သည် ခရီးတာ ၄၀၇၅ ကီလိုမီတာအထိ ပျံသန်းနိုင်ပြီး မွမ်းမံအဆင့်မြှင့်ထားသည့် အဲဘတ် အေ-၃၂၀ နှင့် မျိုးဆက်သစ် ဘိုးရင်း-၇၃၇ အမျိုးအစား ခရီးသည်တင်ဂျက်လေယာဉ်များနှင့် ယှဉ်ပြိုင်နိုင်သည်။

**ဆင်ဟွာ။**



# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြု

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ဆွေးနွေးဆုံးဖြတ် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုသည်။

အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် ပါဝင်သော သုံးငွေစိစစ်လျှော့ချမှုအပါအဝင် တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ထားသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ သဘောထားရယူ၍ ယင်းဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကလည်း လွှတ်တော်သို့ ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး ကိစ္စနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

**ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်**က ယနေ့ခေတ် မိမိတို့နိုင်ငံသည် လူသားရွှေ့လျားမှု လွန်စွာမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူငါးဦးတွင် တစ်ဦးသည် ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေပါကြောင်း၊ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် ပြည်ပတွင်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းသည် ပြည်တွင်း၌လည်းကောင်း ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိကြောင်း။

IOM ၏ ၂၀၀၉ ခုနှစ် အစီရင်ခံစာအရလည်း မြန်မာလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သည် ပြည်ပတွင် တရားမဝင် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ဆယ်စုနှစ်နှစ်ခုကျော်အတွင်း သုံးသန်း၊ လေးသန်းခန့်ရှိသည်ကို မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၂၅ နှစ်အတွင်း တရားဝင်အလုပ်သမားဦးရေ နှစ်သိန်းခွဲကျော်ရှိကြောင်း။

ရွှေ့ပြောင်းသွားလာမှုသည် ငွေကြေးနှင့် လူသားအရင်းအမြစ်တို့ကို ထုတ်လုပ်ပေးသည်သာမက ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုနိုင်မည်ဆိုပါက ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်မည့် တွန်းအားတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က ရွှေ့ပြောင်းလုပ်သား အကာအကွယ်ပေးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေသည်ဆိုသော်လည်း ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အခြေခံလုပ်သား အခွင့်အရေးများ ချိုးဖောက်ခံရခြင်း၊ လုပ်ခလစာမရခြင်းများ ကြုံတွေ့နေရသကဲ့သို့ အလုပ်ရှင်နှင့် ပွဲစားများက နှိပ်စက်ညှဉ်းပန်းမှုများကိုလည်း ခံစားနေကြရပြီး တစ်ခါတစ်ရံ အသက်ဆုံးရှုံးရသည်အထိ အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း။

စာချုပ်ပါ အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ အများဆုံး သွားရောက်လုပ်ကိုင်သည့် ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံများ ပါဝင်ပါကြောင်း၊ သဘောတူညီချက်၏ အခန်း (၈)ခန်းမှာလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေး၊ စေလွှတ်သည့် နိုင်ငံနှင့် လက်ခံသည့်နိုင်ငံများ၊ တာဝန်ဝတ္တရားနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များ ပါဝင်ပါကြောင်း။

မိမိတို့တိုင်းပြည်၏ အခြေအနေအရ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမည့် တွန်းအားမျိုး ရရှိမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံမှ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရာရောက်သကဲ့သို့ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများအတွက်လည်း မြှင့်တင်ပေးရာရောက်သည့်အတွက် မြန်မာနိုင်ငံမှ အဆိုပါသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် သဘောတူထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က** မြန်မာနိုင်ငံလူဦးရေ၏ ၅ ရာခိုင်နှုန်းကျော်သည် အာဆီယံနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အလုပ်လုပ်နေကြပါကြောင်း၊ အရှေ့တောင်အာရှ ၁၀ နိုင်ငံထဲတွင်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို အဓိကချိုးဖောက်ခံခဲ့ရသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယား၊ လာအိုနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများ အဓိကပါဝင်ပါကြောင်း။

ယနေ့အချိန်အထိ အာဆီယံ ၁၀ နိုင်ငံတွင်း ယခုကဲ့သို့ ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများကို ကာကွယ်ပေးသည့် သဘောတူညီချက်မရရှိသေးသည့်အတွက် မြန်မာနိုင်ငံမှ သန်းနှင့်ချီသော ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို မကြာခဏဆိုသလို ချိုးဖောက်ခံနေကြရပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများက ကူညီသော်လည်း အာဆီယံနိုင်ငံအချင်းချင်း သဘောတူညီမှု လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် အခက်အခဲများ ကြုံတွေ့နေကြရပါကြောင်း။

ဤသဘောတူညီချက်ကို ပါဝင်လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံလူဦးရေ၏ ၅ ရာခိုင်နှုန်းကျော်ခန့် အာဆီယံနိုင်ငံရှိ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများလုံခြုံအောင် ကာကွယ်ပေးနေသကဲ့သို့ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ ကချင်ပြည်နယ်မဲဆန္ဒ နယ်အမှတ် (၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်နှင့် ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က အပြုသဘောဆောင်ပြီး ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ မြှင့်တင်နိုင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအတွင်း ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့် အညီ သဘောတူညီချက်ပါ သတ်မှတ်ဖော်ပြထားသည့် ကတိကဝတ်များကို ကျင့်ဝတ်အရ လေးစားလိုက်နာနိုင်ရန်အတွက် ရေးဆွဲထားသည့် သဘောတူညီချက်ဖြစ်ပါကြောင်း၊ ယင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုးနိုင်ပါက ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက် ထွက်ပေါ်လာမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် စံသတ်မှတ်ချက်တစ်ခု ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်း အလုပ်သမားများ အနေဖြင့်လည်း အာဆီယံဒေသတွင်း ရွှေ့ပြောင်း သွားလာသည့်အခါ အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်မှုများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ သဘောထားရယူပြီး သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**သတင်းစဉ်**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၏ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံ တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ ဌာနေကိုယ်စားလှယ် Mr. AchimMunz နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော် (J)ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ရေးရာ စာစောင်များကို ပေးအပ်လိုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ နိုဝင်ဘာ ၉ ရက်ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၅-၉-၂၀၁၇ ရက်နေ့မှ ၂၀-၁၀-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းခြောက်ဦး၊ အထွေထွေ ၁၀ ဦး ပေါင်း ၁၈ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ လေးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၆၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၃၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၈၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၈၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကမ္ဘာတစ်ခွင်မှာ မြန်မာအထင်အရှား

## ၂၀၁၇ ခုနှစ်၊ ၉၇ နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

☆ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊

☆ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊

☆ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

ခင်လေးသက်

**မှားမိုက်လှစွာ၊ ကိုယ်မှီရာကို**
**ကိုယ်သာဖျက်ဆီး၊ ဖိကာစီးသည်**
**မှူးကြီးမတ်ငယ်၊ မာလောနွယ်သို့**
**ဝှက်ကွယ်လှည့်ဝိုက်၊ သူ့ဖက်လိုက်၍**
**စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်**
**နှစ်ဆယ့်ခုနစ်နှစ်၊ နန်းစံရှစ်တွင်**
**ကသစ်ဘုံနေ၊ သိကြားကြွေသို့**
**ချက်ရွှေသိုရာ၊ မန်းပြည်သာမှ**
**- - - - - - - - - - - - - -**
**- - - - - - - - - - - - - -**

**ဆီးဘန်နီဆရာတော်**

မြန်မာ့သမိုင်းတွင် စိန်မှန်ကင်းအစစ်မှ ထင်းဖြစ်ခဲ့ရသော ဖြစ်ရပ်ကိုကား မြန်မာတို့ရင်ထဲတွင် ဘယ်သောခါ မေ့ပျောက်ပစ်နိုင်ပါအံ့နည်း။

နယ်ချဲ့အင်္ဂလိပ်၏ ကျားစဉ်းလဲတို့ မာယာအောက်တွင် ရိုးသားသော သူတစ်ဖက်သား အပေါ် မိမိနှင့် နှိုင်းကြည့်ယုံကြည်တတ်သည့် စိတ်အသိသာရှိခဲ့သော မြန်မာ့သားကောင်အဖြစ်သာ ခံခဲ့ရသည်သာတည်း။

"မြန်မာတို့သည် စိတ်ထား ကောင်းလွန်းသည်။ ကိုယ့်တိုင်းပြည် သူတစ်ပါးလက်ထဲရောက်သည့်အချိန်တိုင်အောင် ဘာသာရေးကိုကိုင်းရှိုင်းပြီး မိမိစိတ်ကို ဘာသာရေးနှင့်ထိန်းထားခြင်းကြောင့်လည်း သူတစ်ပါးကျွန်ဖြစ်ရသည်"ဟု မစ္စတာဖီးလ်ဒင်းဟောလ်က ဆိုခဲ့သည်။

နောက်ပြီး ဆရာကြီးဖီးလ်ဒင်းဟောလ်ကပင် "မြန်မာတို့၏ ကိုယ်ခန္ဓာကိုသာ ကျွန်အဖြစ်သိမ်းသွင်း၍ရမည်ဖြစ်သော်လည်း မြန်မာတို့၏ စိတ်ဓာတ်ကိုမူ ကျွန်အဖြစ်သိမ်းသွင်းရနိုင်မည်မဟုတ်"ဟုလည်း အတိအလင်းဆိုထားပြန်၏။

မစ္စတာဖီးလ်ဒင်းဟောလ်သည် စစ်ပွဲများတွင်လည်း ပါဝင်တိုက်ခိုက်လျက် တရားသူကြီးအဖြစ်၊ မြို့နယ်အုပ်ချုပ်ရေးအရာရှိကြီးအဖြစ် မြန်မာနိုင်ငံတွင် အုပ်ချုပ်ခဲ့သော ဗြိတိသျှလူမျိုးစစ်စစ်ဖြစ်ပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ဘဝသို့ လုံးဝကျရောက်ခဲ့ရသော မြန်မာနိုင်ငံ၏နေဝင်ချိန်ကိုကား ပြန်မတွေးချင်၊ မရေးချင်၊ သို့ပေမယ့် မတွေးချင်လည်း သိနေရမည်၊ မရေးချင်လည်း ရင်ထဲအသွေးအသားထဲမှာ ကမ္ပည်းတင်ပြီး ဖြစ်နေရမည်။

၁၈၂၄ ခုနှစ် ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ်၊ မြန်မာ ပထမစစ်ပွဲတွင် အာသံ၊ ရခိုင် ၊ တနင်္သာရီတို့ကို ရန္တပိုစာချုပ်ဖြင့်လည်းကောင်း၊ ၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက်တွင် ပဲခူးတိုင်းအထိလည်းကောင်း၊ ထိုသို့ အောက်မြန်မာနိုင်ငံကို သိမ်းယူအုပ်ချုပ်ပြီးသော် အထက်မြန်မာနိုင်ငံအား အကွက်ချောင်းနေသော ကျားစဉ်းလဲသည် ဘယ်နေ့ ဝါးမျိုနိုင်လိမ့်မလဲ။ ပရိယာယ်မာယာ ထောင်ချောက်ပေါင်းများစွာဖြင့်စောင့်နေခဲ့၏။

တစ်ခုရှိသည်မှာ "သမိုင်းအထောက်အထားများဖြင့် ခြုံငုံ၍ဆိုရလျှင် မိမိနိုင်ငံအတွင်း စည်းလုံးညီညွတ်မှုမရှိခြင်း၊ ငါသာလျှင် အထင်နှင့် ငါတကော ကောနေကြခြင်း၊ ပတ်ဝန်းကျင်ကို သတိမမူ ပြင်ပဗဟုသုတ နည်းခဲ့ကြခြင်း စသည်များက မိမိတို့ဘက်မှ အားနည်းချက်များ"ဟု ပညာရှင်များက ဆိုခဲ့၏။

သို့သော် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကို ပြန်ကြည့်ရလျှင် နယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှုများ၊ မတရားဖိနှိပ်အနိုင်အထက်ပြုမှုများကြောင့်ဖြစ်ခဲ့ရသည့် တိုက်ပွဲများဖြစ်ရသည်။ မှန်၏။ နောင်အခါတွင်လည်း မိမိတို့ဘက်မှ အရေးနိမ့်ကောင်းနိမ့်မည်။ မှန်ပါ၏။ သို့ရာတွင် ၁၈၂၅ ခုနှစ် မဟာဗန္ဓုလ စစ်သူကြီး၊ စစ်သူရဲကောင်းကြီး ပုံးဆန်မှန်၍ ဓနုဖြူ၌ ကျဆုံးသွားခြင်းဖြင့် မြန်မာတပ်များ စိတ်ဓာတ်အင်အားများ ရုတ်ချည်း ကျဆင်းသွားသည်မျိုး ကြုံရသည်ကော မဖြစ်နိုင်ပေဘူးလား။

မဟာဗန္ဓုလကျလျှင် အင်္ဂလိပ်တို့ အတားအဆီးမရှိစစ်ထိုးခဲ့ကြ၏။ ရန္တပိုအရောက်တွင် မြန်မာတို့ အညံ့ခံ၍ စစ်ပြေငြိမ်းခဲ့ရသည်။ ရန္တပိုစာချုပ်ကို ၁၈၂၆ ခုနှစ် ဖေဖော် ဝါရီလ ၂၄ ရက်တွင် ချုပ်ဆိုသည်။

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲလည်း မြန်မာတို့အပေါ် အနိုင်အထက်ပြုမည်၊ အလွဲသုံးစားဖြင့် လုပ်ချင်သလိုလုပ်မည်၊ လူသတ်ချင်သတ်မည်၊ သူတို့လိုသည့် ရာဇသံတွေ ထုတ်မည်၊ စစ်ကြေညာမည်၊ နောက်ဆုံးစစ်ချီလာမည်၊ တိုက်မည်၊ အနိုင်ယူမည်နှင့် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလတွင် ပဲခူး၊ မုတ္တမဒေသတို့ကို အင်္ဂလိပ်က သိမ်းပိုက်ကြောင်း ကြေညာသည်။ အောက်မြန်မာပြည်တစ်ဝန်း အင်္ဂလိပ်လက်အောက် ကျရောက်ခြင်းဖြင့် ဒုတိယစစ်မီးငြိမ်းခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ။ ထိုအချိန်တွင်ကား တိုင်းပြည်ရေးရာ ရှုပ်ထွေးလှသည့်ကာလ။

စစ်ကိုမလိုလားသော မင်းတုန်းမင်းကြီးနှင့် စက်မှုကျွမ်းကျင်ဝါသနာထုံ၍ ခေတ်မီ စစ်လက်နက်များ တီထွင်လုပ်ကိုင်လိုသော ညီတော်အိမ်ရှေ့ဥပရာဇာ ကနောင်မင်းသားတို့ ပဋိပက္ခပွဲ၊ ထိုမှနောက်ဆက်တွဲဖြစ်လာသည့် ပဋိပက္ခပွဲများသည် မြန်မာတို့အတွက် ဝမ်းနည်းကြေကွဲစရာ သမိုင်းကြောင်းများဖြစ်ခဲ့ရသည် မဟုတ်ပါလား။ ကနောင်မင်းသားကျဆုံးခြင်းမှာ မြန်မာ့သမိုင်းဇာတ်လမ်းကို တစ်မျိုးတစ်ဖုံပြောင်းလဲစေသည်ဟု သမိုင်းဆရာတို့ဆိုစကားနှင့် နိုင်ငံသားအတော်များများ၏ အတွေးများကား မှန်ပါ၏။ ထားတော့။

၁၂၄၀ ပြည့်နှစ်တွင် မင်းတုန်းမင်းကြီး ကံတော်ကုန်သည်။ ထိုအခါ သားတော် သီပေါမင်း နန်းရလာသည်။ ထိုအချိန်က အင်္ဂလိပ်ပြည်တွင် ထီးနန်းစိုးစံအုပ်ချုပ်သူကား ဝိတိုရိယဘုရင်မကြီးဖြစ်သည်။ သူ၏ ချစ်ကြည်ရေးသဝဏ်လွှာကို အင်္ဂလန်မြေမှနေ၍ မြန်မာပြည် မြန်မာဘုရင် သီပေါမင်းထံသို့ လှမ်း၍ပို့ဆောင်ဆက်သခဲ့သည်။

အင်္ဂလန်နှင့် မြန်မာ နှစ်ပြည့်တစ်ပြည် ရွှေလမ်း၊ ငွေလမ်းဖောက် တစ်ဦးအကျိုးတစ်ဦးလိုလား ချစ်ကြည်လိုကြောင်း အဆွေတော် သီပေါမင်း စိုးစံအုပ်ချုပ်ချိန်မှာ မြန်မာပြည်သူပြည်သားအပေါင်း စည်ပင်ဝပြောလျက် ပျော်ရွှင်ချမ်းမြေ့စေရန် အကျိုးကို လိုလားစွာ ဆုတောင်း ပတ္ထနာ ပြုပါကြောင်း၊

ချိုလိုက်သည့်စကားလုံးများ။ အပြောချိုချို လုပ်ရပ်ခါးခါးဖြင့် ထွက်မယ့်ထွက်လာတော့ ဘီလူးထွက် ထွက်တတ်သည့်ဖြစ်ရပ်မှန်များကို အမှတ်ရစေခြင်းငှာ ဖော်ပြလိုက်မိခြင်းဖြစ်ပါသည်။ အချုပ်ဆိုရသော် မြန်မာနိုင်ငံကိုသိမ်းယူရန် ချောင်ပိတ်ဖမ်းလိုသည့် သူတို့အတွက်ကား တိုင်းရက်သည့်ကမ္ဘလာ မိုးရွာသည်နှင့်အသင့်၊ ကံ၊ ဉာဏ်၊ ဝီရိယ သည်သူတို့ဘက်မှာ ရှိသွားခဲ့၏။

မြန်မာနန်းတွင်းရေးပြဿနာများ၊ ညီနောင်ချင်းတွေ သတ်ကြဖြတ်ကြ ဝါးအစည်းပြေနေသည့်ကာလဖြစ်နေသည်က တစ်ကြောင်း၊ နောက်တစ်ခု ပြင်သစ်တို့နှင့် မြန်မာတို့ ချစ်ကြည်ရင်းနှီးစွာဆက်ဆံနေမှုကို အင်္ဂလိပ်တို့က အလိုမကျ၊ စိတ်မချ၊ ကိုယ့်ထက် လက်ဦးမှုရယူသွားလေမလား စိုးရိမ်စိတ်ကြောင့် ကိုယ်က လက်ဦးမှုရယူမှ အတွေးကတစ်ကြောင်းဖြင့် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်တွင် သီပေါဘုရင်အား ဖမ်းယူခေါ်ဆောင်လျက် မြန်မာ့နန်းဆက်ပြတ်ခဲ့လေတော့သာတည်း။

သီပေါမင်းအားခေါ်သွားပုံမှတ်တမ်းတွင် "၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ ဂေါ်ဝိန်ဆိပ် သူရိယမီးသင်္ဘောပေါ် သို့ ဖမ်းဆီးခဲ့၏။

၁၂၄၇ ခုနှစ် နတ်တော်လဆန်း ၂ ရက်နေ့ ရန်ကုန်ရောက်၏။ ရန်ကုန်တွင် လေးရက်တာ ရပ်နားခဲ့၏။

၁၂၄၇ ခုနှစ် နတ်တော်လဆန်း ၆ ရက်နေ့ ရန်ကုန်မှ ကန်နင်းမီးသင်္ဘောဖြင့် မဒရပ်သို့ ခေါ်ဆောင်ခဲ့၏။

ထိုမှတစ်ဆင့် ဘုံဘေမြို့ အနောက်ဘက်ရှိ ရတနာဂီရိသို့ ပို့ထားခဲ့လေသည်"ဟု မှတ်တမ်းတင်ထားခဲ့၏။

နိုင်ငံတစ်နိုင်ငံ၏ အထွတ်အထိပ်ထားရာ ဘုရင်တစ်ပါးဖြစ်ပါလျက်မှ ရန်သူ့အကျဉ်းသားဘဝအဖြစ်က တွေးရက်စရာ မရှိခဲ့။

ထိုဘဝနှင့်ပင် ကျားစဉ်းလဲအား အသနားခံရင်း တစ်ကျွန်းစံအကျဉ်းသားဘဝနှင့် ၃၁ နှစ်တိတိနေခဲ့ရပြီး ၁၂၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်နေ့ညသန်းခေါင်ယံတွင် ဆီးချိုရောဂါဖြင့် နတ်ရွာစံ ကံတော်ကုန်ခဲ့ရရှာလေတော့သည်သာတည်း။

သီပေါမင်းခမျာ နောက်ဆုံးအချိန်ကို စောင့်မျှော်ရင်းကာလ ၁၉၁၁ ခုနှစ်တွင် ဂျော့ဘုရင်သည် အိန္ဒိယပြည်သို့ ဘိသိက်ခံရန်ရောက်လေသည်။ သီပေါဘုရင်က နိုင်ငံရေးအရာရှိ မစ္စတာ "ရိုဆတ်"ထံမှတစ်ဆင့် ဘုံဘေဘုရင်ခံ၊ ထိုဘုရင်ခံမှ ဂျော့ချ်ဘုရင်သို့ စာတစ်စောင်ပေးသည်ဟု အပါးတော်မြဲ ဦးစံရွှေ၏ မှတ်စုတွင်ဖော်ပြထား၏။

ထိုစာကို အပါးတော်မြဲက မူရင်းအတိုင်းမကူးမိသော်လည်း အောက်ပါအဓိပ္ပာယ်မျိုးပါရှိကြောင်းဖြင့် မှတ်တမ်းတင်ထားသည်ဟု တွေ့ရ၏။

စာရေးသူငယ်စဉ်က သီပေါဘုရင်ရေးခဲ့သည့်စာကို ဖတ်မိတိုင်း ဖတ်မိတိုင်း တရှိုက်ရှိုက်ငိုခဲ့ရ၏။

သနားစိတ်၊ မခံချင်လွန်းသည့်စိတ်၊ ဒေါသဖြစ်စိတ်၊ ရင်နာသည့်စိတ်များဖြင့်၊ ရိုးသားလှသည့် ငါတို့ဘုရင် အစကတည်းကလည်း အညာခံခဲ့ရရှာသည်။ လက်ရှိဘဝတစ်လျှောက်လုံးလည်း အညာခံနေရပါကလားရယ်လို့ သူ့ခမျာမသိရှာ။ သိသည်ဆိုဦး ဒေါ့အပြင် မျှော်လင့်ချက်မရှိသည့် ဘဝအခြေမှာ ရလျှင် အမြတ်ကြီးပဲ ဟူသော ရောင်ခြည်ပြပြလေးလောက်ကိုပင် တကယ့်အားထားရာအဖြစ်။

"မိမိ(သီပေါဘုရင်)သည် ဂျော့ချ်ဘုရင်နှင့်တွေ့ဆုံ၍ မိမိအဖြစ်အပျက်ကိုပြောဆိုလိုသော်လည်း မိမိဖြစ်နေရသောဘဝက မသွားလာနိုင်၍ ဂျော့ချ်ဘုရင်အား ကိုယ်တိုင်မတွေ့ရသောကြောင့် ဝမ်းနည်းကြောင်း၊ စလေဒင်ကို (မန္တလေးနန်းတော်တွင်းမှ သီပေါဘုရင်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ)ငမောက်ကျောက်နီလက်စွပ်၊ စိန်နားပန်သေတ္တာကြီး နှစ်လုံး အပ်ထားသည်ကိုလည်း ပြန်၍ မရကြောင်း၊ မိမိကို ပထမအလိုရှိရာစာချုပ်ပြီး ပြန်လွှတ်မည်ဆိုထားသည့်အကြောင်း၊ နောက်ဥယျာဉ်တော်ကို ခေတ္တဆင်းရန်အကြောင်း စလေဒင်က တင်လျှောက်၍ တရွေ့ရွေ့ဖြင့် နန်းတော်ကြီးဥယျာဉ်တော်၊ ၎င်းက ရေဆိပ်၊ ၎င်းက ရန်ကုန်မြစ်ဝ၊ ၎င်းကမှ မဒရပ်၊ နောက် ရတနာဂီရိအထိခေါ်ဆောင်လာပြီး ယနေ့တိုင် ပြန်မပို့သေးကြောင်း၊ မိမိနိုင်ငံတော်ကို မိမိအားပြန်ပေးထိုက်ကြောင်း။"

သီပေါမင်းခမျာ ကျားစဉ်းလဲ၏လှည့်စားမှုအောက်က တစ်နေ့လွှတ်လိမ့်နိုး၊ မိမိနိုင်ငံကို ပြန်ပေးလိမ့်နိုး၊ ပြန်နိုင်လိမ့်နိုးဖြင့် နောက်ဆုံးတွင် ရေမြေရပ်ခြား အိန္ဒိယတွင်ပင် ဘဝနိဂုံးအဆုံးသတ်ခဲ့ရလေတော့သည်သာတည်း။

ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ အမျိုးသားနေ့ကို ရွေးသည့်အခါ ထို ပါတော်မူနေ့ကား အမင်္ဂလာဟု မှတ်ယူခဲ့ပါ၏။

"အမျိုးသားအောင်ပွဲနေ့"ဆိုသည်မှာ နယ်ချဲ့တို့၏ ကိုလိုနီပညာရေးစနစ်ဖိနှိပ်ချုပ်ချယ်မှုတို့ကို အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ဆန့်ကျင်တော်လှန်အောင်ပွဲခံခဲ့သော နေ့ထူးနေ့မြတ်ပင်မဟုတ်ပါလား။ အမျိုးသားနေ့ကို ပေါက်ဖွားစေခဲ့သော ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်သည် ကိုလိုနီပညာရေးစနစ်အား ဦးတည်ဆန့်ကျင်တိုက်ခိုက်ခဲ့ခြင်းသာမက နယ်ချဲ့တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဖိနှိပ်မှုများကိုလည်း တော်လှန်ခဲ့၏။

နယ်ချဲ့စနစ်ကို မြန်မာတစ်မျိုးသားလုံးသည် တက်ကြွနိုးကြားသော အသိစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ သွေးစည်းညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့်အခြေခံကာ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်မှ စတင်တိုက်ပွဲဝင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းတွင် အရေးပါသော၊ ထင်ရှားသော၊ မြန်မာအတွက် မင်္ဂလာရှိသောနေ့တစ်နေ့။

အမျိုးသားရေးနှင့် အမျိုးသားသွေးစည်းညီညွတ်မှုကိုစတင်ခဲ့သော မီးရှူးတန်ဆောင်နေ့။

အမျိုးသားစည်းလုံးမှုသည် နိုင်ငံအတွက်အင်အား၊ လူမျိုးအတွက်ခွန်အားဆိုသည့် မှန်ကန်သော အသိစိတ်ဓာတ်များပေါ်ပေါက်ခဲ့သောနေ့၊ မင်္ဂလာရှိသောနေ့။

ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးမျိုးစေ့ချပေးခဲ့သော၊ ပထမတက္ကသိုလ်သပိတ် မွေးဖွားပေးခဲ့သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ကြောင်း၊ ၁၉၂၁ ခုနှစ် အောက်တိုဘာလ၌ ကျင်းပခဲ့သော နဝမအကြိမ်မြောက် "ဂျီစီဘီအေ"ကွန်ဖရင့်တွင် ဆုံးဖြတ်အတည်ပြုခဲ့၏။ ယင်းသို့ ဆုံးဖြတ်ခဲ့မှုတွင် အဓိကအကြံပြုခဲ့သူသည် နေရှင်နယ် ဦးမြင့် ဖြစ်၏။

အမျိုးသားနေ့သတ်မှတ်ခဲ့မှုသမိုင်းကို နေရှင်နယ် ဦးမြင့် ကိုယ်တိုင်ရေးသားခဲ့သော "မော်ကွန်းတင်စာတမ်း"တွင် "အမျိုးသားနေ့သတ်မှတ်ရေးကိစ္စ တိုင်ပင်ဆွေးနွေးသောအခါ သူရိယသတင်းစာ ဦးတုတ်ကြီးက သီပေါဘုရင်နန်းကျသောနေ့ကိုလည်းကောင်း၊ ပျဉ်းမနား ဦးဒွေးက ဦးဥတ္တမထောင်ကျသောနေ့ကိုလည်းကောင်း သတ်မှတ်အကြံပြုကြပါတယ်။ ထိုအခါ ကျွန်တော်က ရန်ကုန်တက္ကသိုလ် သပိတ်ကိုယ်စားလှယ်အနေနှင့် နန်းကျသောနေ့၊ ထောင်ကျသောနေ့များဟာ မင်္ဂလာမရှိပါ။ အမင်္ဂလာဖြစ်ပါတယ်။ တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်တဲ့ကိစ္စဟာ အင်္ဂလိပ်ခေတ်တွင် အင်္ဂလိပ်ဩဇာအာဏာဥပဒေကို ပထမဆုံးတော်လှန်ပုန်ကန်တဲ့ကိစ္စဖြစ်ပါတယ်။ တစ်နိုင်ငံလုံးကို နိုးကြားထကြွ သတိရပြီး ဝံသာနုရက္ခိတတရား ထွန်းကားလာပါတယ်။ အဲဒီအကြောင်းအကျိုးတရားများကို ထောက်ထားဆင်ခြင်ပြီး ကျောင်းသားသပိတ်မှောက်သောနေ့ကို အမျိုးသားနေ့ဟုရွေးချယ်သတ်မှတ်ရန် အဆိုသွင်းခဲ့ပါတယ်"ဟူ၍ အသေးစိတ်မှတ်တမ်းတင်ခဲ့ပါ၏။

၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက် (၁၃၀၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) နေ့တွင် ကျရောက်ခဲ့သော ၂၆ နှစ်မြောက် အမျိုးသားနေ့၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဤသို့ သဝဏ်လွှာကို ရေးသားခဲ့ပါသည်။

"အမျိုးသားနေ့တွင် တစ်တိုင်းတစ်ပြည်လုံးရှိ လူထုကြီးသည် ဖဆပလနောက်တွင် ညီညွတ်စွာ ရှိနေကြပြီး လွတ်လပ်ရေးပန်းတိုင်သို့ မရောက်မချင်း လိုက်နာဆောင်ရွက်မည် ဟူသောအဓိဋ္ဌာန်ကို လေးမြတ်စွာပန်ဆင်ရန် လိုပေသည်။

"နယ်ချဲ့သမားတို့သည် ကုလား-ဗမာ၊ တရုတ်-ဗမာ၊ ကရင် အစရှိသည်အားဖြင့် လူမျိုးရေး ပဋိပက္ခဖြစ်မှုမျိုးအားပေးရန် ကြိုးပမ်းနေကြသည်။ ငါတို့ တိုင်းသူပြည်သားအားလုံးသည် လွတ်လပ်ရေးစခန်းကို မျက်ခြည်မပြတ်ဘဲ တန်းတန်းမတ်မတ်ချီတက်ကြရန်သာ အမြဲ သတိ သမ္မဇဉ် ဖြင့် ဆောင်ရွက်ကြစေသတည်း။"

ဖွဲ့မာန်၊ ခွန်အား၊ သတ္တိ၊ တက်ကြွ လှုံ့လရှိခဲ့ပြီးသော မြန်မာတို့ကား အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ဆိုခဲ့သည့်အတိုင်း သတိ သမ္မဇဉ်ကိုမမေ့မလျော့ မပေါ့မတန်အဓိဋ္ဌာန်ပြုထားကြပါက ဘယ်အခါတန်ခိုးညှိုးပါအံ့နည်း။

လွတ်လပ်ရေးတိုက်ပွဲလှုပ်ရှားမှုသမိုင်းဝင် ဝိုင်အမ်ဘီဆရာတင်၏ "ဒို့ဗမာ"သီချင်း၌ လောကဓံတရားကြောင့် ကံခေ၍ မြန်မာ့ထီးနန်းပျက်သုဉ်းခဲ့ရပုံနှင့် ဘဝအားမာန်ကို ပြန်လည်လှုံ့ဆော်ပေးရာတွင် ဟစ်ကြွေးပဲ့တင်သံပေးခဲ့လေသည့်အတိုင်း မမေ့စကောင်း၊ ထပ်လောင်း ထပ်လောင်း ဟစ်ကြွေးကြပါစို့။ ဘဝအားမာန်တွေ ထာဝစဉ်ရှင်သန်ကြပါစို့။

*"စိန်မှန်ကင်းစစ် အဖြစ်ကြီးရဲ့ ထင်းတလှဲ့ကြုံရ ထုံးနှင့်မသွေ--လောကဓမ္မတာပေ---ငါတို့ကံခေ ဖြစ်ရပြန်သလေ---သို့သော် အရင်းကိုစစ်လျှင် ဗမာမြေ့ ဗမာပြည် ငါတို့ ငါဒို့မြေ ----နောင်ဥဒါန်း ဘယ်မကျေစရာ----ရာဇဝင်တင်ထား။ မျိုးရိုးနွယ်လာ---ကမ္ဘာတစ်ခွင်မှာ-- ဗမာအထင်အရှား"*

# လတ်တလော ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ထိရောက်စွာ ပူးပေါင်း အဖြေရှာ ဆောင်ရွက်သွားရန်နှင့် ပိုမိုကောင်းမွန်သည့် ပေါင်းစပ် ဆက်သွယ်ရေး ဖြစ်ထွန်းစေနိုင်မည့် တွန်းအားသစ်တစ်ရပ်ကို ဖော်ဆောင်သွားရန် လိုအပ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနှင့် အေပက်ခေါင်းဆောင်များ၏ အလွတ်သဘောဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြား

**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၁၀ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒါနန်းမြို့၌ ကျင်းပသည့် အာဆီယံနှင့် အေပက်ခေါင်းဆောင်များ၏ အလွတ်သဘောဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် အောက်ပါအဓိကအချက်များ ပါဝင်သည်-

- အာဆီယံနှင့် အေပက်အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များအကြား ယခုကဲ့သို့ သီးသန့်တွေ့ဆုံခြင်းသည် ဒေသအဖွဲ့အစည်းနှစ်ခုအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် စိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာဆောင်ရွက်သွားနိုင်ရေးအတွက် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း၊
- ထို့အပြင် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ ပူးပေါင်းဆောင်ရွက်မှု အစီအမံများမှတစ်ဆင့် အာဆီယံနှင့် အေပက်အကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊
- မိမိတို့အနေဖြင့် အာဆီယံနှင့် အေပက်အဖွဲ့နှစ်ခုအကြား အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် အေပက်၏ ဘိုဂေါ မျှော်မှန်းချက် ၂၀၂၀ တို့အကြား အပြန်အလှန်သဟဇာတပြုမှုကိုလည်း အလေးထားဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊
- ထို့ကြောင့် မိမိတို့အနေဖြင့် ယခုသီးသန့်တွေ့ဆုံပွဲ၏ Theme ဖြစ်သည့် Partnering for New Dynamism for a Comprehensively Connected and Integrated Asia-Pacific ကို ကြိုဆိုပါကြောင်း၊
- မိမိတို့အနေဖြင့် လတ်တလောရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ထိရောက်စွာ ပူးပေါင်းအဖြေရှာဆောင်ရွက်သွားရန်နှင့် ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ဆက်သွယ်ရေးဖြစ်ထွန်းစေနိုင်မည့် တွန်းအားသစ်တစ်ရပ်ကို ဖော်ဆောင်သွားရန်လိုအပ်ကြောင်း၊
- မိမိတို့အနေဖြင့် ပိုမိုကောင်းမွန်သည့် ပေါင်းစပ်ဆက်သွယ်မှုတစ်ရပ်ကို ဖော်ဆောင်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ပင်းက အဆိုပြုခဲ့သော Belt and Road Initiative ကို ကြိုဆိုပါကြောင်း၊ ယင်းအစီအမံသည် ကမ္ဘာ့နိုင်ငံများအကြား ပေါင်းစပ်ဆက်သွယ်ရာတွင် အဓိကဘောင်တစ်ရပ်အဖြစ် ဖော်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း၊
- မိမိတို့အနေဖြင့် ပိုမိုပေါင်းစည်းပြီး တည်ငြိမ်မှုမြင့်မားသည့် စီးပွားရေးကို ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်းကို ထူထောင်လျက်ရှိရာ လတ်တလောကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများကို ကြံ့ကြံ့ခံရပ်တည်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊
- အေပက်အဖွဲ့အစည်းအနေဖြင့် အောင်မြင်မှုရှိသည့် စီးပွားရေးအဖွဲ့အစည်းအဖြစ် ၂၇ နှစ်ကျော် ရပ်တည်လျက်ရှိရာ ရေရှည်တည်တံ့သော၊ အများပါဝင်သော စီးပွားရေးစနစ် တစ်ရပ်အတွက် အတွေ့အကြုံများကို ရယူ လိုပါကြောင်း၊
- အထူးသဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အေပက်၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့မှု၊ စီးပွားရေးလုပ်ငန်းများဖော်ဆောင်ပေးမှုတို့ကို လေ့လာသွားလိုပါကြောင်း၊
- အာဆီယံအသိုက်အဝန်းအနေဖြင့် ပြည်သူလူထုကို အခြေခံသော၊ ပြည်သူလူထုကို ဦးစားပေးသော၊ လူမှုရေးအရ တာဝန်ခံသော အသိုက်အဝန်းကို ဖော်ဆောင်သွားရန်ရှိပါကြောင်း၊

**"အာဆီယံနှင့် အေပက်အနေဖြင့် အဓိပ္ပာယ်လေးနက်သည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အာရှနှင့် ပစိဖိတ်ဒေသကို ပြည်သူလူထုကို ဗဟိုပြုသည့် ပေါင်းစပ်ဆက်သွယ်မှုရှိသည့်၊ ပိုမိုပေါင်းစည်းသည့် ဒေသအဖြစ်သို့ ပြောင်းလဲသွားနိုင်မည်ဟု အလေးအနက် ယုံကြည်"**

- ထို့ကြောင့် မိမိတို့အနေဖြင့် အများပါဝင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးမြှင့်နိုင်ရေးအတွက် ပညာရေး၊ အမျိုးသမီးများနှင့် လူငယ်များအတွက် သင့်တင့်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ကျန်းမာသောလူနေမှုဘဝ၊ ကျား၊ မ သဟဇာတဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့ကို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊
- ထို့အပြင် မိုက်ခရို၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ စံချိန်စံနှုန်းပြည့်မီရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေး၊ တီထွင်ကြံဆမှုနှင့် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့် အမျိုးသမီးများနှင့် လူငယ်စီးပွားရေးလုပ်ငန်းရှင်များကို အားပေးဖော်ဆောင်သွားနိုင်ရေးအတွက် အတွေ့အကြုံများဖလှယ်သွားရန် လိုအပ်ကြောင်း၊
- အာဆီယံနှင့် အေပက်အနေဖြင့် ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ မျှော်မှန်းချက်ကိုလည်း အတူတကွ ပူးပေါင်းအကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊
- အာရှနှင့် ပစိဖိတ်ဒေသသည် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သည့် အကြမ်းဖက်မှု၊ အစွန်းရောက်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ လူကုန်ကူးမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် အစရှိသည်တို့နှင့် ရင်ဆိုင်လာနေရကြောင်း၊ ထို့ကြောင့် ယင်းစိန်ခေါ်မှုများကို အတူလက်တွဲအဖြေရှာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊
- ယင်းသို့ ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တီထွင်ကြံဆမှုအားပေးရေး၊ စီးပွားရေးအခြေခံကောင်းများ ဖန်တီးပေးရေး၊ အမျိုးသမီးစွမ်းဆောင်ရှင်များ အားပေးရေး၊ သဘာဝ သယံဇာတများ ထိန်းသိမ်းရေး၊ တရားမဝင်သယံဇာတများ ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံတုံ့ပြန်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။
- အာဆီယံနှင့် အေပက်အနေဖြင့် အဓိပ္ပာယ်လေးနက်သည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အာရှနှင့် ပစိဖိတ်ဒေသကို ပြည်သူလူထုကို ဗဟိုပြုသည့် ပေါင်းစပ်ဆက်သွယ်မှုရှိသည့်၊ ပိုမိုပေါင်းစည်းသည့် ဒေသအဖြစ်သို့ ပြောင်းလဲသွားနိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

**သတင်းစဉ်**


## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာ အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာ အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူနှစ်နိုင်ငံ အစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ တပ်မတော်မှပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသည့် ဖြစ်စဉ်များအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌက တရားမျှတမှု မရှိသော ကြေညာချက်ထုတ်ပြန်မှုနှင့် နိုင်ငံတကာမီဒီယာများက မမျှတစွာရေးသားထုတ်လွှင့်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**



## ပန်းချီပြပွဲ ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၁၀။ ။** မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာပြန့်ပွားစေရန်နှင့် မျိုးဆက်သစ်ပန်းချီဝါသနာရှင်များ လေ့လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပန်းချီဆရာမ မနုယဉ်၏ ပထမအကြိမ်တစ်ကိုယ်တော်ပန်းချီပြပွဲကို အမှတ်(၁၀၁) (၄၃) လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ဗိုလ်တထောင်မြို့နယ်အတွင်း ရှိ 43 Art Gallery ၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ပြသသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ပန်းချီကားပေါင်း ၃၀ နှင့်အတူ ဆီဆေး၊ ရေဆေးမင်၊ အခရိုင်းလစ်၊ ခဲခြစ် အမျိုးအစားများစွာဖြင့် ရသစုံလင်စွာ ပြသသွားမည်ဖြစ်၍ ပန်းချီစိတ်ဝင်စားသူ ဝါသနာရှင်များ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကိုထင်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

## မြန်မာစာပေ ချစ်မြတ်နိုးသူများအသင်း(ဗဟို) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း(ဗဟို)၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ စာပေဗိမာန်ခန်းမ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

❖ **အာဆီယံမှ**

အလွတ်သဘော ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများနှင့် အေပက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးဆိုင်ရာထိပ်တန်းအရာရှိကြီးများနှင့် အေပက်အဖွဲ့ဝင် မဟုတ်သော နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အေပက်နှင့် အာဆီယံအကြား ပေါင်းစည်းဆက်သွယ်မှု ၊ စည်းလုံးမှု၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒါနန်းမြို့ရှိ Sharaton Resort ၌ ဗီယက်နမ်နိုင်ငံ သမ္မတ မစ္စတာ ထရမ် ဒိုင်ကွမ်နှင့်ဇနီး ငုရင်ထိဟီရမ်တို့က အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၊ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများနှင့် အေပက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီးများနှင့် အေပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများအား တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့တက်ရောက်သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ- ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်စဉ်။**

အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)မှာ လွန်ခဲ့သော ၂၈ နှစ်က ဖြစ်ပေါ်လာပြီး ဒေသတွင်းစီးပွားရေးကဏ္ဍ မြင့်တင်မှုနှင့်အတူ တက်တက်ကြွကြွ ဖွံ့ဖြိုးလာကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ကမ္ဘာကြီးပြောင်းလဲလာမှု၊ အာရှ-ပစိဖိတ်ဒေသ၏ အရှိန်အဟုန်ဖြင့် တိုးတက်လာမှုသည် အေပက်အတွက် အခွင့်အရေးနှင့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်လာရကြောင်း၊ စီးပွားရေးကဏ္ဍတွင် အခြားသော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကတိကဝတ်များကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရန်၊ ပြည်သူများနှင့် စီးပွားရေးအသိုက်အဝန်းများ နီးကပ်စေရန်အတွက် အေပက်က ဆောင်ကြဉ်းပေးရန်၊ ၂၁ရာစုအတွင်း၌ အာရှ-ပစိဖိတ်ဒေသ၏ ရေရှည်တည်တံ့ခြင်းနှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးမှုမဟာဗျူဟာအမြင်ကို နားလည် သဘောပေါက်စေရန် အေပက်ကဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၁၇၏ အိမ်ရှင်နိုင်ငံအဖြစ် ဗီယက်နမ်က သဘောတူခဲ့ကြောင်း သိရသည်။

ထို့ပြင် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) တည်ထောင်မည့် စိတ်ကူးစိတ်သန်းကို ပထမဆုံးချပြခဲ့သူမှာ ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း မစ္စတာဘော့ဟောကဲဖြစ်ပြီး ၎င်း၏ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ၁၉၈၉ ခုနှစ်က ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ပါဝင်ခဲ့ကြောင်း၊ မိန့်ခွန်းပြောကြားပြီး ၁၀ လအကြာတွင် အာရှ-ပစိဖိတ် ၁၂ နိုင်ငံမှာ စီးပွားရေးနှင့် ပတ်သက်၍ ဩစတြေးလျနိုင်ငံတွင် တွေ့ဆုံခဲ့ပြီး အေပက် ထူထောင်ရန်ဆုံးဖြတ်ခဲ့ကြောင်း၊ စတင်တည်ထောင်ခဲ့သည့် နိုင်ငံများမှာ ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် အမေရိကန်တို့ ဖြစ်ကြကြောင်း၊ ဟောင်ကောင်နှင့် တရုတ်တိုင်ပေတို့မှာ ၁၉၉၁ခုနှစ်တွင် လည်းကောင်း၊ မက္ကစီကိုနှင့် ပါပူဝါ နယူးဂီနီနိုင်ငံတို့မှာ ၁၉၉၃ ခုနှစ်တွင် လည်းကောင်း၊ ချီလီနိုင်ငံမှာ ၁၉၉၄ ခုနှစ်တွင် လည်းကောင်း၊ ထို့နောက် ပီရူး၊ ရုရှား၊ ဗီယက်နမ်တို့ ဝင်ရောက်လာပြီး ချိန်တွင် အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံရှိလာကြောင်း၊ ၁၉၈၉ခုနှစ်နှင့် ၁၉၉၂ခုနှစ် အတွင်းတွင် အေပက်အနေဖြင့် အလွတ်သဘော အဆင့်မြင့်အရာရှိကြီးများအဆင့်နှင့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲများကိုသာ ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် အမေရိကန်သမ္မတဟောင်း မစ္စတာဘီကလင်တန်က လက်တွေ့ဆန်သည့် အေပက် စီးပွားရေးခေါင်းဆောင်များ ပုံမှန်အစည်းအဝေးများကို ကြီးမားသည့် မဟာဗျူဟာအမြင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ဦးတည်ချက်ကို ထောက်ပံ့ရန်ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ထရမ် ဒိုင်ကွမ်နှင့်ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**



**အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ( Partnering For New Dynamism For a Comprehensively Connected and Integrated Asia- Pacific) ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလွတ်သဘောဆွေးနွေးပွဲ ကျင်းပစဉ်။**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုနှင့် တွေ့ဆုံ



**ဒါနန်း(ဗီယက်နမ်) နိုဝင်ဘာ ၁၀**
အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုနှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ဒါနန်း Furama Resort ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရခိုင်ဒေသပြဿနာများဖြေရှင်းရေးနှင့်ပတ်သက်ပြီး သဘောထားအမြင်များ ဖလှယ်ကြပြီး ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ရခိုင်ဒေသပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေး၊ နိုင်ငံသားစိစစ်ရေး၊ ရခိုင်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သံအမတ်ကြီး ဦးကျော်စိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကနေဒါနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး မစ္စ ခရစ်စတီးယား ဖရီးလန်း၊ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် မစ္စတာ ဘော့ရေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင် ထရူးဒိုတို့သည် ဇွန် ၈ ရက်တွင် ကနေဒါနိုင်ငံ အော်တာဝါမြို့၌ တွေ့ဆုံခဲ့ကြပြီး မြန်မာ-ကနေဒါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ယခုထပ်မံတွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာပြည်သူတို့နှင့် ဗီယက်နမ်ပြည်သူတို့အကြား . . .

မောင်းဆက်

**ဒုတိယကမ္ဘာစစ်မတိုင်မီ ကာလအတွင်းမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကိုလိုနီနယ်ချဲ့လက်အောက်ခံနိုင်ငံများအကြား ကွန်မြူနစ်ဝါဒဟာ အလွန်ခေတ်စားပါတယ်။ ဆင်းရဲမွဲတေ ဖိနှိပ်ခံ အလုပ်သမားလူတန်းစားနဲ့ နင်းပြားများရဲ့ ထွက်ရပ်လမ်းအဖြစ် ကွန်မြူနစ်စနစ်ကို လေ့လာလိုက်စားကြပြီး အကောင်အထည်ဖော်ကြဖို့ တိုးတက်တယ်ဆိုတဲ့ လူငယ်များကြားမှာ အိပ်မက်များ မက်ခဲ့ကြပါတယ်။ လူတန်းစား ကွဲပြားခြားနားမှုပပျောက်ပြီး ပစ္စည်းမဲ့လူမွဲတို့အတွက် ထွက်ရပ်လမ်း လောကီချမ်းသာဘုံအဖြစ် စိတ်ကူးမျှော်မှန်းခဲ့ကြပြီး နိုင်ငံအသီးသီးမှာ ကွန်မြူနစ်ကလာပ်စည်းများ ဖွဲ့စည်းခဲ့ကြတာပါ။**



မြန်မာနိုင်ငံမှာ အဲဒီခေတ်အခါက ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး ခေါင်းဆောင်များဟာ ကွန်မြူနစ်စနစ်ကို စိတ်ကူးယဉ်ခဲ့ကြတာအမှန်ပါပဲ။ ဒါဟာ မြန်မာနိုင်ငံက တိုးတက်တဲ့ လူငယ်များသာမဟုတ်ဘဲ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲထဲမှာ အပါအဝင်ဖြစ်နေကြတဲ့ နိုင်ငံတိုင်းမှာ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်ပါပဲ။

မြန်မာ၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား စတဲ့ အာရှနိုင်ငံတွေဟာ အလွန်တိုးတက်အားကောင်းတဲ့ ကွန်မြူနစ်အဖွဲ့အစည်းတွေ ရှိလာခဲ့ပါတယ်။

ကမ္ဘာမှာ ဗြိတိသျှနဲ့ပြင်သစ်တို့ဟာ ကွန်မြူနစ်ကလာပ်စည်းတွေ ဖွဲ့စည်းဦးဆောင်နိုင်ခဲ့ပေမယ့် တကယ်အကောင်အထည်ဖော်တဲ့နေရာမှာ အဲဒီတုန်းကတော့ ဆိုဗီယက်ယူနီယံက ထိပ်တန်းကွန်မြူနစ်နိုင်ငံ ဖြစ်ခဲ့တာပါ။

အဲဒီနောက်မှာ အတော့်ကို ကြီးကျယ်အင်အားရှိတဲ့ ကွန်မြူနစ်ပါတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ခဲ့တာက အာရှမှာ တရုတ်၊ အင်ဒိုနီးရှား၊ မြန်မာနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်တို့ ဖြစ်ပါတယ်။ အိန္ဒိယကွန်မြူနစ်ပါတီဟာလည်း ခေါင်းဆောင်ပါတီအဖြစ် ပေါ်ထွန်းခဲ့ပေမယ့် နိုင်ငံတစ်ခုလုံးအနေနဲ့ ခေါင်းဆောင်မှုပေးနိုင်တဲ့ ပါတီအနေနဲ့ မဖြစ်ခဲ့ပါဘူး။

တကယ်တော့ ကွန်မြူနစ်ဝါဒဟာ အာရှမှာတင် မဟုတ်ပါဘူး။ ဒုတိယကမ္ဘာစစ်အပြီးမှာ ဆိုဗီယက်ရဲ့ဩဇာနဲ့ အရှေ့ဥရောပနိုင်ငံများဟာ ကွန်မြူနစ်စနစ်ကို ထူထောင်ကြဖို့ဖြစ်လာပြီး အမေရိကန်ဩဇာကြောင့် အနောက်ဥရောပနိုင်ငံများက အရင်းရှင်စနစ်ကို လိုက်ကြပါတယ်။

စနစ်နှစ်ခု ပြိုင်ဆိုင်ကြရာမှာ စစ်အေးကာလဆိုတဲ့ ခေတ်ကာလကြီးတစ်ခု ဖြစ်ပေါ်ခဲ့တဲ့အထိ ဆိုဗီယက်-အမေရိကန် ယှဉ်ပြိုင်မှုက ကြီးကျယ်ခဲ့ပါတယ်။

အဲဒီလို ကွန်မြူနစ်စနစ်နဲ့ အပြိုင်အဆိုင်ထူထောင်ကြတဲ့နေရာမှာ ကြာလာတာနဲ့အမျှ နိုင်ငံတွင်းက ပြည်သူလူထုကြားမှာ ပေါ်ထွန်းလာတဲ့ အဓိက ပြဿနာက ဒီမိုကရေစီပြဿနာ ဖြစ်လာပါတယ်။ အရင်းရှင်ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်(ကွန်မြူနစ်) ဒီမိုကရေစီတို့ရဲ့ ကွာခြားမှုက သိသာထင်ရှားလာတော့ ပြည်သူတို့ရဲ့ ကွန်မြူနစ်ဝါဒအပေါ် တိမ်းညွတ်မှုဟာ အားလျော့လာပါတယ်။

ဒါကလည်း ကွန်မြူနစ်ဝါဒရဲ့ အခြေခံဖြစ်တဲ့ အလုပ်သမားလူတန်းစားရဲ့ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ထူထောင်ရမယ်ဆိုတဲ့ အချက်က ဒီမိုကရေစီနဲ့ ဖီလာဖြစ်လာပါတယ်။ ဘယ်လိုပဲ ပါတီတွင်း ဒီမိုကရေစီရှိတယ်ပြောပြော လက်တွေ့မှာ ပစ္စည်းမဲ့အာဏာရှင်ဆိုတာဟာ အာဏာရှိတဲ့ ခေါင်းဆောင်တွေရဲ့ ဗဟိုလွှမ်းမိုးမှု၊ ဗဟိုချုပ်ကိုင်မှုတို့က အခရာ ဖြစ်လာတာပါပဲ။

ဒါကြောင့်ပဲ ဦးဆောင်နိုင်ငံကြီးဖြစ်တဲ့ ဆိုဗီယက်ယူနီယံကစလို့ မအောင်မြင်မှုတွေဖြစ်ပြီး အရှေ့ဥရောပတစ်လွှားက ဆိုရှယ်လစ် (ကွန်မြူနစ်) နိုင်ငံများမှာ ဒီမိုကရေစီ အပြောင်းအလဲများဖြစ်ပေါ်ခဲ့တာ သမိုင်းတစ်ခုပါပဲ။

အဲဒီထဲမှာ ကွန်မြူနစ်ဝါဒကို ဆက်လက်ထိန်းသိမ်းရင်း ကွန်မြူနစ်ပါတီရဲ့ နိုင်ငံရေးဩဇာကိုလည်း နေရာမရွှေ့ ဆက်လက်တည်တံ့စွာ အောင်မြင်အောင် ထိန်းသိမ်းထားနိုင်ခဲ့တာကတော့ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ပဲဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ကွန်မြူနစ်ဝါဒကို အကောင်အထည်ဖော်ရာမှာ ထင်ရှားတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံဟာ နှစ်ပေါင်းများစွာ ပြင်သစ်နဲ့ အမေရိကန်နယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်ခဲ့ရပြီး စစ်ဘေးစစ်ဒဏ်များကြားကနေ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြရတာ ဖြစ်ပါတယ်။

အမေရိကန်လို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်က ကမ္ဘာအပေါ်မှာ ထိပ်တန်းရောက်နေတဲ့ နိုင်ငံကို စိတ်ဓာတ်ပြင်းပြင်းနဲ့ လွတ်လပ်ရေးရတဲ့အထိ အောင်မြင်အောင် တော်လှန်ရတာဟာ အလွန်ခက်ခဲပင်ပန်းတဲ့ ခရီးလမ်းဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်မှာ လူတန်းစားရပ်တည်ချက်နဲ့ မာ့က်စ်ဝါဒကို ဆက်လက်အကောင်အထည်ဖော်ရေးဆိုတဲ့မူကို မပြောင်းလဲဘဲ ဈေးကွက်စီးပွားရေးစနစ်ကို ကွန်မြူနစ်စနစ်နဲ့ အံဝင်အောင် လက်တွေ့ကိစ္စများအပေါ်မှာ အာရုံစိုက် အလုပ်လုပ်လိုက်ပါတယ်။ ဗီယက်နမ်ပြည်သူလူထုကလည်း ခေါင်းဆောင်များအပေါ်မှာ အပြည့်အဝယုံကြည်စွာနဲ့ အလုပ်လုပ်ကြပါတယ်။ စစ်ပွဲကြီးများကို ဆင်နွှဲတိုက်ပွဲဝင်စဉ်ကလိုပဲ အားလုံးအင်အားစိုက် အလုပ်လုပ်ကြပါတယ်။

နောက်တစ်နည်းဆိုရရင် ဗီယက်နမ်ပြည်သူလူထုဟာ ပါးနပ်ပါတယ်။ အမေရိကန်နယ်ချဲ့၊ ဥရောပ အရင်းရှင်များကို နှစ်ပေါင်းများစွာ ဆန့်ကျင်လာခဲ့ပေမယ့် လက်တွေ့အကျိုးစီးပွားအပေါ်ကို မျက်ခြည်မပြတ်အောင် သတိထားပါတယ်။ အမေရိကန်နဲ့ ဥရောပတို့ရဲ့ စိတ်ဝင်စားမျက်စိကျမယ့် သူတို့ရဲ့ ဈေးကွက်ကို ရအောင်ထိုးဖောက်ခဲ့ပါတယ်။

နိုင်ငံရေး အယူဝါဒတွေမှာ ပါတီကို နိုင်နိုင်နင်းနင်းကိုင်ထားပြီး စီးပွားရေးမှာ နိုင်ငံတကာနဲ့ သံတမန်ရေးကို ဂရုတစိုက်အသုံးချခဲ့ပါတယ်။ ပြည်သူတွေကလည်း အလုပ်ကို အမှန်တကယ်ကြိုးစားလုပ်ကိုင်သူများ ဖြစ်တယ်ဆိုတာကို ရလဒ်များက သက်သေပြနေပါတယ်။ ဒီကနေ့မှာ ဗီယက်နမ်ဟာ ဆန်ထုတ်လုပ်မှု၊ အခြားစိုက်ပျိုးရေးလုပ်ငန်းများမှာ ထိပ်သီးနိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။

လာဘ်ပေးလာဘ်ယူမှုများကို လုံးဝကင်းရှင်းသည်အထိ မဖြေရှင်းနိုင်သေးဘူးဆိုသော်လည်း အလွန်ချမ်းသာကြွယ်ဝတဲ့ ခေါင်းဆောင်ကြီးတွေ၊ အစိုးရအရာရှိကြီးတွေ မရှိတာက နိုင်ငံဖွံ့ဖြိုးတိုးတက်တာ ဘာဆန်းလဲလို့ ဆိုရမယ်ထင်ပါတယ်။

အခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ဖို့ ဖိလစ်ပိုင်နိုင်ငံကို သွားတဲ့ခရီးမှာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံရဲ့ သမ္မတ မစ္စတာ ထရမ် ဒိုင် ကွမ် ရဲ့ ဖိတ်ကြားချက်နဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှာ ကျင်းပတဲ့ အာဆီယံနိုင်ငံခေါင်းဆောင်များနဲ့ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲ တက်ရောက်ဖို့ ဗီယက်နမ်နိုင်ငံမှာ ရောက်ရှိနေပါတယ်။

အထက်မှာ ပြောခဲ့သလို ဗီယက်နမ်နိုင်ငံဟာ အတုယူစရာတွေ အများကြီးရှိတဲ့ နိုင်ငံပါ။ စစ်ဘေးစစ်ဒဏ်ခံ ပြာပုံဘဝကနေ ကိုယ့်ယုံကြည်ချက် နိုင်ငံရေးလမ်းစဉ်ကိုကိုင်စွဲရင်း မတူညီတဲ့ နိုင်ငံရေး အယူအဆတွေ (ပွင့်ပွင့်လင်းလင်းပြောရရင် စီးပွားဖက် အတူလုပ်ရမယ့် နိုင်ငံကြီးများက ဖယ်ကြဉ်ချင်ကြတဲ့ နိုင်ငံရေးလမ်းစဉ်) ကြားကနေ သံတမန်ဆက်ဆံရေးကို ကျွမ်းကျွမ်းကျင်ကျင် အသုံးချရင်း စီးပွားရေးအရ ထိပ်ပိုင်းကို တဖြည်းဖြည်းချင်း တက်လာနေတဲ့ နိုင်ငံပါ။


အခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီယက်နမ်ခရီးမှာ နှစ်နိုင်ငံကြားက အတုယူစရာတွေ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူညီစောင့်ရှောက်စရာတွေကို ဖလှယ်ဆွေးနွေးကြရင်း ပိုမိုချစ်ကြည်ကောင်းမွန်တဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းတည်ဆောက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဗီယက်နမ်ဟာ နှစ်တိုအတွင်း အောင်မြင်တိုးတက်လာတယ် ဆိုရာမှာ အဓိကအားဖြင့် ခေါင်းဆောင်တို့ရဲ့ ဉာဏ်အမြော်အမြင်နဲ့ ပါးနပ်မှုအပြင် နိုင်ငံကို တစုတစည်းတည်း တစ်သံတည်းဖြစ်အောင် စည်းရုံးနိုင်မှုက ရှေ့တန်းရောက်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆိုတာဟာလည်း နိုင်ငံနဲ့ မြန်မာပြည်သူတို့ရဲ့ အကျိုးစီးပွားသာမက နိုင်ငံတကာပြည်သူများရဲ့ အရေး၊ နိုင်ငံတကာ ငြိမ်းချမ်းရေးတို့ကိုပါ ရှေးရှုပြီး ရေရှည်အကျိုးကို မျှော်ကြည့်တတ်တဲ့ အမြော်အမြင်ကြီးတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ပါတယ်။

ဒါကြောင့် အခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗီယက်နမ်ခရီးမှာ ဗီယက်နမ်ပြည်သူတို့နဲ့ မြန်မာပြည်သူတို့ကြားက ချစ်ကြည်ရင်းနှီးဆက်ဆံရေးကို အရှည်တည်တံ့ပြီး တိုးတက်ကောင်းမွန်တဲ့ သဘောတူညီမှုများ တည်ဆောက်ရပ်တည်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ။

# ရခိုင်ပြည်နယ်သတင်း

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၀**
မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဦးဆောင်၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ လှူဒါန်းငွေကျပ် ၅၅ သိန်းနှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ လှူဒါန်းငွေကျပ် ၅၅ သိန်း စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၁၁၀ အား ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်မြင့်က လက်ခံရယူသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်စန်းဝင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## UEHRD ၏ လုပ်ငန်းစဉ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံး(ရုံးခွဲ)မှ လာရောက်တွေ့ဆုံ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၀**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံးမှ Minister Counsellor, Mr. Johan Hallenborg က ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ရှိ အရေးကိစ္စများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသော သက်ဆိုင်ရာကော်မတီများ၏ လုပ်ငန်းများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်နေသည့် ကိစ္စများ၊ လူသားချင်းစာနာထောက်ထားသော အကူအညီများ ကူညီရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နေသော UEHRD ၏လုပ်ငန်းများ၊ လူငယ်မူဝါဒ ရေးဆွဲအတည်ပြုပြီး အဆိုပါမူဝါဒအား စတင်အကောင်အထည်ဖော်သည့်အနေဖြင့် စေတနာ့ဝန်ထမ်းလူငယ်များ၏ အကူအညီဖြင့် ရခိုင်ပြည်နယ်တွင် ပဋိပက္ခဒဏ်ခံရသူများအား လူသားချင်းစာနာမှုအကူအညီအထောက်အပံ့များ ဖြန့်ဝေမှုစတင်နေသည့်လုပ်ငန်းများ၊ နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လိုသူများအား လက်ခံရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ သဘောတူညီမှုများ ချမှတ်နိုင်ရေး ဆွေးနွေးနေသည့်ကိစ္စများ၊ ပြန်လည်နေရာချထားရေးအတွက် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ပိုမိုကောင်းမွန်သော လူနေမှုဘဝတည်ဆောက်မည့် ကိစ္စများ၊ စီးပွားရေးလုပ်ငန်းရှင်အသင်းများပေါင်းစည်း၍ အဆိုပါဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီနေသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**စစ်တွေ နိုဝင်ဘာ ၁၀**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Martin Bille Herman နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေသော အခြေအနေများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နှစ်ဖက်အဖွဲ့အစည်းများ၏ ယုံကြည်မှုတည်ဆောက်ရေး အခြေအနေများ၊ ဒိန်းမတ်နိုင်ငံမှ လူသားချင်းစာနာကူညီမှုလုပ်ငန်းများ တိုးမြှင့်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေတိုရေရှည် လုပ်ဆောင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နှစ်ဖက်အဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ နေထိုင်သွားရေး၊ ရေရှည်တည်တံ့ပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတစ်ခုသို့ ရောက်ရှိရန် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြောက်ဦးမြို့နယ် ပီပင်ရင်းကျေးရွာ၌ မိုးစပါးရိတ်သိမ်းသရုပ်ပြပွဲ ပြုလုပ်

**မြောက်ဦး နိုဝင်ဘာ ၁၀**
တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်အတွက် လုပ်သားရှားပါးမှု၊ လုပ်အားခကုန်ကျစရိတ်ကြီးမြင့်မှုတို့နှင့် ကြုံတွေ့နေချိန်တွင် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို ပြောင်းလဲအသုံးပြုလာကြပြီး လယ်ယာသုံးစက်ပစ္စည်းများ တောင်သူများလက်ဝယ်သို့ ရောက်ရှိပိုင်ဆိုင်နိုင်ရေးအတွက် မြောက်ဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်၍ လည်းကောင်း၊ ဘဏ်များနှင့်ချိတ်ဆက်၍လည်းကောင်း အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ကြသည်။ ထို့အပြင် လယ်ယာသုံးစက်ပစ္စည်းများကိုလည်း ကုမ္ပဏီများက အပြိုင်အဆိုင် တင်သွင်းရောင်းချလျက်ရှိသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန မြောက်ဦးစခန်းက ဦးဆောင်၍ နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက ပီပင်ရင်းကျေးရွာရှိ တောင်သူ ဦးကျော်ရွှေ၏ စပါးကွက်၌ ကူဘိုတာစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် လက်တွေ့သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများကိုယ်တိုင် စက်စွမ်းရည်များပြသခဲ့သည်။

သရုပ်ပြပွဲသို့ မြောက်ဦးမြို့နယ် ပီပင်ရင်းကျေးရွာအုပ်စုမှ တောင်သူများနှင့် အနီးအနားကျေးရွာများမှ တောင်သူ ၁၀၀ ခန့် လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လူသားချင်းစာနာမှု အကူအညီပေးရန် စေတနာ့ဝန်ထမ်းလူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ နိုဝင်ဘာ ၁၀**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း( UEHRD)၏ လုပ်ငန်းစဉ်များအနက်မှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်း လူငယ်များသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကစ္ဆပမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ရောက်ရှိလာရာ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ထွန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

စေတနာ့ဝန်ထမ်း လူငယ်များသည် နိုဝင်ဘာ ၁၁ ရက်တွင် စစ်တွေမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောဒေသသို့ အမြန်ရေယာဉ်ဖြင့် ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

### ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာလ ၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ ပါ မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးသတင်း၏ ဒုတိယစာပိုဒ်နောက်ဆုံးတွင် ပါရှိသော National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၇၇ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း အစား သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၃၇ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **သတင်းစဉ်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ရန်ကုန်မြို့တွင် ယာဉ်ကိုးစီး ဆင့်တိုက်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အလုံလမ်းနှင့် ပြည်လမ်းထောင့်တွင် ယနေ့မွန်းလွဲ ၁၂ နာရီကျော်က ယာဉ်ကိုးစီး ဆင့်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြေနီကုန်းခုံးကျော်တံတားပေါ်မှ မောင်းနှင်လာသော YBS 35 ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ အခြားယာဉ်များကို ဝင်တိုက်မိခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ကိုယ်ပိုင်အိမ်စီးကား မောင်းနှင်လာသူတစ်ဦးမှာ ခန္ဓာကိုယ်အောက်ပိုင်းထိခိုက်ဒဏ်ရာရရှိပြီး လမ်းမလျှောက်နိုင်သဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

"ကားဘရိတ်ပေါက်သွားတယ်လို့ ပြောကြတာပဲ၊ ၃၅ ယာဉ်မောင်းက ထွက်မပြေးဘူး အဖမ်းခံလိုက်တယ်၊ ခရီးသည်တချို့ အနည်းအကျဉ်းပွန်းပဲ့ဒဏ်ရာတွေရသွားတယ်၊ တချို့ဆို ကားပေါ်ကခုန်ချတဲ့သူတွေလည်း ရှိတယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ချက်ချင်းရောက်လာပါတယ်"ဟု အခင်းဖြစ်နေရာရှိ လမ်းသွားလမ်းလာတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ယာဉ်မတော်တဆမှု ၁၄၈ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၄၄ ဦးရှိကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့(ရန်ကုန်)မှ သိရသည်။

**ဇာနည်မောင်**



# အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖြူးအမြန်လမ်းပိုင်း မိုင်တိုင် ၁၁၀/၆ နှင့် ၁၁၀/၇ အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း သူရစိုးအောင် မောင်းနှင်လာသော Super Custom မော်တော်ယာဉ်မှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးတိုက်မိကာ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ခြောက်ဦးအနက် အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယမန်နေ့ ည ၁၁ နာရီက ပေပင်လေးအမြန်လမ်းပိုင်း မိုင်တိုင် ၂၅၂/၆ အနီး ယာဉ်မောင်း ငွေးအောင် မောင်းနှင်လာသော အထည်အလိပ်များ တင်ဆောင်လာသည့် ISUZU BOX ခြောက်ဘီးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကာရံထားသော အလူမီနီယံတန်းအားတိုက်ကာ လမ်းမပေါ်သို့ တိမ်းမှောက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်မောင်းမှာ အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။

သို့ပါ၍ ဖြစ်စဉ်များမှ ယာဉ်မောင်းများအား သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**





# ဘူးသီးတောင်မြို့နယ်၌ ဓားခုတ်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဘူးသီးတောင်မြို့နယ် ဘုရားပြင်သိန်းတန်ကျေးရွာအုပ်စု ပြင်လှမင်္ဂလာကျေးရွာနေ လယ်ယာလုပ်ကိုင်သည့် အန်ဆာအူလာ(၂၀)နှစ်နှင့် ရှော်ဘီအာလောင်(၂၃)နှစ်ပါ လေးဦးသည် ကျေးရွာ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာ စားကျက်အတွင်း ကျွဲ၊ နွားများ ချည်နှောင်ပြီး ညအိပ်စောင့်နေစဉ် နိုဝင်ဘာ ၆ ရက် ညသန်းခေါင်ကျော်တွင် ၎င်းတို့အိပ်နေသည့် တဲအနီး လူသံများကြားသဖြင့် မေးမြန်းခဲ့ရာမှ ဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တဲအနီးသို့ ရောက်ရှိလာသည့် ပြင်လှရွာသစ်ကျေးရွာနေ ဇီရာမာန်(၃၅)နှစ်ပါ သုံးဦးက ဓားကိုယ်စီဖြင့် ခုတ်ခဲ့ရာ အန်ဆာအူလာနှင့် ရှော်ဘီအာလောင်တို့တွင် ပြတ်ရှဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ပြီး ဓားဖြင့်ခုတ်သွားသူ ဇီရာမာန်ပါ သုံးဦးအား ညောင်ချောင်းနယ်မြေစခန်း၌ အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက်က မံစီမြို့နယ် မန္တလေး-ဗန်းမော် ကားလမ်း တိုင်းရင်းဆေးရုံအနီးတွင် လှထွန်း(ခ)တာလင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊

အလားတူ ယင်းနေ့ ည ၈ နာရီက တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ချစ်ကြည်ရေးလမ်းဟောင်း နှစ်ရှည်စိုက်ခင်းရှေ့လမ်းမတွင် ခွန်တီးနှင့် ၎င်း၏ဇနီးဖြစ်သူ မနန်းရွှေရည်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ရေပူစမ်းကျေးရွာ ဘုရားကုန်းလမ်းနေ ဦးဂျိုးဇက်(ခ)ဦးဂျိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့နယ် တွင်းငယ်-မိုးမိတ်ကားလမ်းတွင် ဘိုဘိုကျော်(ခ)ဖိုးလုံးမောင်းနှင်ပြီး မစန်းခင်(ခ)မနန်းခင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကို လည်းကောင်း။

အလားတူ နိုဝင်ဘာ ၈ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် United Living Mall ရှေ့တွင် မလဲ့လဲ့ဝင်း(ခ)မယွန်းကိုကိုအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာ အဝင် ကွတ်ခိုင်-ကောင်းခါး ကားလမ်းတွင် စိုးမင်းမောင်းနှင်လာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ပြီးရှာဖွေရာ ဘိန်းဖြူရောင်စုံဆပ်ပြာခွက် ၂၂၀(အလေးချိန် ၂ ဒသမ ၄၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**မနန်းရွှေရည်၊ ခွန်တီးနှင့် ဂျိုးဇက်(ခ) ဦးဂျိုးတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၂ စီး၊ သွင်းကုန် ၉၂၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးကျပ် ၃၀ ဒသမ ၅၂၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဘောထုပ် (1×40 kg) 12 Pkgs၊ (1×45 kg) 33 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂၃ ဒသမ ၈၉၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ဘောထုပ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

# နိုဝင်ဘာ ပထမပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၄၀၀ ကျော် သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများအား တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း အကောက်ခွန်မဲ့ပစ္စည်း ကျပ်သန်း ၄၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုး ကျပ် ၄၃၁ ဒသမ ၉၉၀ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းမိခဲ့ရာတွင် နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အတွင်း ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၆ မှု(ခန့်မှန်းတန်ဖိုး ကျပ် ၃၇၇ ဒသမ ၆၅၁ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၆ မှု (ခန့်မှန်းတန်ဖိုး ကျပ် ၅၄ ဒသမ ၃၃၉ သန်းခန့်) စုစုပေါင်း ၃၂ မှု(ခန့်မှန်းတန်ဖိုးကျပ် ၄၃၁ ဒသမ ၉၉၀ သန်းခန့်) သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ သိမ်းဆည်းရမိခဲ့ရာတွင် ထူးခြားသိမ်းဆည်းမှုအနေဖြင့် နိုဝင်ဘာ ၂ ရက်က မူဆယ်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်တစ်စီးနှင့် ၂၂ ဘီးယာဉ် သုံးစီးတို့အား စစ်ဆေးခဲ့ရာ ငရုတ်သီးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွှေသစ် ၁၃၃ တုံး(၂၆ ဒသမ ၅၂၈ တန်)၊ ပိတောက်ခွဲသားရွှေသစ်လုံး ၂၆၈ လုံး(၂၆ ဒသမ ၄၁၇ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်လေးစီးအပါအဝင် စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၃၆၅ ဒသမ ၃၄၁ သန်းအား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**

# နေမာအတွက် ဘာနေဗျူးတံခါးဖွင့်ထား

တိုက်စစ်မှူး နေမာကို ရီးယဲလ်မက်ဒရစ်အသင်းက ချိတ်ဆက်မှုများ ပြုလုပ်နေပြီဟူသော သတင်းများ ထွက်လာအပြီးတွင် ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်ကလည်း နေမာအတွက် ဘာနေဗျူးတံခါးကို အမြဲဖွင့်လှစ်ထားကြောင်း ဖွင့်ဟလိုက်ပြီဖြစ်သည်။ ရာမို့စ်က "ကျွန်တော့်အနေနဲ့ ဖြစ်နိုင်ရင် သူ့ကို ခေါ်ချင်ပါတယ်၊ သူက ပွဲအဖြေကို ပြောင်းလဲနိုင်တဲ့ ခြားနားမှုရှိတဲ့ ကစားသမားပါ၊ ကျွန်တော်တို့ဆီမှာ ထိပ်တန်းကစားသမားတွေ ရှိနေစေချင်ပါတယ်၊ နေမာကလည်း ဒီထဲက တစ်ယောက်ပေါ့ဗျာ"ဟု ပြောကြားခဲ့သည်။



စပိန်နှင့် ဘရာဇီး သတင်းဌာနများက နေမာက နည်းပြ အမ်မရီသည် သူ့အတွက် မားမားမတ်မတ် ရပ်တည်ပေးခြင်းမရှိဟု ခံစားရသဖြင့် ပြင်သစ်မြေတွင် မပျော်မရွှင်ဖြစ်နေကြောင်း ဖော်ပြခဲ့သည်။ ထို့ပြင် နေမာက ဆွာရက်ဇ်နှင့် မက်ဆီတို့ကိုလည်း သူ့ကို ဘာစီလိုနာသို့ ပြန်ခေါ်ပေးနိုင်မလားဟု ပြောကြားခဲ့ကြောင်း အင်ဒီပန်းဒင့် သတင်းဌာနက ဖော်ပြသည်။ သို့သော် နေမာနှင့် ဘာစီလိုနာ ဘုတ်အဖွဲ့ဝင်များကြား ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုကြောင့် ဘာစီလိုနာသို့ ပြန်လာခွင့်ရရန်မှာ မဖြစ်နိုင်တော့သည့် အနေအထားသို့ ရောက်ရှိနေသည်။

နေမာ၏ ဖခင်ကလည်း သူ၏ သားကို ပြင်သစ်မြေမှ ခွာနိုင်ရန် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချိတ်ဆက်ခဲ့ရာ ရီးယဲလ်နှင့် နေမာ စီနီယာတို့ နှစ်ကြိမ်တိုင် တွေ့ဆုံခဲ့ကြပြီးဖြစ်သည်ဟု သိရသည်။ သို့သော် ပီအက်စ်ဂျီအသင်းက နေမာကို ထုတ်ရောင်းရန် ဆန္ဒမရှိသဖြင့် နေမာ ရီးယဲလ်သို့ ချက်ချင်းရောက်လာဖွယ် မရှိသေးပေ။

ထို့ပြင် ရာမို့စ်က ဘာစီလိုနာမှ ရီးယဲလ်မက်ဒရစ်သို့ တိုက်ရိုက်ပြောင်းရွှေ့သည်ထက် ဘာစီလိုနာမှ ပီအက်စ်ဂျီ၊ ပီအက်စ်ဂျီမှ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့သည်က ကစားသမားအတွက် ပိုမိုအဆင်ပြေသည်ဟု ထင်မြင်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

**မေလွဲ့သင်း**
**ရေးသားသည်**

# ရီးယဲလ်ကို ပြောင်းရွှေ့ချင်ကြောင်း ဟာဇက် အရိပ်ပြ

ချယ်လ်ဆီး စူပါစတား အေဒင်ဟာဇက်က ဇီဒန်းမှာ သူငယ်ငယ်ကတည်းက စံပြကစားသမားဖြစ်သလို ဇီဒန်းကို သူ၏ နည်းပြအဖြစ် ဆောင်ရွက်စေလိုသည်မှာ သူ၏ အိပ်မက်ဖြစ်ကြောင်း ဆိုလိုက်ခြင်းဖြင့် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့လိုကြောင်း ပေါ်ပေါ်ထင်ထင်ပင် အရိပ်ပြခဲ့သည်။ ချယ်လ်ဆီး တောင်ပံတိုက်စစ်မှူးက မက္ကဆီကို၊ ဂျပန်တို့နှင့် ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲကစားရန်အတွက် ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ဟာဇက်ကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကြိုးစားနေသည်မှာ အတော်ကြာနေပြီဖြစ်သော်လည်း ဟာဇက်မှာ ချယ်လ်ဆီးနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ရှိနေသူဖြစ်သည်။ သို့သော် ဟာဇက်က "ဇီဒန်းကို နည်းပြအဖြစ် ဆောင်ရွက်စေချင်တာက ကျွန်တော့်အိပ်မက် ဖြစ်ပါတယ်၊ သူက ကျွန်တော်ငယ်ဘဝ စံပြဖြစ်ခဲ့သူပါ၊ ကျွန်တော့်အနေနဲ့ သူ့အပေါ် လေးစားမှုအပြည့်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ချယ်လ်ဆီးကလည်း ဟာဇက်ကို ဆက်ထိန်းနိုင်ရေးအတွက် တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ အထိ ပေးချေမည့် စာချုပ်သစ်ကို ကမ်းလှမ်းခဲ့သလို ဟာဇက်ကလည်း "လက်ရှိမှာတော့ ကျွန်တော် ချယ်လ်ဆီးမှာ ပျော်ရွှင်နေပါတယ်၊ ဒါပေမယ့် ကျွန်တော့် အနာဂတ် အသက်မွေးဝမ်းကျောင်းကာလမှာ ဘာတွေဆက်ဖြစ်မလဲ ဆိုတာတော့ တပ်အပ် မပြောနိုင်သေးပါဘူး၊ သူက ကျွန်တော့် အိပ်မက်ထဲက နည်းပြ ဖြစ်နေလို့ပါ" ဟု ပြောကြားခဲ့သည်။

## အပြောင်းအရွှေ့မူဝါဒအပေါ် ဝေဖန်ခဲ့သည့် လီဝန်ဒေါစကီးကို ထုတ်ရောင်းရန် ဘိုင်ယန်ပြင်

ဘိုင်ယန်မြူးနစ်အသင်းက အသင်း၏ အပြောင်းအရွှေ့မူဝါဒအပေါ် ဝေဖန်ခဲ့သည့် တိုက်စစ်မှူး လီဝန်ဒေါစကီးကို ထုတ်ရောင်းပြီး အင်တာမီလန် အသင်းခေါင်းဆောင် အစ်ကာဒီနှင့် အစားထိုးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ လီဝန်ဒေါစကီးက ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဘိုင်ယန်အနေဖြင့် အသစ်ဖန်တီးမှုနှင့် အမြင့်ဆုံးနေရာကို ဆက်ထိန်းထားနိုင်ရန် ကမ္ဘာ့ထိပ်တန်းကစားသမားများ အသင်းသို့ လာရောက်ပူးပေါင်းချင်အောင် ဆွဲဆောင်နိုင်ရမည်ဟု လူသိရှင်ကြား ဝေဖန်ခဲ့ပြီးနောက် ဘိုင်ယန်ဘုတ်အဖွဲ့ဝင်များ၏ အမျက်သင့်မှုခံခဲ့ရသည်။



ဘိုင်ယန်သာ အစ်ကာဒီကို ခေါ်ယူနိုင်ပါက လီဝန်ဒေါစကီးကို ထုတ်ရောင်းနိုင်ဖွယ်ရှိနေရာ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီနှင့် ရီးယဲလ်မက်ဒရစ်တို့က လီဝန်ဒေါစကီး ခေါ်ယူနိုင်ရေးကို နားစွင့်နေကြသည်။ မန်ယူအသင်းကလည်း တိုက်စစ်မှူး အီဗရာဟီမိုဗစ်ကို ကာလတို အသုံးပြုရန်သာ ရည်ရွယ်ထားသောကြောင့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို အားဖြည့်ရန် ဆန္ဒရှိနေသလို မန်စီးတီးနည်းပြ ဂွါဒီယိုလာကလည်း လီဝန်ဒေါစကီးကို သဘောကျနှစ်ခြိုက်သူဖြစ်သဖြင့် ယခုကဲ့သို့ သတင်းများထွက်လာခြင်းဖြစ်သည်။ ထို့ပြင် ချယ်လ်ဆီးက အဆုံးသတ်ပိုင်းသေချာသည့် တိုက်စစ်မှူးတစ်ဦး မဖြစ်မနေ လိုအပ်နေသကဲ့သို့ ရီးယဲလ်မက်ဒရစ်ကလည်း မိုရာတာကို ရောင်းချပြီးနောက် တိုက်စစ်ပိုင်းလိုအပ်ချက်မြင့်မားနေရာ လီဝန်ဒေါစကီးဖြင့် အစားထိုးရန် ပြင်ဆင်လာခြင်းဖြစ်သည်။



## ဒီဘရိုင်းမှာ ပရီမီယာလိဂ်အကောင်းဆုံး ကစားသမားဟု ဟာဇက် ချီးကျူး

ချယ်လ်ဆီးစူပါစတား အေဒင်ဟာဇက်က မန်စီးတီးကွင်းလယ်လူ ဒီဘရိုင်းမှာ ပရီမီယာလိဂ်၏ လက်ရှိအကောင်းဆုံး ကစားသမားဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ဟာဇက်နှင့် ဒီဘရိုင်းတို့မှာ ဘယ်လ်ဂျီယံလက်ရွေးစင်အသင်း ကစားဖော်များဖြစ်ပြီး ဒီဘရိုင်းမှာ ပရီမီယာလိဂ် ၁၁ ပွဲတွင် နှစ်ဂိုးသွင်းယူခဲ့သလို ဂိုးပါဝင်ပတ်သက်မှုတွင်လည်း ခြောက်ကြိမ်အထိ ရှိခဲ့သူဖြစ်သည်။ ယင်းသို့သော စွမ်းဆောင်ရည်များကြောင့် ဘွတ်ကီဒိုင်များက ၂၀၁၈ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဒီဘရိုင်းသာ ရရှိမည်ဟု အလေးပေးထားကြပြီးဖြစ်သည်။

ဟာဇက်က "မန်စီးတီးက ပရီမီယာလိဂ်အကောင်းဆုံးအသင်းဖြစ်သလို ဂွါဒီယိုလာရဲ့ စနစ်မှာ ဒီဘရိုင်းက အရေးကြီးတဲ့ ကစားသမားပါ၊ ကျွန်တော်တို့တွေက ကစားသမားကောင်းတွေဖြစ်တော့ ကီဗင်(ဒီဘရိုင်း)နဲ့ တွဲဖက်ကစားရတာက လွယ်ကူပါတယ်"ဟု ချီးကျူးစကားဆိုခဲ့သည်။

## ဝေဖန်မှုများကို ဖြစ်တည်စေခဲ့တဲ့ စတီဗင်ဂျာရတ်ရဲ့ သမီးငယ်အတွက် လက်ဆောင်



လီဗာပူး ဂန္ထဝင်ကစားသမားလည်းဖြစ်၊ လီဗာပူးယူ-၁၈ ရဲ့ နည်းပြလည်းဖြစ်တဲ့ စတီဗင်ဂျာရတ်က ရွှေ ၁၈ ကာရက် အလေးချိန်ပါဝင်တဲ့ ပေါင် ၁၄၅၅ တန် iPad ကို သူ့သမီးငယ်ကို ခြောက်နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါတယ်။ ဂျာရတ်က iPad ကို "ချစ်စရာကောင်းပြီး ချောမောလှပတဲ့ ခြောက်နှစ် ပြည့်ပြီဖြစ်တဲ့ ကလေးလေးအတွက်။ သမီးကို သိပ်ချစ်ပါတယ်" လို့ ရေးသားပြီး အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့တာဖြစ်ပါတယ်။ ဂျာရတ်ဟာ အင်စတာဂရမ်မှာပဲ Follower ၆ ဒသမ ၅ သန်းကျော်ရှိတာကြောင့် ပရိသတ်တွေရဲ့ မတူညီတဲ့ အမြင်မျိုးစုံကိုလည်း ဒီဓာတ်ပုံတင်ပြီး မကြာခင်မှာပဲ ရရှိခဲ့ပါတယ်။ မှတ်ချက်ရေးသားကြသူအများစုကတော့ ဆိုးရွားတဲ့ ရှုထောင့်ကသာ ရေးသားကြတာကို တွေ့ခဲ့ရပါတယ်။

ဂျူလီဖီးလ်လန်ဆိုသူက "အသက်(၆)နှစ် ကလေးတစ်ယောက်ကို ရွှေနဲ့လုပ်ထားတဲ့ iPad ဟုတ်လား၊ ဒါမျိုးလုပ်တာကို အများပြည်သူကို ချပြစရာမလိုပါဘူး"လို့ ရေးသားခဲ့သလို သီယိုလယ်လီမော့ထ်ဆိုသူကလည်း " ဒါက ပီတိကို စားတဲ့သူလား၊ လီဗာပူးမြို့သူ မြို့သားအများစုက ဆင်းရဲနေကြတယ်" ဆိုတဲ့ ပြစ်တင်ရေးသားမှုများကို မြင်တွေ့ခဲ့ရပါတယ်။

ဗြိတိန်မှာ အသက်(၁၃)နှစ်အောက် ကလေးတွေကို လူမှုကွန်ရက်အသုံးပြုမှု ပိတ်ပင်ထားပေမယ့် ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ ရွှန်းနီရဲ့အကြီးဆုံးသား အသက်(၈)နှစ်သာရှိသေးတဲ့ ခိုင်ဝိန်းရွှန်းနီက အင်စတာဂရမ် စတင်အသုံးပြုတာကြောင့် ဝေဖန်မှုတွေ ခံခဲ့ရပါသေးတယ်။

# ဘေဂျင်းမြို့သို့ ခရီးတစ်ခေါက်

**နေဇာထွန်း**

ဘေဂျင်းမြို့သို့ စက်တင်ဘာ ၁၆ ရက်မှ ၂၆ ရက်အထိ ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသား ကွန်ဂရက်သို့ တက်ရောက်သတင်းရယူရန်နှင့် လေ့လာရေးခရီးအဖြစ် မြန်မာမီဒီယာအဖွဲ့ဟာ CA 906 Air China လေကြောင်းလိုင်းနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ စက်တင်ဘာ ၁၅ ရက် ည ၁၂ နာရီ ၁၅ မိနစ်ခန့်မှာ သွားရောက်ခဲ့ပါတယ်။ ဘေဂျင်းလေဆိပ်ကို ၄ နာရီ ၁၅ မိနစ်(ဘေဂျင်း စံတော်ချိန် ၅ နာရီ ၄၅ မိနစ်ခန့်)မှာ ရောက်ရှိခဲ့ပါတယ်။

**တရုတ်နိုင်ငံရဲ့ အလှအပကို စတင်မိတ်ဆက်**

ဘေဂျင်းမြို့လေဆိပ်သို့ မဆိုက်ရောက်မီ လေယာဉ်ပေါ်မှကြည့်မိစဉ် လှပတဲ့မီးရောင်စုံတွေနဲ့ မြူနှင်းများအကြား အေးချမ်းတဲ့ရာသီဥတုကို ခံစားမိရင်း ဘေဂျင်းရဲ့ အလှအပကို စတင် မိတ်ဆက်မိပါတယ်။ ဘေဂျင်းမြို့ဟာ တရုတ်နိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ သန့်ရှင်းသပ်ရပ်လှပတဲ့မြို့ဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၀၀၀ ကျော်အဖြစ် တည်ရှိနေတဲ့ မြို့ကြီးလည်းဖြစ်ပါတယ်။ လူဦးရေ သန်း ၂၀ ကျော် နေထိုင်တဲ့ ဘေဂျင်းမြို့ဟာ ရှေးဟောင်းအမွေအနှစ် တိုက်တာများအပြင် ခေတ်မီလှပတဲ့ ဟိုတယ်အဆောက်အအုံတွေနဲ့ ကောင်းမွန်လှတဲ့ လမ်းပန်းဆက်သွယ်ရေးတွေကို တွေ့ရမှာပါ။ သန့်ရှင်းသပ်ရပ်လှပတဲ့ ခေတ်မီမြို့ပြစနစ်တွေနဲ့ ဆောက်လုပ်ထားတာဟာ အားကျ အတုယူဖွယ် ကောင်းလှပါတယ်။

ဘေဂျင်းမြို့ရဲ့ ရာသီဥတုဟာ လေးမျိုးရှိပြီး နွေဦးရာသီနဲ့ ဆောင်းဦးရာသီကာလတွေဟာ တိုတောင်းလှပါတယ်။ အအေးပိုလာပြီဖြစ်တဲ့ နိုဝင်ဘာလလောက်မှစပြီး အပူပေးစနစ်ကို တစ်မြို့လုံး လွှတ်ပေးထားကြောင်းနဲ့ ဇန်နဝါရီလဟာ အအေးဆုံးလဖြစ်ကြောင်းလည်း သိခဲ့ရပါတယ်။ ဘေဂျင်းဟာ နယ်မြေ ၁၄ ခုနဲ့ ခရိုင် နှစ်ခု ရှိပါတယ်။ ခရိုင် ၁၄ ခုကတော့ တုန်ချန်၊ ရှီးချန်၊ ဟိုင်းတင်း၊ ချောင်ရန်၊ ဖုန်ထိုင်၊ ရှေးကျင်စန်း၊ ချန်းဖိန်၊ စွင့်ရီ၊ ထုံးကျိုး၊ ဖန်စန်း၊ တရှင့်၊ ဟွိုင်းရုံ၊ ဖိန်ငု၊ မန်ထိုကိုးတို့ဖြစ်ပြီး ခရိုင် နှစ်ခုကတော့ ယမ်ချင့်နဲ့ မိယွင်တို့ဖြစ်ပါတယ်။

**ဖွံ့ဖြိုးမှုပြယုဂ်ကို ဖော်ဆောင်နေ**

နောက်ထပ် ဘေဂျင်းမြို့ရဲ့ ထူးခြားမှုတစ်ခုမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချတဲ့အနေနဲ့ လျှပ်စစ်ဆိုင်ကယ်၊ စက်ဘီးတွေကိုသာ သုံးကြပြီး လမ်းဘေးမှာ စက်ဘီးလေးတွေ အများအပြား တန်းစီရပ်ထားတာကို နေရာတိုင်းမှာ တွေ့ရပါတယ်။ ကိုယ်ပိုင်ကား အသုံးပြုသူတွေ အနေနဲ့လည်း တရုတ်နိုင်ငံမှ ဆက်စပ် ထုတ်လုပ်တဲ့ ကားတွေကိုသာ အသုံးများတာကို တွေ့ရပါတယ်။ လူသွားလမ်း၊ စက်ဘီးသွားလမ်း၊ ကားလမ်းအပြင် ပန်းခြံတွေပြုလုပ်ပေးထားကာ လမ်းတွေဟာ ညီညာ ပြန့်ပြူးကျယ်ဝန်းလှပါတယ်။ ပန်းအလှပင်တွေကို ပုံစံအမျိုးမျိုးနဲ့ စိုက်ပျိုးထားပြီး မြေမရှိတဲ့နေရာတွေမှာ ပျိုးအိတ်တွေ အသုံးပြုကာ ချစ်စဖွယ်စိုက်ပျိုးထားတာကိုလည်း တွေ့ရပါတယ်။ ညအချိန် မီးရောင်စုံများနဲ့ ခေတ်မီလှပတဲ့ တိုက်တာအဆောက်အအုံတွေကြားမှာ ဘေဂျင်းရဲ့ အလှဟာ မြန်မာလေ့လာရေးအဖွဲ့ကို ဖမ်းစားစေခဲ့ပါတယ်။

လျှပ်စစ်ကေဘယ်လ်လိုင်းတွေကိုလည်း အများအားဖြင့် မြေအောက်မှာ သွယ်တန်းထားပါတယ်။ စည်ပင်ရဲ့ သန့်ရှင်းရေးဝန်ဆောင်မှုအနေနဲ့ ညပိုင်းတွင်သာ အလုပ်လုပ်ကြကြောင်းလည်း သိရပါတယ်။ နောက်ထပ် အားကျအတုယူစရာတစ်ခုက ဘယ်နေရာမဆို တန်းစီတဲ့အလေ့အထကို တွေ့ရပါတယ်။ ဘယ်လောက်အရေးကြီးကြီး ကြားဖြတ်ယူလေ့မရှိကြပါဘူး။ ယာဉ်လမ်း စည်းကမ်းတွေ အနေနဲ့လည်း အားကျအတုယူဖွယ် ကောင်းလှပါတယ်။ တစ်ဦးတစ်ယောက်ချင်း ကိုယ်ကျိုးမဖက် စည်းကမ်းစနစ်ဘောင်အတွင်းမှ ပြုမူနေထိုင်သွားပါက လူမှုအဖွဲ့အစည်းတစ်ခု၊ ကျေးရွာတစ်ခု၊ မြို့ပြတစ်ခုမှသည် တစ်တိုင်းပြည်လုံး တိုးတက်ဖွံ့ဖြိုးမှုပြယုဂ်ကို ဖော်ဆောင်နေပါလိမ့်မယ်။





atmufwbm24&ufeHuyfu ab*ifrdU\nbIr[mcef;rü (19) udkjrmufwv½kwfuefjrLepfygwDrSpD;nDmcHyGJ t crf t em; uif yaerESit crf t em; t lyf jyef vnfkufmvmonfukd jrif;vSf;ukdawG&Ubf

“ ဘေဂျင်းမြို့ရဲ့ ထူးခြားမှုတစ်ခုမှာ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချတဲ့အနေနဲ့ လျှပ်စစ်ဆိုင်ကယ်၊ စက်ဘီးတွေကိုသာ သုံးကြပြီး လမ်းဘေးမှာ စက်ဘီးလေးတွေ အများအပြားတန်းစီရပ်ထား . . . လူသွားလမ်း၊ စက်ဘီးသွားလမ်း၊ ကားလမ်းအပြင် ပန်းခြံတွေပြုလုပ်ပေးထားကာ လမ်းတွေဟာ ညီညာ ပြန့်ပြူးကျယ်ဝန်းလှ . . . ”

**ပထမဦးဆုံးခရီးစဉ် (China Report သို့)**

ပထမဦးဆုံး ခရီးစဉ်အဖြစ် China Foreign Languages Publishing and Distribution သို့ သွားရောက်လေ့လာခွင့် ရခဲ့ပါတယ်။ တွေ့ဆုံခွင့်ရရုံမျှမက မြန်မာမီဒီယာအဖွဲ့ကို အပြုံးမပျက် ဧည့်ခံကြိုဆိုကာ ခရီးစဉ် အစ၊ အဆုံး ကူညီခဲ့ပါတယ်။ China Report ဌာနဟာ တရုတ်နိုင်ငံရဲ့ တစ်ခုတည်းသော ပြည်ပကို သတင်းပြန်ကြားပေးတဲ့ဌာနလည်း ဖြစ်ပါတယ်။ ဒီဌာနရဲ့ လုပ်ငန်းစဉ်ဟာ ငါးရပ်ရှိပြီး စာအုပ်ထုတ်ဝေမှု၊ မဂ္ဂဇင်း၊ ဂျာနယ်၊ အင်တာနက်၊ ဘာသာပြန်၊ သုတေသန ပြုလုပ်တဲ့ လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ စာအုပ်ထုတ်ဝေမှုနဲ့ ပတ်သက်ပြီး ပုံနှိပ်ဌာနကြီး ခုနစ်ခုရှိပြီး အဓိကကတော့ တရုတ်ဘာသာနဲ့ပတ်သက်တဲ့ စာအုပ်တွေကို ထုတ်ပါတယ်။ ဒါပေမယ့် တခြားဘာသာနဲ့ ရိုက်နှိပ်တဲ့ စာအုပ်တွေကိုလည်း ထုတ်တယ်လို့ သိရပါတယ်။

မဂ္ဂဇင်းနဲ့ပတ်သက်ပြီး ငါးခုရှိတယ်။ တရုတ်သတင်းစာဌာနကို ၁၉၅၀ ပြည့်နှစ်မှာ စပြီးတည်ထောင်ခဲ့တယ်။ ဘာသာစကားအနေနဲ့ အင်္ဂလိပ်စာနဲ့ ထုတ်ဝေခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ ဘာသာစကားပြန့်ပွားဖို့အတွက် တရုတ်ဘာသာနဲ့ထုတ်ခဲ့တယ်။ ၂၀၁၅ ခုနှစ်ရောက်တဲ့အခါမှာ ASEAN ခေါင်းစဉ်နဲ့ ဂျာနယ်တစ်ခု ထုတ်ခဲ့ပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ထုတ်ပြီး လိုအပ်ရင် အာဆီယံနိုင်ငံတွေရဲ့ ဘာသာစကားနဲ့ ထုတ်တယ်လို့လည်း သိရပါတယ်။ စာအုပ်တွေကို အဓိကထုတ်ပြီး ရှီကျင့်ဖျင်ရဲ့ နိုင်ငံရေးမူဝါဒများစာအုပ်ကို ထုတ်တယ်လို့လည်း သိရပါတယ်။ မြန်မာဘာသာနဲ့လည်း ထုတ်ဝေထားပြီး ဖြစ်ကာ သာသာစကား ၂၃ မျိုးနဲ့ ဘာသာပြန်ထုတ်ဝေထားပါတယ်။ နိုင်ငံပေါင်း ၁၄၀ ကျော်ကို ရောက်သွားပြီး နောက်ဆုံးရတဲ့သတင်းအရ စာအုပ်ပေါင်း ၆၅ သန်း ရောင်းချပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

**တရုတ်ကွန်မြူနစ်ပါတီညီလာခံရဲ့ ဆောင်ရွက်ချက်များ**

၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ဘေဂျင်းမြို့ ပြည်သူ့မဟာခန်းမမှာ ကျင်းပခဲ့ရာ သမ္မတ ရှီကျင့်ဖျင် တက်ရောက် မိန့်ခွန်းပြောကြားခဲ့ပြီး ကိုယ်စားလှယ်ပေါင်း ၂၂၈၀ တက်ရောက်ခဲ့ကြပါတယ်။ သမ္မတရှီရဲ့ အဖွင့်မိန့်ခွန်းမှာ ပြီးခဲ့တဲ့ငါးနှစ်တာကာလက ပြုပြင်ပြောင်းလဲမှုတွေနဲ့ ဆောင်ရွက်ခဲ့မှုများ၊ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ရှင်သန်တည်တံ့ရေး အခြေအနေများ၊ တပ်မတော်ပိုမိုအားကောင်းစေရေးနဲ့ နိုင်ငံတစ်ခု စနစ်နှစ်ခုဖြင့် ရှေ့သို့ ဆက်လက် ဆောင်ရွက်သွားမယ့် အခြေအနေတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဆိုပါညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ အပါအဝင် တရုတ်နိုင်ငံ ပြည်တွင်းမီဒီယာတွေနဲ့ နိုင်ငံပေါင်း ၁၃၄ နိုင်ငံမှ သတင်းမီဒီယာသမား ၁၈၀၀ ကျော် သတင်းရယူခဲ့ကြပါတယ်။

၁၉ ကြိမ်မြောက် တရုတ် ကွန်မြူနစ်ပါတီ၏ အမျိုးသားညီလာခံ ပထမအကြိမ် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဘေဂျင်းမြို့ ပြည်သူ့မဟာခန်းမတွင် ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့အပါအဝင် ပြည်တွင်း၊ ပြည်ပမှ သတင်းထောက် ၂၉၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါ သတင်းစာရှင်းလင်းပွဲမှာ ဗဟိုစည်းမျဉ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ ဒုတိယ အတွင်းရေးမှူးချုပ်၊ စည်းမျဉ်းစည်းကမ်း ကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံတော်အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ယမ်ရှောင်တူနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းရုံးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ချီယုတို့ဟာ ပါတီထူထောင်ရေးလုပ်ငန်းနဲ့ ပါတီကို တင်းကျပ်စွာကြပ်မတ်ရေးဆိုင်ရာ အခြေအနေတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးအမြဲတမ်းကော်မတီဝင် ခုနစ်ဦး ရွေးချယ်ရာမှာ နိုင်ငံတော်သမ္မတ၊ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌ ရှီကျင့်ဖျင်နဲ့ ဝန်ကြီးချုပ် လီခဲ့ချန်တို့မှ လွဲ၍ လိကျန့်ဆူး၊ ဝမ်ရန်၊ ဝမ်ဟုနင်၊ ကျောင့်လဲ့ကျိနဲ့ ဟန်ကျိန့်တို့ဟာ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် အသစ်များအဖြစ် ရွေးချယ်ခြင်းခံခဲ့ရတာလည်းဖြစ်ပါတယ်။

**ဆင်းရဲမွဲတေမှုမှ ကယ်တင်နိုင်ရန် ရည်မှန်းထား**

တရုတ်နိုင်ငံအနေနဲ့ ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်သလို ပြည်သူအားလုံးနဲ့အတူ ချမ်းသာတဲ့ လူ့ဘောင်အဖွဲ့အစည်းဖြစ်ရေးတွန်းအားပေးလုပ်ဆောင်သွားမယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်မှာ ကြွယ်ဝချမ်းသာတဲ့ ခေတ်မီ လူမှုအဖွဲ့အစည်းတစ်ရပ် အပြည့်အဝတည်ဆောက်ရေးကို ရည်မှန်းထားပါတယ်။ ၂၀၁၆ ခုနှစ်အကုန်မှာ တရုတ်နိုင်ငံသား ၄၃ ဒသမ ၃၅ သန်းဟာ နိုင်ငံရဲ့ ဆင်းရဲမွဲတေမှု သတ်မှတ်ချက်မျဉ်းအထက်ကို ရောက်ရှိလာခဲ့ကြောင်းလည်း သိရပါတယ်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ခရီးသွားလုပ်ငန်းမှ တစ်ဆင့် ပြည်သူ ၁၂ သန်းကို ဆင်းရဲမွဲတေမှုမှ ကယ်တင်နိုင်ရန် ရည်မှန်းထားကြောင်းလည်း သိရပါတယ်။

သမ္မတ ရှီကျင့်ဖျင်အနေနဲ့ တရုတ်နိုင်ငံရဲ့ ကမ္ဘာလုံးဆိုင်ရာ အင်အားကြီးမားမှု နှစ် ၃၀ စီမံကိန်းနဲ့ ခေတ်သစ်ကို ရေးဆွဲချပြခဲ့ပြီး ကိုယ်ပိုင်ဆိုရှယ်လစ်ပုံစံနဲ့ ချပြပုံဖော်လိုက်ခြင်းပင် ဖြစ်ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သမ္မတ ရှီအား ချီးကျူးဂုဏ်ပြုခဲ့ပြီး သမ္မတ ရှီကို တရုတ်နိုင်ငံရဲ့ ဘုရင်တစ်ပါးဟု ပြောဆိုမှုများရှိသလို ခေတ်သစ် မော်စီတုန်းဟုလည်း တင်စားပြောဆိုမှုများလည်း ရှိနေပါတယ်။

**အဂတိလိုက်စားမှုကို ထိရောက်စွာ အရေးယူ**

သမ္မတ ရှီ စတင် ကျင့်သုံးခဲ့တဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး အစီအစဉ်မှာ အင်အားကြီးသူတွေနဲ့ ချမ်းသာကြွယ်ဝသူတွေကို နိုင်ငံတစ်ဝန်း လိုက်လံဖမ်းဆီးပြီး အရေးယူမှုတွေ ပြုလုပ်စေခဲ့ပါတယ်။ နောက်ထပ် ငါးနှစ်သက်တမ်းမှာလည်း အဂတိ လိုက်စားမှုကို ထိရောက်စွာ အရေးယူသွားမယ်လို့လည်း အတိအလင်း ပြောကြားထားပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုကို ပြောင်းလဲရာမှာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံရေးတန်ဆာပလာအဖြစ် သုံးစွဲစေခဲ့တာကိုလည်း တွေ့ရမှာပါ။

တရုတ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် တည်ဆောက်ရာမှာ ကွန်မြူနစ်ပါတီရဲ့ ဦးဆောင်မှုဖြင့်သာ လုပ်ဆောင်သွားမှာဖြစ်ကြောင်းကို သမ္မတ ရှီကျင့်ဖျင်က ညီလာခံမိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးစုပေါင်း ၅၆ မျိုး၊ လူဦးရေ ၁ ဒသမ ၃၇ ဘီလီယံ၊ ကမ္ဘာ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တရုတ်နိုင်ငံဟာ သမ္မတ ရှီကျင့်ဖျင်ရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့် ဆက်လက် ဖော်ဆောင်သွားလျက်ရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# မင်းဘူး(စကု)မြို့နယ်တွင် အုတ်ဈေးကောင်းသဖြင့် အုတ်ဖိုလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်း

**မင်းဘူး နိုဝင်ဘာ ၁၀**
ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများ အားထည့်လုပ်ကိုင်လာကြသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အဆောက်အအုံဆောက်လုပ်သူများက မှာယူကြသဖြင့် အုတ်ဖိုလုပ်ငန်း လုပ်ကိုင်နေသူများ ဝင်ငွေကောင်းလျက်ကြောင်း သိရသည်။

ယခင်နှစ်က အုတ်တစ်လုံးကို ငွေကျပ် ၆၀ သာရှိသော်လည်း ယခုနှစ်တွင် ကျပ် ၈၀ ထိ ပေါက်ဈေးရှိကြောင်း၊ အိမ်အရောက်၊ နေရာအရောက် ပို့ပေးရမည်ဆိုပါက နေရာအကွာအဝေးပေါ် မူတည်ပြီး အုတ်သယ်ခ၊ ကားခ သပ်သပ်ထပ်ပေးရကြောင်း အုတ်ရောင်းဝယ်သူ တစ်ဦးထံမှ သိရသည်။

"ဒီနှစ်မှာ အုတ်ဖုတ်ဖို့အတွက် လောင်စာ၊ ထင်း၊ စပါးခွံတွေက မှာရခက်ပြီး ဈေးတက်လာတယ်၊ အုတ်ဖိုမှာလုပ်တဲ့ အလုပ်သမားမိသားစုတွေကိုလည်း ငွေကြိုထုတ်ပေးရတယ်၊ အုတ်တစ်လုံးကို ရိုက်ခ ၁၂ ကျပ်နှုန်းနဲ့ သူတို့ရိုက်တဲ့ အုတ်ပေါ်မှာမူတည်ပြီး ငွေပြန်ရှင်းပေးရတယ်၊ အလုပ်သမားတစ်ဦးလျှင် အုတ်အလုံးရေ ၄၀၀ နဲ့ ၅၀၀ ကြားရိုက်နိုင်တယ်၊ အုတ်ဖုတ်ဖို့လိုအပ်တဲ့ ထင်းကိုတော့ ကားအစီးလိုက် မှာသုံးတယ်၊ ထင်းဈေး၊ အလုပ်သမားဈေးတွေ မြင့်လာလို့ အုတ်ဈေးတွေလည်း မြင့်လာတာပါ၊ အုတ်ဈေးကောင်းနေပေမယ့် အုတ်အမှာများတာကြောင့် ဖိုကထွက်တဲ့အုတ်များ ထုတ်မလောက် ရောင်းကောင်းနေပါတယ်"ဟု မင်းဘူးမြို့နယ် ကျွဲသိုးမြောင်ရွာမှ အုတ်ထုတ်လုပ်ရောင်းချသူ ကိုကျော်ငွေးက ပြောပြသည်။

အုတ်ဖိုလုပ်ကိုင်နေသော ဦးဆန်းဝင်းက "လယ်ချိန်၊ ယာချိန်ပြီးတာနဲ့ အုတ်ဖိုရှိတဲ့နေရာကို မိသားစုလိုက်ပြောင်းလာပြီး အုတ်ရိုက်တယ်၊ ညဘက် အုတ်ဖိုမီးထိုးတယ်၊ မီးထိုးခက တစ်ညကို ငွေကျပ် ၄၀၀၀ ရတယ်၊ မိသားစုလိုက် အုတ်ရိုက်တာ တစ်ရက်ကို အုတ်အလုံးရေ ၁၃၀၀ လောက်ပြီးတယ်" ဟု ပြောသည်။

**မင်းဘူး(စကု)**

**သက်ရှိအားလုံး ရှင်သန်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**




# ကမ္ဘောဇဘဏ် ဘဏ်ခွဲ ၅၀၀ ပြည့် ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၀**
မြန်မာနိုင်ငံ၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံ နေရာအနှံ့အပြား ကျေးလက်ဒေသများအထိ ဘဏ်ခွဲသစ်များ တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ကမ္ဘောဇဘဏ်၏ ၅၀၀ ပြည့်ဘဏ်ခွဲဖြစ်သော ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲကို နိုဝင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရား လမ်းထောင့်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **၀၁၀**

# ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော အကြမ်းဖက်မှုများနှင့် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ ဟောပြောဆွေးနွေး

**အောင်မြေသာစံ နိုဝင်ဘာ ၁၀**
ပြည်သူမှပြည်သူသို့ အစီအစဉ် ကမ္ဘာကြီးကိုခြိမ်းခြောက်နေသော အကြမ်းဖက်မှုများနှင့် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၁၂) လမ်း၊ (၈၆) လမ်းနှင့် (၈၇) လမ်းကြားရှိ ဝင်းရတနာခန်းမ၌ ကျင်းပသည်။

ထို့နောက် အမျိုးသားစာပေဆုရ စာရေးဆရာ ညီပုလေး၊ ဒေါက်တာအောင်မျိုး၊ ဦးတင်အေးကြူ၊ ဦးဝင်းမော် (ရွှေသံစဉ်)၊ ဦးညိုထွန်းတို့က ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော အကြမ်းဖက်မှုများနှင့် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေကို စကားဝိုင်းဆွေးနွေးဟောပြောကြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းရာ စကားဝိုင်းဆွေးနွေးသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။ အခမ်းအနားတွင် နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# ယာဉ်အန္တရာယ် ကင်းဝေးစေရေး ယာယီယာဉ်ရပ်နားစခန်း ဘုတလင်မြို့တွင် ထားရှိ

**ဘုတလင် နိုဝင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့သည် မုံရွာ-ရေဦး-တန့်ဆည် ကားလမ်းမကြီးဘေးတွင် အချက်အချာကျသည့် မြို့ဖြစ်သည့်အတွက် ခရီးသည်တင် မော်တော်ယာဉ်များ စနစ်တကျ ရပ်နားနိုင်စေရေးနှင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဘုတလင်မြို့ ကြေးရုပ်အနီး မြို့နယ်စက်မှုလယ်ယာရုံးရှေ့တွင် ယာယီယာဉ်ရပ်နားစခန်း တစ်ခု စီစဉ်ဆောင်ရွက်ပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

အဆိုပါ ယာယီယာဉ်ရပ်နားစခန်းသည် အလျား ၁၅၆ ပေ၊ အနံ ၁၅ ပေ ရှိပြီး မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂ သိန်းဖြင့် ကျောက်ချောခင်းကာ စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

အလားတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီကလည်း ယာဉ်အန္တရာယ် ကင်းဝေးစေရေးအသိပညာပေးမှုများကို တစ်လလျှင် နှစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်ဆက်)**

# ဖူဆယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသားဖူဆယ်အသင်း အနိုင်ရဗိုလ်စွဲ

**နေပြည်တော် နိုဝင်ဘာ ၁၀**
တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်၍ ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသော ရခိုင်ပြည်နယ်အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ပထမဆုရရှိသော ပဲခူးတိုင်းဒေသကြီး အသင်းအား အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်တီအဖွဲ့ဝင် ဒေါ်လှိုင်ဇာက တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ ဖူဆယ်အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးဝင်းဇော်က တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆု ရရှိသော ရှမ်းပြည်နယ်အသင်းအား အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် မန်းထွန်းကြိုင်က တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းအား အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ငွေက တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ဖူဆယ်အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားဆုရ ရှမ်းပြည်နယ်အသင်းမှ ကျောနံပါတ် ၁ စံဖြိုးနှင့် အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကျောနံပါတ် ၁၀ သီဟသူတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငွေအောင်က အကောင်းဆုံး ဆုတံဆိပ်များကိုလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက် ဆုဖလား ရရှိသွားသော ပဲခူးတိုင်းဒေသကြီး အသင်းအား အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါ်နော်ဆာမူတူးက တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ အမျိုးသားတံခွန်စိုက် ဆုဖလား ရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက တံခွန်စိုက်ဆုဖလားကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**





# မန္တလေး ညောင်ပင်ဈေး မီးဘေးကာကွယ်ရေး မီးငြှိမ်းသတ်မှုနှင့် ရှာဖွေ ကယ်ဆယ်ရေးမီးသတ်တပ်ဖွဲ့ဝင်များ ဇာတ်တိုက် လေ့ကျင့်

**အောင်မြေသာစံ နိုဝင်ဘာ ၁၀**
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ မီးဘေးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူများအား ကူညီဆောင်ရွက်ပေးရန်အတွက် မီးသတ်ဦးစီးဌာန၏ မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ နွေမှာအသင့် ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသည် သန္ဓေနှင့် ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

မန္တလေး အောင်မြေသာစံမြို့နယ် (၈၆) လမ်း၊ (၁၈) လမ်းနှင့် (၁၉) လမ်းကြားရှိ ညောင်ပင်ဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီက ဆောင်ရွက်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ရေးယာဉ်များ အသုံးပြုပြီး မီးငြှိမ်းသတ်ခြင်း၊ ဈေးအတွင်း ပိတ်မိနေသူများအား အဆင့်မြင့် အသက်ကယ် ကိရိယာများ အသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းများကို သန္ဓေနှင့် ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ မီးသတ်ယာဉ် အစီး ၂၀ ဖြင့် ဈေးပတ်လည်တွင် စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် ဒေသ အရန်မီးသတ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်းနှင့် ကော်မတီဝင်များ၊ တပ်ခွဲမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဈေးဌာနခွဲမှူးနှင့် ဝန်ထမ်းများ၊ ညောင်ပင်ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# ဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်းဆင်းပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၀**
မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော ဖမ်းဆီးနည်း(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မိုး၊ မော်လမြိုင်ခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဘုန်းနိုင်၊ ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်း၊ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဆွေ၊ မွန်ပြည်နယ် သတင်းတပ်ဖွဲ့မှ ရဲမှူး အေးလွင်၊ မော်လမြိုင်မြို့ပေါ်ရှိ နယ်မြေရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများ၊ မွန်ပြည်နယ် ၁၀ မြို့နယ်မှ အခြားအဆင့် တပ်ဖွဲ့ဝင် သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလ နှစ်ပတ်ကြာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **(၃၀၇)**

# နည်းပညာလိုအပ်ချက်အရ ယခုလက်ရှိ လေယာဉ်ငယ်ကို ပျံသန်းခြင်းမပြုဘဲ လေယာဉ်အသစ် တည်ဆောက်သွားမည်

**မုံရွာ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျွန်းကြီးကျေးရွာတွင် သစ်သားကိုယ်ထည်ဖြင့် တည်ဆောက်ထားသည့်လေယာဉ်ငယ်သည် နည်းပညာလိုအပ်ချက်များအရ ပျံသန်းခြင်းမပြုဘဲ အလူမီနီယံဖြင့် လေယာဉ်အသစ်တစ်စီး ပြန်လည်တည်ဆောက်သွားရန် ကြိုးစားသွားမည် ဖြစ်ကြောင်း လေယာဉ်တည်ဆောက်သူ အသက် ၁၉ နှစ် လူငယ်လေး၏ ပြောပြချက်အရ သိရသည်။

"အခုလေယာဉ်မှာက ကိုယ်ထည်ပိုင်း၊ အင်ဂျင်ပိုင်းနဲ့ ပျံသန်းရေးအပိုင်းတွေ အားလုံးမှာ အားနည်းချက်တွေ ရှိတယ်ဆိုတာကို ရန်ကုန်မြို့မှာရှိတဲ့ မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှာ သွားရောက် လေ့လာခွင့်ရခဲ့တဲ့အတွက် သိရှိခဲ့ရတယ်၊ အဲဒီက လေကြောင်းအင်ဂျင်နီယာတွေ၊ စက်ပြင်အင်ဂျင်နီယာတွေရဲ့ ပြောပြချက်တွေအရ သိခဲ့ရတယ်၊ ကျွန်တော်ရဲ့ အဓိကအားနည်းချက်က အင်္ဂလိပ်စာတတ်မြောက်မှု အားနည်းချက်ပါ၊ နောက်ပြီးလေယာဉ်တည်ဆောက်တဲ့အခါမှာ တောင်ပံချိန်နည်း၊ ကိုယ်ထည်ချိန်နည်းတွေ သိရှိခဲ့တယ်၊ အခု တည်ဆောက်ထားတဲ့ လေယာဉ်မှာက အဲဒီနည်းစနစ်တွေကို မသိဘဲ ခန့်မှန်းတည်ဆောက်ထားရတဲ့အတွက် အားနည်းချက်တွေရှိနေပါတယ်၊ ကိုယ်ထည်မှာက သစ်သားတွေနဲ့ တည်ဆောက်ထားတာဆိုတော့ အလေးချိန်ကများပြီးတော့ ခိုင်ခံ့မှုမှာလည်း အားနည်းတယ်၊



နောက်တစ်ခုက အင်ဂျင်ပိုင်းပေ့ါ၊ အင်ဂျင်အားက တစ်လုံးထိုး ၁၆ ကောင် အားနဲ့ဆိုတော့ အင်ဂျင်လည်ပတ်အား အပတ်ရေကမမီဘူး၊ အဲဒါကြောင့် ပျံသန်းမှုအပိုင်းမှာ အန္တရာယ်ရှိတယ်၊ အဲဒီအားနည်းချက်တွေကို ပြင်ဆင်ပြီး အသစ်တစ်စင်းကို ပြန်လည် တည်ဆောက်မှာပါ၊ ကျွန်တော်ရဲ့ လက်သမားလုပ်တဲ့ လုပ်အားခလေးနဲ့ စုဆောင်းပြီး လုပ်ရမှာဆိုတော့ အချိန်တော့ ယူရဦးမှာပါ"ဟု လေယာဉ်တည်ဆောက်သူ မောင်ကျော်ဇင်ဝင်းက ပြောသည်။

ယခုလက်ရှိ တည်ဆောက်ထားသော လေယာဉ်ငယ်သည် ပျံသန်းနိုင်ရန် လုံလောက်သောနည်းပညာပိုင်း လိုအပ်ချက်များရှိခြင်း၊ တည်ဆောက်မှုအပိုင်းတွင် စနစ်ကျမှုအားနည်းခြင်း၊ သစ်သားများဖြင့် တည်ဆောက်ခဲ့သည့်အတွက် ကိုယ်ထည်အလေးချိန်များပြီး တပ်ဆင်ထားသော အင်ဂျင်မြင်းကောင်ရေ အားနည်းခြင်းနှင့် မောင်းနှင်သူအတွက် လုံခြုံမှု အားနည်းမှုများကြောင့် ပျံသန်းခြင်းကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး အလူမီနီယံဖြင့် လေယာဉ်အသစ်တစ်စင်း တည်ဆောက်သွားရန် စီစဉ်နေကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## နမ့်ဆန်၌ တိုင်းရင်းသူ အမျိုးသမီးပေါင်းစုံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပ

**နမ့်ဆန် နိုဝင်ဘာ ၁၀**

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ တိုင်းရင်းသူ အမျိုးသမီးပေါင်းစုံနှင့် တွေ့ဆုံ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မြို့မဂိုဏ်းချုပ်ကျောင်းခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တွေ့ဆုံနှီးနှောဖလှယ်ပွဲတွင် ပလောင်တိုင်းရင်းသားများ၏ ရိုးရာ တိုင်းရင်းအကများနှင့် မိတ်ဆက်ကာ အမျိုးသမီးခေါင်းဆောင်မှု သင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၈ ဦးနှင့် လူမျိုးပေါင်း ၁၄ မျိုးတို့က သီချင်းများ၊ အကများဖြင့် ဖျော်ဖြေပြီး သင်တန်းကျောင်းမှ ဆရာမ တစ်ဦးက သင်တန်းကျောင်းအကြောင်းကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

ယင်းနောက် နမ့်ဆန် မြို့နယ်အတွင်းရှိ ရပ်ရွာ လူငယ်များက မိတ်ဆက်ပြီး ပလောင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့များ၊ ဝတ်စားဆင်ယင်မှုများ အကြောင်းကို ပလောင်တိုင်းရင်းသူတစ်ဦးက ရှင်းလင်းခဲ့သည်။ ဆက်လက်၍ အမျိုးသမီး ခေါင်းဆောင်မှု သင်တန်းကျောင်းမှ ဆရာမတစ်ဦးက လူငယ်များအပေါ် အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**ကသာ နိုဝင်ဘာ ၁၀**

ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးငယ်များ ဉာဏ်ရည် ထက်မြက်စေရေးနှင့် ကလေးများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကသာမြို့တွင် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကသာမြို့ အထက(၁)တွင် ကျင်းပမည်ဖြစ်ပြီး ယင်းကလေးစာပေပွဲတော်ကျင်းပနိုင်ရေးအတွက် ကသာမြို့ရှိ ဌာနဆိုင်ရာများ၊ ပညာရေးဌာနများ၊ စာရေးဆရာအသင်းများ၊ သတင်းမီဒီယာအဖွဲ့များ၊ ပြင်ပလူ့အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများ ပြုလုပ်လျက်ရှိသည်။

ကလေးများအတွက် ပြိုင်ပွဲများ ပြုလုပ်နိုင်ရေး၊ ၎င်းပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ပြခန်းများ ပြသနိုင်ရေး၊ ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကလေး



စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများ ကျင်းပနိုင်ရေးနှင့် ပြည်သူအများ သိရှိနိုင်စေရေးအတွက် ကြော်ငြာခြင်းလုပ်ငန်း စသည့် လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲနှင့် ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရေး ဌာနနှင့် လူမှုရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေ ၅၀ အထက် တံတားကြီး ၁၁ စင်း ကချင်ပြည်နယ်အတွင်း တည်ဆောက်

**မြစ်ကြီးနား နိုဝင်ဘာ ၁၀**

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးအတွက် တံတားဦးစီးဌာနမှ သံကူကွန်ကရစ် တန် ၆၀ ခံနိုင်ဝန်ရှိ ပေ ၅၀ အထက် တံတားကြီး ၁၁ စင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်လျက်ရှိပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအပိုင်းရှိ တံတားကြီးများအား ၂၀၂၀ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကာ ပြီးစီးသွားပါက အဆိုပါလမ်းပိုင်းအား နာရီပိုင်းနှင့် ခရီးပေါက်ရောက်ရှိမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁) မြစ်ကြီးနားမြို့ တံတားအထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးထံမှ သိရသည်။

"ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာ ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်နယ်ဝန်ကြီးတွေရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ရန်ပုံငွေနဲ့ ပေ ၅၀ အထက် တံတားကြီး ကိုးစင်း၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေရရှိမှုနဲ့ တံတားနှစ်စင်း တည်ဆောက်လျက်ရှိပါတယ်၊ ဒီလိုတည်ဆောက်လျက်ရှိတဲ့တံတားတွေမှာ မြစ်ကြီးနား-ဆွမ်ပရာဘွမ် လမ်းအပိုင်းမှာ တံတားကြီး ခြောက်စင်း၊ ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်းမှာ တစ်စင်း၊ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းအပိုင်းမှာတော့ တံတား နှစ်စင်း၊ မြစ်ကြီးနား-ဗန်းမော်လမ်းအပိုင်းမှာ တစ်စင်းနဲ့ ပူတာအိုခရိုင် မချမ်းဘော-ဖရွှခ-နောင်မွန်းလမ်းအပိုင်းမှာ တစ်စင်းတည်ဆောက်လျက်ရှိပါတယ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအပိုင်းမှာတည်ဆောက်လျက်ရှိတဲ့ တံတား ခြောက်စင်းကတော့ အရှည် ၂၉၆ ပေရှိတဲ့ တံတားအမှတ်(၂/၅၄) တီယာန်ဇွတ် တံတား၊ အရှည် ၁၉၇ ပေရှိတံတားအမှတ်(၂/၇၇) ဒရွှခတံတားနဲ့အရှည် ၂၀၄ ပေရှိ တံတားအမှတ်(၆/၁၁၁)ဆီနင်ခတံတား သုံးစင်းကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်မှာဖြစ်ပြီး ကျန်တံတားသုံးစင်းကတော့ ဒီနှစ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်လျက်ရှိပါတယ်၊ တံတားတည်ဆောက်တဲ့နေရာမှာ စံချိန်စံညွှန်းပြည့်မီစွာနဲ့ အချိန်မီပြီးစီးရေးအတွက် တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဇင်ထွေးက ပြောကြားသည်။

ယခင်က မြစ်ကြီးနားမြို့မှ ပူတာအိုဒေသသို့ သွားလာလျှင် ၁၅ ရက်မှ ၃၀ ရက် အထိ ကြာမြင့်ကာ ယခုအခါတွင် လမ်းဦးစီးဌာနမှလည်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခင်းကျင်းလျက်ရှိပြီး တံတားဦးစီးဌာနမှ ယခင် ၁၃ တန်ခံနိုင်ဝန်ရှိသံဘေလီတံတားများနေရာတွင် အဆင့်မြှင့် တန် ၆၀ ခံနိုင်ဝန်ရှိ သံကူကွန်ကရစ် တံတားများအစားထိုးတည်ဆောက်ပေးခြင်းကြောင့် ဆွမ်ပရာဘွမ်နှင့် ပူတာအိုဒေသတွင်းနေပြည်သူများအနေဖြင့် ဒေသထွက် ကုန်စည်များအား လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်မည့်အပြင် ဝေးလံခေါင်ဖျားဒေသများတွင် လိုအပ်သည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများအား ဈေးနှုန်းချိုသာစွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကာ ယခုအချိန်တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ မောင်းနှင်သွားလာပါက ၁၅ နာရီ ကြာမြင့်မည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဇင်ထွေးထံမှ သိရသည်။

**ဦးလေးကြီး**

# ၉၇ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မင်းဘူး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပညာရေးဌာနတို့ ပူးပေါင်းကာ ၉၇ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူမှုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မင်းဘူး (စကု)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ က "အမျိုးသားနေ့နှင့် ကျောင်းသားများတာဝန်"ခေါင်းစဉ်ဖြင့် ဝင်ရောက် ဖြေဆိုခဲ့ကြသည်။

ပြိုင်ပွဲသို့ မင်းဘူး(စကု)မြို့နယ် ဒု-မြို့နယ်ပညာရေးမှူး ဦးမောင်မောင်သိန်းနှင့် ဆရာ ဆရာမများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ကို ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။ **ဖိုးပြည့်(မင်းဘူး)**

# လက်တွေ့အသုံးချ ဆေးနည်းတိုများ(၃၉)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာခင်ဗျာ၊ သားက အသက် (၁၉)နှစ်ပါ။ တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ကျထားလို့ ပြန်ဖြေဖို့ကြိုးစားနေပါတယ်။ ကျွန်တော်အခုဖြစ်နေတာက စာကျက်လို့မရလို့ စိတ်ထိခိုက်ရင် ဘယ်ဘက်ရင်အုံက တအားအောင့်တယ်။ အသက်ရှူလည်း မဝပါ။ ခြေလက်တွေပါ မသယ်ချင်အောင်ဖြစ်လာတယ်ဆရာ။ ဘာကြောင့်လဲမသိဘူး။ ဆေးနည်းလေးညွှန်းပေးပါဆရာ။**

အိပ်ရေးပျက်များတဲ့အခါ၊ နှလုံးအားနည်းပြီး သွေးပေါင်ချိန်ကျတဲ့အခါ ခြေလက် မသယ်ချင် ဖြစ်တတ်တယ်။ အဲဒီအခါ ဘယ်ဘက်ရင်ဘတ်နဲ့ နောက်ကျောလက်ပြင်အထိ အောင့်လာ တတ်ပါတယ်။ အိပ်ရေးဝအောင် ဂရုစိုက်ပါ။ စာကျက်မရတဲ့အခါ စိတ်ဓာတ်မကျဘဲ အနားယူပြီးမှ ပြန်ကျက်ပါ။ ရှောက်ရည်နဲ့ ပျားရည်ကို ရေအေးနဲ့စပ်သောက်ပါ။ မြင်းခွာရွက်ကို ထောင်း၊ အရည်ညှစ်၊ နွားနို့နဲ့သကြားရောပြီး ဖျော်ရည်လုပ်သောက်ပါ။ လေကောင်းလေသန့် ရတဲ့နေရာမှာ အသက်ရှူလေ့ကျင့်ခန်းပြုလုပ်ပေးပါ။ စိတ်ကြည်ကြည်လင်လင်ထားပြီး အသက်ရှူပေးရင် နှလုံးသွေးလည်ပတ်မှုကောင်းပြီး ရင်ဘတ်အောင့်ရောဂါပျောက်နိုင်ပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့်ရဲ့ဖခင်ကြီးက အသက် (၇၄) နှစ်ပါ။ ဆီးကျိတ်ကြီးနေလို့ ဆေးခန်းပြတာ၊ ခွဲပြီးဆီးကျိတ်ခြစ်ရမယ်ပြောပါတယ်။ မြန်မာဆေးနည်းတွေရှိရင် ညွှန်ကြားပေးပါ။ ဆီးသွားရင် ကြာပြီး အားမရပါ။**

ခရမ်းချဉ်သီးအနှစ်ထုတ်ပြီး အကြမ်းပန်းကန်တစ်လုံးစာမှာ ပျားရည်ဟင်းစားဇွန်းတစ်ဇွန်း ထည့်ခေါက်သောက်ပါ။ နလင်ကျော်သွေးရည် တစ်ဇွန်း၊ ပျားရည်တစ်ဇွန်း စပ်သောက်ပါ။ အစာနဲ့ဝေးဝေး ညအိပ်ရာဝင်ခါနီး သောက်ပါ။ နှစ်ပတ်လောက်ဆက်သောက်ပါ။ ဆီးခုံမှာ နလင်ကျော်တုံး သွေးလိမ်းပါ။

**ဆရာခင်ဗျာ၊ ဆီးကျိတ်အတွက် သောက်ဖို့ ဆေးနည်းနှစ်မျိုးက နှစ်မျိုးလုံး လုပ်ရမလားခင်ဗျာ။ အဖေက ဆီးကျိတ်အတွက် သွေးစစ်တာ (Psa 6 လို့ Result) ထွက်ပါတယ်။ သောက်လို့ရပါသလားခင်ဗျာ။**

နှစ်မျိုးလုံးသောက်ရပါမယ်။ ခရမ်းချဉ်သီးဖျော်ရည်ကို နေ့မှာသောက်ပြီး နလင်ကျော်နဲ့ပျားရည်ကို ညဘက်မှာသောက်ပါ။ လိမ်းဆေးကတော့ အဆင်ပြေတဲ့ အချိန်လိမ်းပါ။

အကြောင်းပြန်။ ဆရာခင်ဗျာ အရင်ဆုံးရှိသေစွာကန်တော့ပါတယ်ခင်ဗျာ။ ဒီနေ့ ကျွန်တော့အဖေ Psa ပြန်စစ်တာ ၆ ဒသမ ၅ ကနေ ၃ ဒသမ ၇၅ အထိ ပြန်ကျသွားပါတယ်ခင်ဗျာ။ ဆရာပေးတဲ့သောက်ဆေးရောလိမ်းဆေးပါ အတိအကျလုပ်ပါတယ်။ ဆီးသွားလို့လည်း ကောင်းလာပါတယ်။ အခုခွဲဖို့လည်း မလိုဘူးလို့ပြောပါတယ်ဆရာ။ ကျေးဇူးကြီးလှပါတယ်ခင်ဗျာ။ (၁၀ ရက်အကြာ အကြောင်းပြန်တာဖြစ်ပါတယ်။)

**ဆရာခင်ဗျာ၊ ကျွန်တော်ဘောလုံးကန်ရင်း ခြေထောက်ကျိုးသွားပါတယ်။ တစ်လခွဲကြာ ကျောက်ပတ်တီးစည်းပြီး ဓာတ်မှန်ပြန်ရိုက်တော့ ကျိုးတာဆက်သွားပြီလို့ ပြောပါတယ်။ ဒါပေမယ့် ခြေထောက်က ရောင်နေပါတယ်။ လမ်းသွားရင် ပိုပြီးရောင်ပါတယ်။ ဘယ်လိုဆေးမျိုးသုံးစွဲရမယ်ဆိုတာ ညွှန်ကြားပေးပါခင်ဗျာ။**

ကျိုးတာ ဆက်သွားပေမယ့် ကြွက်သားနဲ့အရွတ်အဆစ်တွေမှာ ဒဏ်ကျန်နေလို့ပါ။ ခြေထောက်ကို ဆားရည်နွေးနွေးစိမ်ပေးပါ။ ဒဏ်ကျေလိမ်းဆေးအဖြစ် ချင်းခြောက်မှုန့်နှစ်ဆ၊ လင်းနေမှုန့် တစ်ဆ၊ မိဿလင်မှုန့် တစ်ဆရော (ပရဆေးဆိုင်မှာ ကြိတ်ခိုင်းပါ။) ရေနွေးပူပူနဲ့ဖျော်ပြီး ရောင်တဲ့နေရာမှာလိမ်းပါ။ ဒဏ်ကျေပြီး အရောင်ကျသွားပါလိမ့်မယ်။

**ဆရာကြီးရှင့်၊ ကျွန်မအမျိုးသားက ပူအိုက်တဲ့ရာသီဆို ညှင်းထွက်ပါတယ်။ ရေလည်း နေ့တိုင်းချိုးပါတယ်။ ညှင်းပျောက်အောင် ဘာလုပ်ပေးရမလဲရှင့်။ ဖြေကြားပေးပါရှင့်။**

ချွေးထွက်တဲ့အဝတ်တွေကို နောက်တစ်နေ့မှာ ထပ်မဝတ်ပါနဲ့။ ဆပ်ပြာနဲ့သေချာလျှော်ပြီး နေပူလှန်းပါ။ ညှင်းကွက်တွေကို သံပရာသီးခြမ်းနဲ့တိုက်ပြီး တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပေးပါ။ ဒန့်ကျွဲစေ့ကိုလှော်ပြီး အမှုန့်ကြိတ်၊ သံပရာရည်နဲ့ဖျော်လိမ်းပါ။ ကြိတ်မှုန့်ရွက်အရည်ကို နေ့စဉ်လိမ်းပေးရင်လည်း ညှင်းပျောက်နိုင်ပါတယ်။

**ဆရာကြီးရှင့်၊ လက်မှာဆီပူလောင်တာ ဖုတွေထွက်လာပါတယ်ရှင့်။ ဖောက်လိုက်တော့ အရည်ကြည် ထွက်ပြီး အသားဖတ်လန်သွားပါတယ်။ အမာရွတ် မကျန်အောင် ဆေးနည်းတိုလေးပေးပါရှင့်။**

နှမ်းစိမ်းကို ညက်အောင်ဝါးပြီး အနာပေါ်မှာ အုံကပ်ပါ။ ပြီးရင် အဝတ်ပါးနဲ့စည်းထားပါ။ ရေမထိပါစေနဲ့။ ခြောက်လို့ကွာတဲ့အခါ အမာရွတ်မထင်တဲ့နည်းဖြစ်တယ်။

**ဆရာ၊ ကျွန်မတို့ငယ်စဉ်က အဒေါ်ကြီးနဲ့ အစ်မကြီးတော်သူတွေ ရေချိုးရင် ဆားကြမ်းနဲ့ ပွတ်ချိုးတာ တွေ့ဖူးပါတယ်။ အဲဒီလိုပွတ်ချိုးတာ ဘာကောင်းတာလဲ ဆရာ ဖြေကြားပေးပါ။**

အသားပပ်သူတွေ၊ ခြေလက်ချွေးမထွက်သူတွေ၊ အသားကြမ်းသူ၊ ဖနောင့်ကွဲအက်သူတွေ၊ ကြာဆူးပေါက်သူတွေ ဆားကြမ်းနဲ့ပွတ်ပြီး ရေချိုးရင် ချွေးထွက်ပြီး အသားအရေစိုပြည်လာတတ်တယ်။ ပပ်ကြားအက်တာ၊ အသားအရေကြမ်းတာ၊ ခြောက်တာတွေ သက်သာပြီး နူးညံ့စိုပြည်လာစေနိုင်ပါတယ်။

**ဆရာ မင်္ဂလာပါရှင့်။ ညီမလေးတစ်ယောက် ခြေထောက်မှာ နှင်းခူပေါက်နေတာ ကြာပါပြီဆရာ။ သေးသေးလေးကနေ အခုပွားလာလို့ ဆေးထိုးရင်ပျောက်တယ်ပြောလို့ အရေပြားဆရာဝန်နဲ့ပြတော့ သွေးတိုးနေလို့ ဆေးထိုးမပေးပါဘူး ဆရာ။ သုံးကြိမ်လောက် သွားတိုင်းတာ သွေးတိုးနေလို့ အဆင်မပြေပါဘူး ဆရာ။ အဲဒါ မြန်မာဆေးနည်းလေးနဲ့ ကုချင်ပါတယ်ရှင့်။ ကျေးဇူးပြုပြီး ဖြေကြားပေးပါ။**

ရွှေဖရုံရွက်ကို ပြာချပြီး အုန်းဆီနဲ့ရော ဖျော်လိမ်းပါ။ လက်တွေ့ပျောက်သူရှိပါတယ်။ (တစ်နည်း) ဆင်အရေပြား (ဆင်ရေ) ပရဆေးဆိုင်မှာ မေးဝယ်ပါ။ သံပြားပေါ်တင်ပြီး ပြာချပါ။ အုန်းဆီနဲ့ ဖျော်လိမ်းရင် နှင်းခူအစိုရောဂါပျောက်ပါတယ်။

**ဆရာရှင့်၊ သွေးဆုံးပြီးနောက် ဇက်ကြောတွေတက်၊ ဖနောင့်ကြောတွေနာ၊ မစားချင် မသောက်ချင်ဖြစ်၊ ညအိပ်မပျော်ဖြစ်နေပါတယ်။ သွေးဆုံးကိုင်ရောဂါလို့ ပြောကြပါတယ်။ ဆေးနည်းလေးတွေရှိရင် ပြောပြပေးပါရှင့်။**

သွေးဆုံးကိုင်ပျောက်ဆေးနည်း-

| | | |
|---|---|---|
| ရှားစောင်းလက်ပပ် | - | ၂၅ ကျပ်သား |
| မန်ကျည်းမှည့် | - | ၂၅ ကျပ်သား |
| ထန်းဖိုထန်းလျက် | - | ၂၅ ကျပ်သား |
| ပျားရည် | - | ၁၀ ကျပ်သား |
| နှမ်းဆီ | - | ၁၀ ကျပ်သား |
| ဆားလှော် | - | ၂ ကျပ်သား |

တို့ကိုရောပြီး မီးအေးအေးနဲ့ကျို လက်ကော်ရမှချပါ။ မနက်၊ ည ဟင်းစားဇွန်းတစ်ဇွန်းစားပါ။

**ဆရာရှင့်၊ သမီးအသက် (၂၂) နှစ်ပါ။ ခေါင်းကိုက်ရောဂါရှိပါတယ်။ ဆေးခန်းပြပြီး သွေးစစ်ကြည့်တော့ လေးဖက်နာက ၄၀၀ ရှိတယ်လို့ပြောပါတယ်။ သွေးပျစ်တာ ၂၁၇ တောင်ရှိတယ်လို့ပြောပါတယ်။ သမီးရဲ့သွေးထဲမှာ အဆီက တအားများနေတယ်တဲ့။ သွေးကျဲအောင် ဘယ်လိုအစားအစာတွေစားရမလဲ ကျေးဇူးပြုပြီး ပြောပြပေးပါရှင့်။**

သွေးပျစ်တာ တချို့က မျိုးရိုးကြောင့်ပါ။ လူမဝအောင် ဂရုစိုက်ပါ။ ခြေလေးချောင်းသားတွေကို ရှောင်ရင် အကောင်းဆုံးပါ။ သွေးထဲမှာ အဆီများတာ လမ်းများများလျှောက်ပေးပါ။ ကြက်သွန်ဖြူ ကြက်သွန်နီ များများစားပေးပါ။ အစိမ်းအတိုင်း သံပရာရည်ညှစ်စားပါ။ နေ့စဉ်ပုံမှန် စားသုံးပေးရင် သွေးပျစ်ရောဂါပျောက်ကင်းစေနိုင်ပါတယ်။ လေးဖက်နာရောဂါအတွက် ကတော့ ဆရာဝန်ညွှန်ကြားတဲ့အတိုင်း သင့်တော်တဲ့ဆေးကို စားသုံးပါ။

**ဆရာကြီး၊ သားလေးက အသက်နှစ်နှစ်ပါ။ မဖျားဘဲနဲ့ အသားတွေက ပူနေပါတယ်။ သူများတွေပြောတော့ ကျောပူခေါင်းပူလို့ဆိုပါတယ်။ အပူသက်သာအောင် ဘာဆေးတွေ သုံးရမလဲပြောပြပေးပါရှင့်။**







ကလေးကို မနက်ပိုင်း ရေးမူ နေထန်းတစ်ဖျား (မနက် ၉ နာရီ) မကျော်ခင် အချိန်အတွင်း ခြေဖျားမှစပြီး ဦးခေါင်းထိ ရေလောင်းပြီး ချိုးပေးပါ။ ပြီးရင် ကံ့ကော်ဝတ်ဆံကို သနပ်ခါးနဲ့ ရောကြိတ်ပြီး တစ်ကိုယ်လုံးလိမ်းပေးပါ။ မြင်းခွာရွက်ကို အရည်ညှစ်၊ သကြားနဲ့ရောစပ်ပြီး ဖျော်ရည်လုပ်တိုက်ပေးပါ။ ခေါင်းပူရင် ကွမ်းရွက်မီးကင်အရည်ညှစ်၊ အုန်းဆီနဲ့ရောပြီး ငယ်ထိပ်မှာ လိမ်းပေးပါ။

**ဆရာရှင့်၊ ကျွန်မရဲ့မိခင်က အသက် (၅၂) နှစ်အရွယ်ပါ။ သွေးဆုံးတာ တစ်နှစ်ရှိပါပြီ။ အခုရက်အတွင်းမှာ ခြေလက်တွေ မကြာခဏကျဉ်ပါတယ်။ လေဖြတ်ချင်လို့များလား ဘာတွေဆင်ခြင်ရမယ်ဆိုတာ သိချင်ပါတယ်။**

သွေးဆုံးပြီးနောက် အမျိုးသမီးတွေဟာ ထုံကျဉ်ရောဂါဖြစ်လေ့ရှိပါတယ်။ အထိုင်များရင် ကျီးပေါင်းရှိရင်လည်း ကျဉ်တတ်ပါတယ်။ လေမဖြတ်အောင် ဂရုပြုရမယ့်အချက်ကတော့ သွေးပေါင် မှန်မှန်ချိန်ပါ။ သွေးတိုးရှိရင်တော့ သတိပြုပါ။ ထုံကျဉ်ရောဂါသက်သာစေဖို့ လမ်းများများ လျှောက်ခိုင်းပါ။ လေစာတွေ ရှောင်စားပါ။

**ဆရာ၊ ခြေမျက်စိနဲ့ခြေဖဝါးမှာ အသားမာတက်နေလို့ပါ။ လမ်းသွားရင်လည်း တအားနာပါတယ်။ ပျောက်ကင်းနိုင်မယ့် ဆေးနည်းသိချင်လို့ ဖြေကြားပေးပါဆရာ။**

မန်ကျည်းမှည့်နဲ့ဆားကြမ်းရောစပ်ပြီး ဆားရည်မှာ ခဏစိမ်ပေးပါ။ ဖီးကြမ်းငှက်ပျောသီးအခွံကို အသားရှိတဲ့ မျက်နှာဘက်က အသားမာရှိတဲ့ နေရာမှာကပ်ပြီး ပတ်တီးနဲ့စည်းထားပါ။ ညအိပ်ရာဝင်စည်း၊ မနက်အိပ်ရာထမှာ ဖြေပါ။ နှစ်ပတ်လောက်စည်းရပါမယ်။

**ဆရာကြီးရှင့်၊ သမီးလေးက အသက် ၁၀ လနဲ့ ၅ ရက် ရှိပါပြီရှင့်။ ဘာစားစား အန်နေပါတယ်။ နေမကောင်းလည်း မဖြစ်ဘဲနဲ့ အန်နေတာ ဘာကြောင့်ပါလဲရှင့်။ ဘယ်လို ဆေးမျိုးကျွေးသင့်တယ်ဆိုတာ ညွှန်ပြပေးပါရှင့်။**

ကလေး ၁၀ လကျော် မှောက်ချင်တဲ့အရွယ်မှာ လေအန်ပြီး အစာပါရောပါတတ်ပါတယ်။ အစာမကြေဖြစ်ပြီး ခြေဖျားအေးရင်လည်း အန်တတ်ပါတယ်။ ကလေးခြေဖဝါး ဆားပွတ်ပြီး ရေဖတ်တိုက်ပေးပါ။ မုန်ညင်းဆီ ငါးကျပ်သားမှာ ချင်းပါးပါးလှီး၊ ငါးလွှာထည့် မီးအပူပေးပြီးချက်ထားပါ။ အဲဒီအဆီကို ခပ်နွေးနွေးလေး ဗိုက်မှာလိမ်းပေးပါ။ ချက်တိုင်ကို ပတ်ပြီး နာရီလက်တံအတိုင်းလိမ်းပါ။ ပြီးရင် အဝတ်ပတ်ထားပေးပါ။ ကလေးလေအန်ရင် ကွမ်းရွက်နဲ့ဆားကို ထုပ်ပြီး မီးဖုတ်ပါ။ အဲဒီဆားမီးဖုတ်ကို ရွေးစေ့လောက် ကလေးကို ခွံ့ပေးပါ။

**ဆရာခင်ဗျာ၊ မနက်ခင်း ခံတွင်းအနံ့အသက်မနံအောင် ဘယ်လိုလုပ်ရပါမလဲခင်ဗျာ။ ကျွန်တော် ဝမ်းမှန်ပါတယ်။ မနက်အိပ်ရာထ ညအိပ်ရာဝင် သွားတိုက်ပါတယ်။ လျှာကိုပါတိုက်ပါတယ်။ ဒါပေမယ့် မနက်ကျရင် လျှာထူသလိုဖြစ်နေပြီး အညစ်အကြေးတွေက လျှာပေါ်လာစုသလိုဖြစ်နေလို့ အနံ့လည်းဆိုးပါတယ်။ တံတွေးထွေးလိုက်ရင် အဝါရောင်သန်းပါတယ်။ ကျွန်တော် ကွမ်းမစား၊ ဆေးလိပ်မသောက်၊ အရက်၊ ဘီယာ ရုံဖန်ရံခါမျှပဲ သောက်တတ်ပါတယ်။ ကျေးဇူးပြုပြီးလိုအပ်တာ ညွှန်ကြားပေးပါဆရာ။**

ဝမ်းတွင်းအပုပ်အခိုးကင်းအောင် မန်ကျည်းမှည့်လက်တစ်ဆုပ်၊ ထန်းလျက်အမည်းခုနစ်ခဲ၊ ဆားလှော်မန်ကျည်းစေ့ နှစ်စေ့လောက်ကို ရေနွေးနဲ့နေ့လယ်ကစိမ်ထား၊ ရေစစ်နဲ့စစ်ပြီး ညအိပ်ရာဝင်တစ်ဖန်ခွက်သောက်ပါ။ မနက်အိပ်ရာထချိန်မှာ ပျားရည်ဟင်းစားဇွန်းတစ်ဇွန်း ရေအေးနဲ့သောက်ပါ။ မက်လင်သီး၊ ဖန်ခါးသီးထောင်းတွေ စားပေးပါ။ ခြေလေးချောင်းသား၊ ဝမ်းတွင်းသားတွေရှောင်ကြဉ်ပါ။ ။

# တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် တရားဝင်မထုတ်လွှင့်မီ အွန်လိုင်းပေါ်မှာ ပျံ့နှံ့

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းမှာ တရားဝင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပေမယ့် ဒီလို တရားဝင်စတင်ထုတ်လွှင့်ပေးခြင်းမပြုမီ တစ်ရက်ခန့်အလိုမှာ ယင်းတေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ စတင်ပေါ်ထွက်ကာ ပျံ့နှံ့ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးအယ်လ်ဘမ်သစ်စတင်မထုတ်လွှင့်မီ နှစ်ရက်ခန့်အလိုမှာ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေရဲ့ အမည်တွေ အွန်လိုင်းပေါ်မှာ ပေါ်ထွက်လာခဲ့ပြီးတဲ့နောက် တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာ ဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တေးသီချင်း အမည်တွေကို တရားဝင်ထုတ်ဖော်ပြသခဲ့ပါတယ်။ တေလာဆွစ် ထုတ်ဖော်ပြသခဲ့ရာမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ တေးသီချင်း စုစုပေါင်း ၁၅ ပုဒ် ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။

လက်ရှိမှာတော့ ယင်းတေးသီချင်းတွေကို အွန်လိုင်းမီဒီယာတွေပေါ်မှာ ထုတ်လွှင့်ထားတာကိုတွေ့ရပြီး ဒီလို တရားဝင်မထုတ်လွှင့်မီ တေးသီချင်းတွေ အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့တာနဲ့ပတ်သက်ပြီး တေလာဆွစ်ကရော သူ့ရဲ့တေးသီချင်းတွေကို ထုတ်လုပ်ပေးခဲ့တဲ့ ဘစ်မက်ရှင်းတေးသံသွင်းကရော လတ်တလောအချိန်အထိ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးတာကိုလည်း တွေ့ရပါတယ်။ တေလာဆွစ်ရဲ့ ပရိသတ်တွေအကြားမှာတော့ အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့တဲ့ တေးသီချင်းသစ်တွေဟာ အထူးရေပန်းစားနေပြီး ကူးယူနားဆင်မှုတွေများပြားနေကာ အချို့သော ပရိသတ်တွေက ဒီလိုတရားမဝင် လုပ်ဆောင်ခဲ့မှုအပေါ် အလွန်ကို စိတ်ဆိုးနေကြကြောင်းလည်း သိရပါတယ်။



တေလာဆွစ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေအနက် ပထမဆုံးတစ်ပုဒ်ဖြစ်တဲ့ "Look What You Made Me Do" ကို တေးဗီဒီယိုနဲ့အတူ ပြီးခဲ့တဲ့ မေလအတွင်း စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီနောက် "Ready For It"၊ "Gorgeous"နဲ့ "Call It What You Want" တေးသီချင်းတွေကို ထုတ်လွှင့်ပေးခဲ့ပြီး တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "New Year's Day"ကိုတော့ လတ်တလောမှာ ကျင်းပခဲ့တဲ့ "Scandal" အစီအစဉ်မှာ တိုက်ရိုက်ဖျော်ဖြေတင်ဆက်ပေးခဲ့ပါတယ်။ "New Year's Day" တေးသီချင်းကတော့ တေလာဆွစ်ရဲ့ ချစ်သူ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်အကြောင်း ရေးသားသီဆိုထားတဲ့ တေးသီချင်းဖြစ်တယ်လို့လည်း အများက ဝေဖန်ခဲ့ကြတာ တွေ့ရပါတယ်။

# ဒီဇင်ဘာ ၁ ရက်မှာ အရောက်ပြန်လာမယ့် ရိန်း

အောင်မြင်တဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ရိန်းက လာမယ့် ဒီဇင်ဘာ ၁ ရက်မှာ တေးဂီတလှုပ်ရှားမှုသစ်နဲ့အတူ ပရိသတ်တွေရှေ့အရောက်ပြန်လာဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ရိန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက လက်ရှိမှာ ရိန်းရဲ့ တေးအယ်လ်ဘမ်သစ်အတွက် အဆုံးသတ်လုပ်ငန်းတွေကို လုပ်ဆောင်နေပြီဖြစ်တာကြောင့် လာမယ့် ဒီဇင်ဘာလအစမှာ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်တယ်လို့လည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာမီ ထွက်ရှိလာတော့မယ့် တေးအယ်လ်ဘမ်သစ်ဟာ ရိန်းအတွက်တော့ ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်နိုင်ခဲ့တဲ့ တေးအယ်လ်ဘမ် ဖြစ်လာမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းတေးအယ်လ်ဘမ်မတိုင်မီ ရိန်းဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း သူ့ရဲ့ ခြောက်ခုမြောက် တစ်ကိုယ်တော် တေးအယ်လ်ဘမ် "Rain Effect"ကို နောက်ဆုံး ထုတ်လွှင့်ထားတာ ဖြစ်ပါတယ်။

ရိန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီက "ရိန်းဟာ တေးအယ်လ်ဘမ် မထုတ်နိုင်တဲ့ ကြားအချိန်တွေမှာ တေးသီချင်းတွေကို တစ်ပုဒ်ချင်းစီ ထုတ်လွှင့်ခဲ့တာ ရှိပါတယ်။ ဒါပေမယ့် မကြာမီ ထွက်ရှိတော့မယ့် တေးအယ်လ်ဘမ်သစ်ကတော့ ဒီကာလတွေအတွင်း ပထမဆုံးအကြိမ် တရားဝင်ပြုလုပ်တဲ့ ပရိုမိုးရှင်းတစ်ခုလည်းဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ရိန်းရဲ့ မကြာသေးမီက ထုတ်ဖော်ပြောကြားချက်တွေအရ တေးအယ်လ်ဘမ်သစ်ဟာ မီနီတေးအယ်လ်ဘမ်ဖြစ်နိုင်ပြီး စုစုပေါင်း တေးသီချင်း ငါးပုဒ်ခန့်သာ ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် ယင်းတေးအယ်လ်ဘမ်သစ်ရဲ့ အဓိကခေါင်းစီးတေးဟာလည်း ဟစ်ပ်ဟော့ဘန် ရော့ခ်တေးသီချင်း အမျိုးအစားဖြစ်နိုင်ကြောင်းလည်း သိရပါတယ်။





# ချစ်သူတွေမဟုတ်ကြောင်း G-Dragon နဲ့ ဂျီယွန်း ငြင်းဆို

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကေပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ G-Dragon နဲ့ ဂျီယွန်းတို့က လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကာ ချိန်းဆို တွေ့ဆုံမှုတွေရှိခဲ့ကြောင်း ကောလာဟလတွေအပေါ် မဟုတ်မှန်ကြောင်း သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက တစ်ဆင့် ငြင်းဆိုလိုက်ပြီဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နာမည်ကျော် အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon နဲ့ "After School"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျီယွန်းတို့ အတူတွဲကာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေနဲ့ နေရာတစ်ခုတည်းမှာ သီးခြားစီရိုက်ကူးကာ ကိုယ်စီကိုယ်စီ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေကို သက်သေထားကာ နှစ်ဦးသား ချစ်သူတွေဖြစ်နေကြကြောင်းနဲ့ အတူချိန်းဆို တွေ့ဆုံမှုတွေရှိခဲ့ကြောင်း အွန်လိုင်းမီဒီယာတွေက ရေးသားဖော်ပြခဲ့ပြီးနောက်မှာတော့ ကြယ်ပွင့်တွေရဲ့ ဖျော်ဖြေရေးအေဂျင်စီတွေက လတ်တလောမှာတော့ ပြန်လည်ငြင်းချက်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

ဂျီယွန်းရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘက်တားအီးအန်တီက "G-Dragon နဲ့ ဂျီယွန်းတို့ဟာ ချိန်းဆို တွေ့ဆုံခဲ့တာမဟုတ်ပါဘူး၊ သူတို့ဟာ သူငယ်ချင်းတွေပါ"လို့ ထုတ်ဖော်ပြောကြားလာခဲ့ပြီး ထွက်ပေါ်လာခဲ့တဲ့ ဓာတ်ပုံတွေဟာ ဂျီယွန်းရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ယခင်က ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေဖြစ်ကာ အချို့သော ပုံတွေကတော့ ပြင်ဆင်ထားတာတွေလည်း ပါဝင်နေတယ်လို့ သံသယရှိကြောင်းလည်း ရှင်းချက်ထုတ်ခဲ့ပါတယ်။

G-Dragon ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က "သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး လုပ်ဖော်ကိုင်ဖက်တွေအဖြစ်ပဲ သိကျွမ်းကြတာပါ၊ ထွက်ပေါ်ခဲ့တဲ့ ဓာတ်ပုံတွေထဲက ဟာဝိုင်ယီကျွန်းမှာ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေဟာ ဖျော်ဖြေပွဲတစ်ခုအပြီးမှာ အခြားသောလုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူသွားခဲ့ကြတဲ့ ခရီးစဉ်က ဓာတ်ပုံဖြစ်ပါတယ်"လို့ ပြန်လည်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် နက်ရှ်ဗေးလ်မှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့တဲ့ (၅၁)ကြိမ်မြောက် CMA Awards ဆုပေးပွဲကို အတူတက်ရောက်လာခဲ့တဲ့ တေးသံရှင် ပင့်ခ်နဲ့ သမီးဖြစ်သူ ဝစ်လိုးတို့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။

အေးပြည့်
စုစည်းဖော်ပြသည်

# အိုင်ယူရဲ့ ဖျော်ဖြေပွဲလက်မှတ်များ ငါးမိနစ်အတွင်း အကုန်ရောင်းချခဲ့ရ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်တဲ့ အိုင်ယူရဲ့ မကြာမီ ဆိုးလ်မှာပြုလုပ်သွားမယ့် တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲ လက်မှတ်တွေကို လတ်တလောမှာ စတင်ရောင်းချခဲ့ရာမှာတော့ စတင်ရောင်းချခဲ့တဲ့အချိန်မှ ငါးမိနစ်အတွင်း လက်မှတ်တွေအားလုံး ရောင်းချခဲ့ရပြီးဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၀ ရက်မှာ အိုင်ယူရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဖေ့ဗ်အန်တာတိန်းမန့်က "အိုင်ယူရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို လာမယ့်ဒီဇင်ဘာ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဂျမ်ဆေး မိုးလုံလေလုံအားကစားရုံမှာ ကျင်းပသွားမှာဖြစ်ပါတယ်၊ အဲဒီဖျော်ဖြေပွဲတွေအတွက် လက်မှတ်တွေကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၉ ရက်မှာ ရောင်းချပေးခဲ့တာဖြစ်ပြီး စတင်ရောင်းချခဲ့ချိန်ကစလို့ ငါးမိနစ်အတွင်း အကုန်ရောင်းကုန်ခဲ့တာဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ ထိုင်ခုံနေရာ ၁၂၀၀၀ ကို ရောင်းချခဲ့တာဖြစ်ပြီး နှစ်ရက်တာ ဖျော်ဖြေပွဲအတွင်းမှာတော့ အိုင်ယူက ထောင်ပေါင်းများစွာသော သူ့ရဲ့ပရိသတ်တွေရှေ့မှာ သီဆိုဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ အိုင်ယူဟာ သူ့ရဲ့တစ်ကိုယ်တော် နယ်လှည့်ဖျော်ဖြေပွဲ "2017 Tour Concert-Palette" ကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၃ ရက်မှာ စတင်ပြုလုပ်ခဲ့တာဖြစ်ပြီး ယင်းနယ်လှည့်ဖျော်ဖြေပွဲတွေဟာ လာမယ့် ဒီဇင်ဘာလအတွင်း ဆိုးလ်မှာ အဆုံးသတ်ဖျော်ဖြေသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကဏ္ဍစုံဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်မီးသွယ်တန်းရရှိနိုင်ခြင်းမရှိသေးသည့် ဒေသများတွင် ဆိုလာမီးထောက်ပံ့

**မယ်စဲ့ နိုဝင်ဘာ ၁၀**

မယ်စဲ့မြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကယားပြည်နယ်အတွင်း ၇၁ ရာခိုင်နှုန်းအထိ လျှပ်စစ်ပေးဝေနိုင်ပြီဖြစ်ပါကြောင်း၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် နှစ်အလိုက် ဘတ်ဂျက်လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးမရရှိနိုင်သေးသည့် ကျေးရွာများသို့ ဆိုလာများ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကဏ္ဍစုံဖြည့်ဆည်းပေးနိုင်ဖို့ ဆောင်ရွက်သည့် နေရာမှာ မီးရရှိရေးအတွက် လျှပ်စစ်မီးသွယ်တန်းရရှိနိုင်ခြင်းမရှိသေးသည့် ဒေသများတွင် ဆိုလာမီးထောက်ပံ့ပေးခြင်းဖြင့် ပြည်သူများ အဆင်ပြေစေဖို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယင်းနေ့တွင်လည်း လျှပ်စစ်မီးမရရှိသေးသည့် နန်မန်းကျေးရွာအတွက် ဆိုလာ ၁၅ စုံ၊ လမ်းစုံကျေးရွာ ထပ်တိုးအိမ်ခြေအတွက် ဆိုလာ ရှစ်စုံ၊ လယ်တောကျေးရွာ ထပ်တိုးအိမ်ခြေ ခြောက်လုံးအတွက် ဆိုလာ ခြောက်စုံ စုစုပေါင်း ဆိုလာ ၂၉ စုံ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ပေးအပ်သော ဆိုလာများအား ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျ အသုံးပြုသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မယ်စဲ့မြို့နယ် နမ့်မန်ကျေးရွာ အုပ်စု ဟိုမန့်ကျေးရွာအတွက် ဆိုလာ ၁၅ စုံ၊ ဟိုဂျစ်ကျေးရွာအုပ်စု၊ လမ်းဆုံကျေးရွာအတွက် ဆိုလာ ရှစ်စုံနှင့် လယ်တောကျေးရွာအတွက် ဆိုလာ ခြောက်စုံတို့အား ပြည်သူများထံသို့ ပေးအပ်ရာ ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

တက်ရောက်လာသော ဌာနဆိုင်ရာနှင့် ပြည်သူများက ဒေသလိုအပ်ချက်များတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့မြို့ မြို့မကျောင်း ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး မယ်စဲ့မြို့ ရှမ်းနှစ်သစ်ကူးပွဲတော်အတွက် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရွှေသတ္တုစမ်းသပ်ရှာဖွေရာတွင် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါ်ခင်မြင့်ခန်းမသို့ နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီခွဲက ရွှေကျင်မြို့နယ်အတွင်း ရွှေသတ္တုစမ်းသပ်ရှာဖွေရေး ရွှေပစ်မှတ်ကုမ္ပဏီက လာရောက် တွေ့ဆုံသည်။

ရှေးဦးစွာ ရွှေပစ်မှတ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဖုန်းကျော်စိုးက မိမိတို့၏ ရွှေသတ္တုစမ်းသပ်ရှာဖွေမှုသည် မြေအောက်ရွှေရှာဖွေမှုဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်ပါကြောင်း၊ လက်ရှိအနေဖြင့် ပတ်ဝန်းကျင်မြေဧရိယာများအား ကွန်းနှင့် ယမနေ ပျိုးပင်များ စိုက်ပျိုးထားရှိပြီး ဒေသခံပြည်သူများ အတွက် ရွှေကျင်ဆေးရုံ၊ အထက(ရွှေကျင်)၊ လမ်းများ၊ လျှပ်စစ်မီးလင်းရေးနှင့် ပြွန်တန်ဆာမြို့ရှိ သီတဂူစက္ခုဒါန ဆေးရုံတို့အတွက် ပံ့ပိုးကူညီလှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ရွှေသတ္တုရှာဖွေမှု မှတ်တမ်းများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်သို့ ကျသင့်သည့် အခွန်အခများပေးဆောင်သော်လည်း လက်တွေ့မြေပြင်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ မြစ်ချောင်းများ တိမ်ကောခြင်း၊ ကမ်းပါးပြိုကျခြင်း၊ လူနေအိမ်များ ပြောင်းရွှေ့ရခြင်း၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်းတို့အား ပြန်လည်ကုစားပေးရာတွင်ရရှိသည့် အခွန်အခများထက် ပိုမိုများပြားစွာ ကုန်ကျကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကြောင့် အခြေချနေထိုင်မှု ပျက်စီးခဲ့၍ မြို့ပြများ၌ ပြောင်းရွှေ့နေထိုင်ကြကာ ကျူးကျော်မှုကို ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း၊ မိမိတို့အစိုးရသည် ပြည်သူကိုဗဟိုပြုသည့် အစိုးရဖြစ်၍ ကုမ္ပဏီတစ်ခု အကျိုးရှိသော်လည်း ဒေသခံပြည်သူများ အတွက် ဆိုးကျိုးသက်ရောက်မှုရှိလာပါက ခွင့်ပြုပေးရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ရွှေသတ္တုစမ်းသပ်တူးဖော်ရာတွင် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိအောင် အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း ပြန်လည်ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကျောက်မီးသွေးစက်ရုံတည်ဆောက်မှု စီမံကိန်း ဖြစ်မြောက်ရေး ဦးစီးကော်မတီစည်းဝေး

**ဘားအံ နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာအုပ်စုအတွင်း လျှပ်စစ်ဓာတ်အား (၁၂၈၀ မဂ္ဂဝပ်) ထွက်ရှိသည့် သန့်စင်သောကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်မည်ဖြစ်ရာ နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျောက်မီးသွေးစက်ရုံ တည်ဆောက်မှု စီမံကိန်းဖြစ်မြောက်ရေးဦးစီးကော်မတီ၏ အမှတ်စဉ် (၁/၂၀၁၇) အစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်မီးသွေးစက်ရုံတည်ဆောက်မှု စီမံကိန်းဖြစ်မြောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာ၊ ဟိုက်ဒရို၊ လေအားလျှပ်စစ် စသည်ဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့သည်ကို အားလုံးသိကြမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် စီမံချက်များဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်များရှိပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး စသည်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရရှိရန်အတွက် လျှပ်စစ်မီးရရှိရေးသည် ပြည်နယ်အတွက် လိုအပ်သည့်စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းကို ၄၈ လ လျာထားပြီး ထိုကာလအတွင်း ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြေနေရာ ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်နှင့်မြစ်ကြောင်းထိန်းသိမ်းရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီ၊ လူမှုရေး(CRS)လုပ်ငန်းများအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ ဆုံးရှုံးနစ်နာမှုများအတွက် ထောက်ပံ့ပေးအပ်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီတို့မှ အတွင်းရေးမှူးများက စီမံကိန်းဖြစ်မြောက်ရေးအတွက် ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က စီမံကိန်းနှင့် ပတ်သက်၍ ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီမံကိန်း ဖြစ်မြောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က မဂ္ဂါဝပ် (၆၄၀) ကို နှစ်နှစ်အတွင်း ထုတ်လုပ်နိုင်မည်ဖြစ်၍ လျှပ်စစ်မီးလင်းနေသည်ကို လူတိုင်းအားမြင်တွေ့သွားစေချင်ပြီး ဝိုင်းဝန်းကူညီကြမည်ဟုလည်း ယုံကြည်ကြောင်း နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်စော(ပြန်/ဆက်)**



တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး သန်လျင်သင်တန်းကျောင်း၌ အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲတွင် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းဖေ က သင်တန်းဆင်း အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ရုံးမှ အရာရှိတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြစဉ်။ (၆၈၉)

# ရန်ကုန်မြို့တွင် ဆိုက်ကပ်ထားသော ကမ္ဘာ့လှည့်ခရီးသည်တင် အပျော်စီးသင်္ဘောများ ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန် Destination Asia Co.Ltd ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း MITTသို့ဆိုက်ကပ်လျက်ရှိသော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V World Odyssey သည် ကမ္ဘာ့လှည့်ခရီးသည် ၆၅၂ ဦး၊ သင်္ဘောဝန်ထမ်း ၁၇၇ ဦးတို့လိုက်ပါလျက် နိုဝင်ဘာ ၉ ရက် ညနေ ၄ နာရီခန့်က သီလဝါဆိပ်ကမ်း MITTမှ ဗီယမ်နမ်နိုင်ငံ ဟိုချီမင်းဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသိရသည်။

အလားတူပင် Abercrombie&Kent Int`l Co.Ltd ၏အစီစဉ်ဖြင့် ရောက်ရှိကာ ရန်ကုန်မြို့ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင်ဆိုက်ကပ်လျက်ရှိသော ကမ္ဘာ့လှည့်ခရီးသည်တင်အပျော်စီးသင်္ဘောကြီး MY/ L' Austral သည် ကမ္ဘာ့လှည့်ခရီးသည် ၁၈၁ ဦး၊ သင်္ဘောဝန်ထမ်း ၁၄၃ ဦးတို့လိုက်ပါကာ နိုဝင်ဘာ ၉ ရက် ည ၇ နာရီက ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းခရိုင် မြိတ်ကျွန်းစုသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် ထိုင်းနိုင်ငံ ဖန်ငဆိပ်ကမ်းမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်တွင် ကော့သောင်းမြို့မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဘီလဝမ်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံမည်

**ပုဇွန်တောင် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်း နိုဝင်ဘာ ၁၅ ရက်မှ စတင်ပြီး စာသင်ကျောင်းများနှင့် ပြည်သူ လူထုအခြေပြု ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများ အစုလိုက် ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေး ထိုးနှံပေးမည့် အစီအစဉ်နှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဖြူဖြူမြင့်က "ယခင်က ဒီကာကွယ်ဆေးကို ထိုးနှံလိုသူများအနေဖြင့် ပြင်ပမှာ ဈေးကြီးပေးပြီး ထိုးနှံရပါတယ်။ ယခုအစီအစဉ်မှာ အခမဲ့ဖြစ်တဲ့အတွက် မိမိတို့ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရင်သွေးငယ်လေးတွေကို လာရောက်ထိုးနှံပေးကြဖို့ လိုပါတယ်၊ စုရပ်တွေမှာ နံနက် ၈ နာရီကနေ ညနေ ၄ နာရီအထိ ကာကွယ်ဆေးတွေ ထိုးနှံပေးသွားမယ်။ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံမည့် အစီအစဉ်ကိုလည်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ကြိုတင်အသိပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ထားဝယ်မြို့နယ် ဟိန္ဒားကျေးရွာ အ-မ-က (ဟိန္ဒား) တွင် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဌေးဝင်းက မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ရာ ကျေးရွာသူ ကျေးရွာသား ၃၀ ခန့် တက်ရောက်ခဲ့ကြစဉ်။ (၅၂၆)

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower )များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ဈေးဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ၊ လှေကားများ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဝန်(၄) ဝန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလုကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ်( ၂၄၅ )၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ ၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ
**မောင်ဝေဖြိုးမောင်**
(Graduate Diploma in System Analysis, ISS (NUS),
Bachelor of Science (Computer Science)
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြလမ်းနေ
**မအေးမြင့်မြင့်ဝန်း(ခ)မခေမာသော်**
(Graduate Diploma in System Analysis, ISS (NUS),
Bachelor of Engineering (IT)
တို့သည် (၈-၁၁-၂၀၁၇)ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။
**မောင်ဝေဖြိုးမောင်-မအေးမြင့်မြင့်ဝန်း(ခ)မခေမာသော်**

ခေစီကျော်လင်းပွဲဆိုင်ကာနှင့် မိုးထည် (လက်လီ/လက်ကား)
ပွဲဆိုင်ဝတ်စုံ (အမျိုးသား၊ အမျိုးသမီး၊ ကလေး) များအတွက်
ဦးခေါင်းမှ ခြေဖျားအထိ ဝယ်ယူနိုင်ပါတယ်ရှင်.....
50,000 ks နှင့်အထက်ဝယ်လျှင် 5% Dis
300,000 ks နှင့်အထက်ဝယ်လျှင် 10% Dis
အမှတ် - ၂၇၄၊ ဗညားဒလလမ်း၊ ဖော်ဆန်ဒပ်လိုမှတ်တိုင် (ယုဇနပလာဇာအနီး) ဖုန်း - ၀၉-၄၅၅၄၅၅၀၇၇၈၊ ၀၉-၄၅၅၀၄၅၅၀၇၄၇
Facebook - Daisy Kyaw Lin တွင် ဈေးနှုန်းနှင့်တကွ အသေးစိတ်လေ့လာနိုင်ပါတယ်ရှင်။

UKEAS MENTOR INTERNATIONAL
EDUCATION MATTERS...
UKEAS MENTOR INTERNATIONAL UK EDUCATION EVENT 2017

Come and talk to the representatives:

* Cambridge Tutors College
* Cats College & CSVPA
* Cranfield University
* University of Hertfordshire
* King's Education
* University of Leeds
* Northumbria University
* Regent's University London

Date : November 13, 2017
Time : 1:00 PM - 6:00 PM
Venue : Eureka Room
Novotel Max Hotel Yangon

For more information:
Call us at
09421062060, 09420020816

ရင်ခုန်ဖွယ်ရာ တန်ဆောင်တိုင်ပွဲတော်
SPECIAL SALES
Panasonic
1st Oct ~ 30th Nov 2017
ပန်နာဆိုးနစ် အိမ်သုံးပစ္စည်းများကို
အထူးဈေးနှုန်းများ၊ အထူးလက်ဆောင်များ ဖြင့် ဝယ်ယူရရှိနိုင်မည့်အခွင့်အရေး



Roadshow -
6 - 9 October Sein Gay Har (Pyay Road)
12 - 15 October Capital (Tharkayta)
4 - 6 November Ocean (Shwe Gon Dine)
10 - 13 November Ocean (St. John) (City Mall)



အမှတ် F(2~8) ၊ အမှတ် (E-11A)
☎09-79 700 70 70 ☎09-79 700 70 80




SATELLITE • BROADBAND • MOBILE • IoT • ENTERPRISE • BROADCAST SOLUTIONS • DELIVERY • CONTENT

Visit
The 4th Communications Technology, Enterprise & Convergence Solutions Show
CommuniCast 2017 Myanmar




Tuesday 28 - Thursday 30 November 2017
Novotel Yangon Max, Yangon (10.00 -18.00 Hrs.)

Pre-register at
www.communicastmyanmar.com
Info Hotline: +95-1 513 515-519

MCF
SOFTWARE PARK
COMMSCOPE
UBM

ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂.၁၀)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၇/၀၉/၀၂၈

# ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ

(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့က ဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။

## ၅-တန်း၊ မှ ၁၀-တန်း၊ အထိ ကိုယ်ပိုင်အထက်တန်းကျောင်း၊ နှင့် အဆင့်မြင့်ဘော်ဒါ

## ၂၀၁၈-၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ




အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၄၄၅၃၄၀၀၇၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၈၅၆၂၈၃၀ Ferry ရှိသည်

University of East London နှင့် Myanmar Noble College တို့၏ Joint Program များဖြစ်ကြသော Bachelor's Degree တန်းခွဲများဖြစ်ကြသည့် -

- BEng(Hons) Civil Engineering
- BA(Hons) Business Management

တန်းခွဲများကို MNC တွင်ပင် တက်ရောက်သင်ကြားနိုင်သည့်အပြင် UEL မှ ကြီးမှူးကျင်းပသော Graduation Ceremony ကို တက်ရောက်ပြီး Bachelor ဘွဲ့ကိုလည်း ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

MNC
MYANMAR NOBLE COLLEGE

Enroll Now!!!




Early Bird Promotion
13th October 2017 ~ 13th November 2017

Contact us : Yangon - No.6 (A), Kyoe Sett Yone Street, Thuwana - Thingankyun Township, Yangon, Myanmar.
Tel : 01 - 2331276, 2331257, 2331264
Mobile : 09 - 780 63 9577, 448066660 ~ 3

MNCEducation





## လုံးချင်း၊ ကွန်ဒို၊ တိုက်ခန်းများ အမြန်ရောင်းမည်–ငှားမည်

၁။ ... 2RC, 3 MBR, ... Internet ...
၂။ ... (2) 2RC, 1 MBR, 3 BR ...
၃။ ... Wealthy Palace Condo Penthouse ... 1 MBR, 2 BR ...
၄။ ...
၅။ ...

ဆက်သွယ်ရန် - 09 5061636, 09 250506060, 09 73206000.

## မကြာမီဖွင့်လှစ်တော့မည့် SN (မောင်ရွှမ်း) ဆိုင်သစ်အတွက် ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| Hair Profectional | မ (၁) ဦး |
| Hair Profectional Assistance | မ (၁) ဦး |
| Shampoo girl | မ (၃) ဦး |

ဆက်သွယ်ရန် - 09 427696738.

## တည်းခိုခန်းရောင်းရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တောင်/မြောက်လမ်းဆုံအနီး၊ လမ်းသုံးဘက်မျက်နှာစာ၊ ရွှေဝါနန်းတည်းခိုခန်း၊ မြေအကျယ်အဝန်းပေ(၁၃၀×၁၄၂)၊ အခန်း(၈၀)ပါရှိပြီး၊ ထရန်စဖော်မာပါရှိပြီး၊ အဆောက်အအုံသည် တစ်ဖက်ကပ်ဆောက်လုပ်ထား၍ မြေအကျယ်ကျန်ရှိသောကြောင့် ကားအရောင်းပြခန်းဖွင့်လှစ်ရန် လည်းသင့်တော်ပါသည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၉၇၅၁၆၉၁၅၉၊ ၀၉-၇၈၅၁၆၉၁၅၉**






## နိုင်ငံတကာမှတ်ပုံတင် စစ်တုရင်ကစားသမား ဦးတင်ထွန်း "ဝမ်းမနွေ့အထိမ်းအမှတ်"
## အမြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်း ဗိုလ်စုပြိုင်ပွဲ

ကျင်းပမည့်ရက် - ၂၃-၁၁-၂၀၁၇ မှ ၂၇-၁၁-၂၀၁၇ အထိ

**ဆုငွေများ** ပထမဆု - ၅၀၀၀၀၀ိ/- ကျပ်
ဒုတိယဆု - ၄၀၀၀၀၀ိ/- ကျပ်
တတိယဆု - ၃၀၀၀၀၀ိ/- ကျပ်

... Rating Tournament ဖြစ်ပါသည်။

**ဆက်သွယ်ရန်** - 09-796222420, 09-400455336, 09-250505109, 09-252105105

FIDE-ID ... Massage ...

**စာရင်းပိတ်ရက် - ၂၁-၁၁-၂၀၁၇ ညနေ (၄)နာရီ**



# Ponnami Language Centre

## အလုပ်သင်ဆရာမများ အလိုရှိသည်။

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ (အင်္ဂလိပ်စာဘွဲ့ရ ဦးစားပေးမည်)
- အသက် (၃၀)ထက် မကျော်သူ ဖြစ်ရမည်။
- အချိန်ပြည့် လုပ်နိုင်သူ ဖြစ်ရမည်။
- စိတ်ရှည်သည်းခံပြီး သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
- သင်ကြားရေး အတွေ့အကြုံရှိရန် မလိုပါ။
- အင်္ဂလိပ်စာ အရည်အချင်းစစ် (ရေးဖြေ၊ နှုတ်ဖြေ) စာမေးပွဲဖြေဆိုရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ပညာအရည်အချင်း မိတ္တူ၊ Passport ဓာတ်ပုံ၁ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့် အတူ ၃၀-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph:01-8566061, 09-254193088






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁၁-မင်းရပ်)၊ ဦးပိုင်အမှတ် (၁၆၆/က)၊ ဧရိယာ(၀. ၁၀၈)ဧကနှင့် ဦးပိုင်အမှတ်(၁၆၇)၊ ဧရိယာ(၀. ၁၅၄)ဧကရှိ မြေဧရိယာစုစုပေါင်း (၀. ၂၆၂)ဧကတို့၏ မျက်နှာစာ(၆၅)ပေ၊ ရှေ့နောက် (၁၉၈)ပေခန့်အနက်မှ မြေဧရိယာ(၀. ၀၈၀) ဧကခန့်ရှိ မျက်နှာစာ(၃၅)ပေ၊ ရှေ့နောက်(၁၀၀)ပေရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို စီမံ(ပစ္စည်း)ဌာန၊ မြဝတီဘဏ်လီမိတက် (ရုံးချုပ်)ရန်ကုန်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ စီမံ(ပစ္စည်း)ဌာန၊ မြဝတီဘဏ်လီမိတက် (ရုံးချုပ်) ရန်ကုန်သို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်မိုး LL.B (မောင်သက်မိုး-ဥပဒေ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၄၈)**
**အခန်း(C-3) ၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**(ဖုန်း)-၀၉ ၉၆၅၅၂၆၈၁၂**

SNN

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ တန်ဆောင်တိုင် Promotion အထူးအစီအစဉ် (1.11.2017 မှ 30.11.2017) အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ် Customer များကို အေားထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။

အမှတ်(၃၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၆၀၀၀၊ ၅၃၉၅၃၀၂ ၅၂၃၀၀၀
PH; ၀၉-၇၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၀၀၂

## DBA
BBA . EMBA . MBA
- Diploma in Business Administration
- သင်တန်းကာလ(၂)နှစ် ကြာမြင့်ပါမည်။
- တန်းပတ်နှစ်ရက် တက်ရောက်ရပါမည်။
- သင့်တင့်သော သင်တန်းကြေးဖြင့် တက်ရောက်နိုင်ပါမည်။
- BBA ဒုတိယနှစ်သို့ တိုက်ရိုက် တက်ရောက်နိုင်ပါမည်။
- အလုပ်အကိုင်အခွင့်အလမ်းကောင်းများလည်း ပိုမိုရရှိမည်။
- သင်တန်းကာလအတွင်း အလုပ်သင်အဖြစ်လည်း ဝင်ရောက်လုပ်ကိုင်နိုင်ပါမည်။

တနေ့ဦး သင်တန်းကြေး ကျပ်၁၀၀,၀၀၀ စတင် ပေးသွင်းရုံဖြင့် DBA သင်တန်းကိုစတင်တက်ရောက်နိုင်ပါသည်။

09254045682 / 09972656540 / 01667009

No. 12, Unit 83A&C, Block-3, Yangon-Insein Road, Thamine Lansone, Mayangone

## T-9
Air-con Sale & Service

လူကြီးမင်းတို့၏ Air-con ၊ ရေခဲသေတ္တာ အသက်လျှော်ကျက်များကို မြန်မြန်တပ်ဆင်ခြင်း၊ သေသေချာချာ ပြင်ဆင်ခြင်းများကို အာမခံဖြင့် ဈေးနှုန်းချိုသာစွာ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးနေပါသည်။

တပ်ဆင်ပြီးဈေးနှုန်း (၃-နှစ်အာမခံ)
1 HP 295,000 KS

Copper Pipe (10 ft ), Frame, Safeguard, Installation

အမှတ်(၂၈)၊ ဘုန်းကြီးလမ်းဆိပ်ကြီး အနီး၊ မြောက်ဥက္ကလာပ
Ph : 09 5052351, 09 450837513

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်

# ဂုဏ်ထူး ဦး အောင်ခိုင်

2018 English Question 5 Sets
၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း ရန်ကုန်။ 01 252 919, 09 964 252 919

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122020, 09-795669534

အမှတ်(၂)လမ်းမကြီးပေါ်
(၁)ထပ်တိုက်နှင့်
မြေ(၁)ကွက်ရောင်းမည်။
ဈေးနှုန်း = သိန်း(5600)ညှိနှိုင်း
အကျိုးဆောင် = (3%)
PH: (09 790 96 96 46)

## ဝန်ထမ်းအလိုရှိသည်

ဝင်းမေတ္တာမြန်မာထမင်းဟင်းနှင့်စားဖွယ်စုံဆိုင်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။
၁။ စားဖိုမှူး (ထိုင်း)
၂။ စားဖိုမှူး (တရုတ်)
၃။ လက်ထောက်စားဖိုမှူး (မြန်မာထမင်းဟင်း)
နေရေးစားရေး၊ စီစဉ်ပေးမည်။ ဖုန်း-၀၉-၇၉၆၆၆၆၅၇၈၊ ၀၉-၇၉၆၆၆၆၅၈၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## KTECG KYAW THAR
ENGINEERING & CONSTRUCTION GROUP CO., LTD

အမှတ် (၁၅/ဘီ)၊ ဦးထွန်းမြတ်လမ်း၊ နဝင်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၈၆၀၄၄၅၆၊ ၀၉ ၉၇၇၈၅၅၁၃၂

1. Business Development Manager ကျား/ မ (၂) ဦး
- ဘွဲ့ရ ၊ MBA ဘွဲ့ရ ဖြစ်ရမည် ။
- လုပ်ငန်းနှင့်သက်ဆိုင်သော အတွေ့အကြုံအနည်းဆုံး (၅) နှစ်ရှိရမည်။
- English ကောင်းမွန်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

စိတ်ဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင် ဖြစ်စေ၊ Email: ktcg.hr@gmail.com သို့ဖြစ်စေ (၃၀.၁၁.၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ လျှောက်ထားနိုင်ပါသည်။

Victoria Hospital
HVC

## ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်

Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည် (အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည့်အပြင်

- နှလုံးသွေးကြော စိတ်မှန်ရိုက်ခြင်း (Angiogram)
- နှလုံးသွေးကြောချဲ့ကုသခြင်း(Angioplasty)
- နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
- နှလုံးနှိုးအွက် (Pacemaker) တပ်ဆင်ခြင်း

24/7

အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်း အမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လူနာစာရင်းပေးသွင်းလိုပါက
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

FAME
JavaHerb®
Anti-diabetic
သကြားမကိုင်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-965559860

FAME
GynuHerb®
Natural medicine for diabetes
ပျားမြီးရွက်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-73142216

HEAVY DUTY PALLET RACKING
THE ONLY WAY TO CREATE PERFECT BUSINESS

HIGH QUALITY PLASTIC CONTAINERS





MODERN TECH
BUILDING MATERIALS & WAREHOUSE SOLUTIONS
အမှတ်(၂၃/၂၉)၊ သုဝိင်းဘုတာရုံလမ်း(သုဝိင်းရုံးတက်ထားအဆင်း)၊ သုဝိင်းလမ်းဆုံနှင့်ဘုရင့်နောင်လမ်းဆုံကြား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
01-522 489, 522 691, 522 692, 9660 679, 09 502 8456, 503 9441, 504 9860
E-mail : moderntech@decolandgroup.com Web: http://www.decolandgroup.com

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

## (၁၁ - ၁၁ - ၂၀၁၇ မှ ၁၇ - ၁၁ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV Vol.2 No-44

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်
01- 230 6166 ကို ဖုန်းငေး ဆက်သွယ်လိုက်ပါနော်




# ဝယ်ယူတပ်ဆင်လွယ်ကူသည် အားလုံးအတွက် 4TV




4TV Hotline 01-2306166 /4tvmyanmar www.4tv.com.mm


မှတ်ချက်။ ။ UHF အင်တာနာဖြင့်သာ အသုံးပြုနိုင်ပြီး ရန်ကုန်မြို့တွင်း ထုတ်လွှင့်ရုံနှင့် အနီးအဝေးပေါ်မူတည်၍ လိုင်းဆွဲအား ကွာခြားနိုင်ပါသည်။


## SPORTS

# အာရှဖလားခြေစစ်ပွဲအောင်မြင်ဖို့အတွက် မြန်မာ့လက်ရွေးစင်အသင်းရဲ့ အရှုံးခံလို့မရတဲ့ အိန္ဒိယအသင်းနဲ့ပွဲစဉ်

AFC ASIAN CUP UAE 2019

၂၀၁၉ ခုနှစ် UAE နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမယ့် AFC အာရှဖလားခြေစစ်ပွဲ [illegible]




9:30 PM, 14.11.17 (Tue)

အိန္ဒိယအသင်းနဲ့ မြန်မာအသင်းတို့ရဲ့ပွဲစဉ်ဟာ နိုဝင်ဘာလ (၁၄)ရက် [illegible] for SPORTS ရုပ်သံလိုင်းနဲ့ Pyone Play facebook page တို့ကနေတိုက်ရိုက်ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။

## SPORTS

# ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ မလွတ်တမ်း စောင့်မျှော်ကြည့်ရှုရမယ့် ဂျာမနီနဲ့ပြင်သစ်တို့ရဲ့ ခြေစမ်းပွဲစဉ်

FIFA WORLD CUP RUSSIA 2018

(၂၀၁၈)ကမ္ဘာ့ဖလားဖိုင်နယ်ပွဲအတွက် [illegible]

ဂျာမနီနဲ့ ပြင်သစ်အသင်းတို့ရဲ့ ခြေစမ်းပွဲစဉ်ကို နိုဝင်ဘာလ(၁၅)ရက် မနက်(၂) နာရီ(၁၅) မိနစ်အချိန်မှာ ယှဉ်ပြိုင် ကစားမှာဖြစ်ပြီး MRTV-4 ၊ MRTV-4 HD ရုပ်သံလိုင်းတွေကနေ တိုက်ရိုက်ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။




2:15 AM, 15.11.17 (Wed)

# My Unexpected Sweet Trip

နိုဝင်ဘာ ၁၁ စနေနေ့ မွန်းတည့် ၁၂ နာရီ ၃၅ မိနစ်

tvN Asia ရဲ့ စီးရီးသစ် My Unexpected Sweet Trip မှာ [illegible]









# Solace

FOX MOVIES PREMIUM



နိုဝင်ဘာ ၁၃ တနင်္လာနေ့ ည ၇ နာရီ မိနစ် ၃၀

[illegible]

TLC

# Cake Boss 9

(New Season) (Nov 15 , 7:30 PM)

[illegible] TLC ရုပ်သံလိုင်းမှာ စောင့်မျှော်ကြည့်ရှုနိုင်ပါတယ်။






5 SPECIAL

## တစ်ညတာ အအမှား

7:35 PM , 12.Nov.17 (Sat, Sun)




5 MOVIES

## အချိုနည်းသွားတဲ့အချစ်

9:55 PM 16-Nov-17 (Thu)




Discovery CHANNEL

# Incredible Engineering Blunders : Fixed

(5:40 PM ,17.Nov)

[illegible]




5 ကာတွန်း

## Sahara (ST)

9:00 PM, 11.11.17 (Sat)



5 SERIES

## ကျွန်မချစ်သူ လူထူးဆန်းလေး

7:00 PM / 11:00 PM 12.Nov.17 (Sat, Sun)








## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-၂၆၇၊ မြေကွက်တည်နေရာအမှတ်-၂၆၇၊ (၂၉)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးအောင်ထူးသိန်း[၁၂/လမန(နိုင်)၀၀၆၈၆၉]ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ၊ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-၇၀၊ မြေကွက်တည်နေရာအမှတ်-၇၀၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက်ဒေါ်စန္ဒာမိုး[၁၁/မအန(နိုင်) ၀၅၄၉၈၆] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ၊ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-၆၄၃၊ မြေကွက်တည်နေရာအမှတ်-၆၄၃၊ နာဂမုနိလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ယုယုလွင်[၁၂/ဒဂန (နိုင်)၀၀၀၀၈၃] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာ၊ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## စာရေးဆရာမင်းသစ်
### Bio မင်းသစ် (၇၂)နှစ်

စာရေးဆရာမင်းသစ်(ဆရာ Bio မင်းသစ်) သည် ၈-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)ညနေ၆း၃၀နာရီ၌ သုခကမ္ဘာဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖေမြင့်-ဒေါ်ခိုင်နွယ်ဦး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

စာရေးဆရာမင်းသစ် (Bio မင်းသစ်) သည် ၈-၁၁-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြတ်သင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းနွဲ့(၇၉)နှစ်

မုံရွာမြို့နေ သူငယ်ချင်း ညိုညိုမြိုင်၏ မိခင် ဒေါ်သန်းသန်းနွဲ့သည် ၃. ၁၁. ၁၇ (သောကြာနေ့) တွင်ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄ ဘောဂဗေဒစီးပွားရေးတက္ကသိုလ် သူငယ်ချင်းများ

## ဝမ်းနည်းကြေကွဲခြင်း
### H.J ဦးအောင်မင်း
### အသက်(၇၄)နှစ်

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဇီဝကမ္မဗေဒဌာနမှ ကထိက/ဌာနမှူး ဒေါက်တာလွင်အေးသက်၏ ဖခင် H.J ဦးအောင်မင်း၊ [စက်ရုံမှူး(အငြိမ်းစား)၊ သိပ္ပံပစ္စည်းစက်ရုံ] အသက်(၇၄)နှစ်သည် ၆-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
### ကာတွန်းတွတ်တွတ်(ခ)ဦးစောလှမြင့်
### အသက်(၇၁)နှစ်

မြန်မာနိုင်ငံကာတွန်းဆရာများအသင်း၏ ကန်တော့ခံဆရာကြီး မန္တလေးမြို့နေ ကာတွန်းတွတ်တွတ်(ခ)ဦးစောလှမြင့်သည် ၈-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကာတွန်းဆရာများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ဇော်မြင့် (ပြည်နယ်စိုက်/ဘဏ်မန်နေဂျာ-ငြိမ်း) အသက် (၇၀) တောင်ကြီးသည် ၈-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**(အစ်မ၊ ညီ၊ ညီမ၊ တူမများ)**
**ယုဇနဥယျာဉ်မြို့တော်၊**
**ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မင်းဟန်(၄၃)နှစ်
### (လှသရဖူပရိဘောဂ)

ရန်ကုန်မြို့နေ ဦးစောလှိုင်၊ ဒေါ်ခင်ညိုသင်း(လှကမ္ဘာပရိဘောဂတိုက်)တို့၏ သား၊ ဦးအောင်သန်း (M.D) Best United Co.Ltd.,Chairman Family Business Group Hotel Limited.,Chairman Family Business Group Energing Co.Ltd., ဒေါ်လှရီ တို့၏ သားသမက်၊ ဒေါ်မေအိမွန်၏ ခင်ပွန်း ဦးကျော်မင်းဟန်သည် ၇-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Director**
**Family Business Group Hotel Limited.**
**Family Business Group Energing Co.Ltd.**

## ဦးဘသန်းအောင် B.A,BL BJF
### အသက်(၈၂)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**တရားရုံးချုပ်-ရန်ကုန်မြို့**

မုံရွာမြို့၊ ဒေါနခြံရပ်နေ (ဦးဘိုးရှင်-ဒေါ်သန်းညွှန့်)တို့၏ သား၊ မုံရွာမြို့၊ ကုတို့မြောက်အရပ်နေ (ဦးထွန်းရှိန်-ဒေါ်ခင်သန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၃၂)တိုးချဲ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၂၀)နေ ဒေါ်ညွှန့်ညွှန့်ရီ (B.A,Dip-Ed.အထက်တန်းပြ ဆရာမ-ငြိမ်း၊ အထက-၂၊ မုံရွာမြို့)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဖေသိန်းအောင် (ညွှန်ကြားရေးမှူး၊ငြိမ်း၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်တင့်တင့်သိန်းတို့၏ ညီ၊ ဦးဘချစ် [ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]-ဒေါ်ခင်ဌေး၊ ဒေါ်ခင်မျိုးညွှန့်၊ ဒေါ်လျှံလျှံဖြိုး (အလပြ-အထက-၃၊ မုံရွာ)တို့၏ အစ်ကိုသည် ၁၀-၁၁-၂၀၁၇ ရက် ညနေ ၄း၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရဟန်းဒါယိကာမကြီး အင်ဘွန်တွမ်(ခ)ဒေါ်သန်း
### အသက် (၈၉)နှစ်

သူငယ်ချင်းမကျင်တီ၏ ချစ်လှစွာသော မိခင်ကြီး အင်ဘွန်တွမ်(ခ) ဒေါ်သန်းသည် ၇-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**၁၉၈၆ ခုနှစ်**
**စက်မှုအင်ဂျင်နီယာဘွဲ့ရသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီဦးအစ္စမတတ်အီဆာဂူဆာဂျီပတေးလ်
**Family Mandalar Group တို့၏နာယက**
### အသက် (၈၄) နှစ်

ဟာဂျီဦးစိုးမြင့် ဇနီး ဒေါက်တာဒေါ်ခိုင်ခိုင်ကျော်တို့၏ဖခင်ကြီး ဦးအစ္စမတတ်အီဆာဂူဆာဂျီပတေးလ် အသက် (၈၄)နှစ်သည် ၁၀-၁၁-၂၀၁၇ရက် နံနက် ၂း၃၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးကြီးမိုးမောင်သန်း-ဒေါ်စိုးစိုးအောင်**
**(မိသားစု) တောင်ကြီးမြို့**

**အကောက်ခွန်ဝန်ထမ်းဟောင်းများ အသင်း**

## ဦးတင်ဖေ
### အသက်(၈၀)
**ဒု/လ-ထ အကောက်ခွန်မှူး(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ်(၇၉၉)၊ ဦးတင်ဖေသည် ၉-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။ (အသင်းတိုက်နှင့် နေအိမ်တို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးအေးကို
### အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ(ဦးလှဘော်-ဒေါ်ကြည်ကြည်)တို့၏ သား၊ (ဦးမြင့်ကျော်)-ဒေါ်ခင်သိန်းနွဲ့၊ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)-ဒေါ်ခင်လှဝင်းတို့၏ညီ/မောင်၊ ဒေါ်သန်းသန်းအေး၊ ဦးဇော်လေးနိုင်-ဒေါ်နန်းဝိုးတစ်၊ ဦးသန်းအောင်-ဒေါ်တင်တင်ဝင်း၊ ဦးမြင့်အောင်(အကောက်ခွန်-ငြိမ်း)၊ ဦးသန်းနိုင်(အကောက်ခွန်-ငြိမ်း)-ဒေါ်အေးအေးစိုး၊ ဦးရန်ကင်းမောင်(အကောက်ခွန်-ငြိမ်း)-ဒေါ်လဲ့လဲ့ဝင်း(အကောက်ခွန်-ငြိမ်း)၊ (ဦးအေးလှ)-ဒေါ်တင်တင်ဝင်း (အကောက်ခွန်)၊ (ဦးမြထွေး)၊ ဦးလှမျိုး (MAX ENERGY)-ဒေါ်နွဲ့နွဲ့တို့၏ အစ်ကိုကြီး၊ အမှတ်(၈)၊ ငါးလွှာ၊ မှန်ရဝေလမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်မေလဲ့ (ရန်ကင်း TTC လေ့ကျင့်ရေးကျောင်း၊ ငြိမ်း)၏ ခင်ပွန်း ဦးအေးကိုသည် ၉-၁၁-၂၀၁၇ ရက် ည ၉း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးကို
### အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးလှဘော်-ဒေါ်ကြည်ကြည်)တို့၏ သား၊ (ဦးစိန်ငွေ-ဒေါ်ချစ်မြိုင်) တို့၏ သားသမက်၊ အမှတ်(၈)၊ငါးလွှာ၊မှန်ရဝေလမ်း၊ ဆရာစံမြောက်/အရှေ့၊ဗဟန်းမြို့နယ်နေ ဒေါ်ခင်မေလဲ့ (ရန်ကင်း TTC လေ့ကျင့်ရေးကျောင်း၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးညဏ်အောင် (Success interior design)-ဒေါ်လဲ့ကေခိုင် (KK)၊ ဦးထိုက်ထိုက်အောင် (Smit International Singapore Pte Ltd/HNN Marine)-ဒေါ်ဖြိုးမြတ်ဇင် (ရန်ကင်း TTC လေ့ကျင့်ရေးကျောင်း)၊ မဇင်လဲ့နွယ် (APRIL) တို့၏ဖခင်၊ မောင်ရှင်းသန့်အောင်၏ အဘိုးသည် ၉-၁၁-၂၀၁၇ ရက် ည ၉း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သင်းသင်း (B.Ed)
### အသက်(၆၁)နှစ်
**အထက်တန်းပြ (ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၁၆၅)၊ အခန်း(၆)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ(ဦးလှစိန်-ဒေါ်ဒီ)တို့၏သမီး၊ ဦးစိန်မြတ်အောင်-ဒေါ်ယဉ်ယဉ်သန်း၊ ဒေါ်နှင်းနှင်း၊ ဒေါက်တာစိန်လှမောင်၊ ဦးစိန်မြတ်ကျော်-ဒေါ်နန်းနီလာ တို့၏ ချစ်ညီမလေးသည် ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အသုဘ

## ဒေါ်သန်းရီ (ခရမ်း)
### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီယာ(၈)လမ်း၊ အမှတ်(၁၀၉၈)နေ(ဦးစံလှိုင်-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဦးအောင်မြင့်)၏ ဇနီး၊ ဦးဝင်းကို-ဒေါ်အုန်းရီ၊ ဒေါ်ကြည်ကြည်လှိုင်၊ ဦးမြင့်ဇော်-ဒေါ်တင်တင်နွဲ့၊ ဦးထွန်းဝင်း-ဒေါ်စိုးစိုးနွယ်၊ ဒေါ်ဝင်းဝင်းမော်၊ ဦးသိန်းဌေး-ဒေါ်အေးအေးလွင်၊ ဦးကိုကိုလွင်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက် တို့၏ အဘွားသည် ၁၀-၁၁-၂၀၁၇ရက် နံနက်၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဆေးကုသိုလ် ဒါယကာကြီး**

## ဦးတင့်ပွား(ခ)ဦးတင့်ပွားလှိုင်
**(မြို့နယ်တိုင်းရင်းဆေးမှူး၊ ငြိမ်း တဆ-၅၃)**
### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၇၆)နေ (ဦးဘိုဒွေး-ဒေါ်စိန်ဆင့်)တို့၏ သား၊ (ဦးကျော်စိန်-ဒေါ်စန်းရီ)တို့၏ သားသမက်၊ဒေါ်ချိုချိုစိန် (တိုင်းရင်းဆေးဆရာမ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးညဏ်ထွန်း-ဒေါ်စုစုတင်၊ ဦးဖြိုး၊ ဦးတင်မင်းထွန်း-ဒေါ်မေသက်လွင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးတင့်ပွားသည် ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေ (ရွှေကျင်)
### အသက် ၇၂ နှစ်
**အလယ်တန်းပြ၊ အထက-၄၊ ပုဇွန်တောင်(ငြိမ်း)**

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၆)၊ အခန်း(၃၀၉)နေ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏သမီးကြီး၊(ဦးဖိုးခက်-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ (ဦးကျော်ထွန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သန်းရွှေ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်နွယ်တို့၏ ညီမ၊ ဦးဇော်ထွန်း-ဒေါ်မြင့်မြင့်မော် (မတူး) တို့၏ အစ်မကြီးသည် ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့)ည ၁၁း၀၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ (စနေနေ့) ညနေ ၄ နာရီ ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေ (ရွှေကျင်)
### အသက်(၇၂)နှစ်
**အလယ်တန်းပြ အထက-၄၊ ပုဇွန်တောင်(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ညောင်တန်းအိမ်ရာ၊ တိုက်(၆)၊ အခန်း(၃၀၉)နေ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏ သမီးကြီး၊ (ဦးဖိုးခက်-ဒေါ်စောမြင့်)တို့၏သမီးချွေးမ၊ (ဦးကျော်ထွန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးနေဝင်း)၊ ဒေါက်တာထွန်းဇော်-ဒေါ်ယဉ်ယဉ်မေ၊ (ဦးစမော)-ဒေါ်ကံရှို၊ (ဦးသာထူးအောင်) - ဒေါ်နန်းခင်မာဆွေ၊ (ဦးခင်မောင်လတ်) - ဒေါ်မေယုတို့၏ အစ်မကြီးသည် ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့) ည ၁၁း၀၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြကျင် (နတ်တလင်း)
### အသက်(၉၁)နှစ်

နတ်တလင်းမြို့နေ (ဦးပုညြ-ဒေါ်ငွေသောင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၆)၊ မြို့ပတ်လမ်း၊ပုသိမ်ညွန့်ရပ်ကွက်၊တာမွေမြို့နယ်နေ [ဦးလှအောင်(မြန်မာ့မီးရထား-ငြိမ်း)]၏ ဇနီး၊ ဒေါ်ငွေငွေဝင်း(ပညာရေး-ငြိမ်း)၊ ဒေါ်တင်နွယ်ရီ (အထက-လေးဒေါင့်ကန်၊ ဒဂုံ)၊ ဦးအောင်ကို(ဒု-အင်ဂျင်နီယာချုပ်၊ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)-ဒေါ်အေးအေးခိုင်၊ ဒေါ်လှလှရီ (အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်လှလှဝင်း၊ ဗိုလ်မှူးဉာဏ်လင်းထွန်း-ဒေါ်လှလှသင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးသုံးယောက်တို့၏ ဘွားဘွားကြီးသည် ၉-၁၁-၂၀၁၇ ရက်၊ နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်းမြင့် (ကြို့ပင်ကောက်)
### အသက် (၉၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ်(၃၁၀)၊ ရန်ကင်းလမ်းနေ (ဦးလှမြင့်) ၏ဇနီး၊ ဦးမောင်မောင်သွင်-ဒေါ်ခင်မာကြူ၊ ဦးဆန်းဝင်း- ဒေါ်သင်းသင်းအေးတို့၏ မွေးသမိခင်၊ မသူသူသွင်၊ ဒေါက်တာဖြိုးဟိန်းကျော်-ဒေါက်တာဖြူသစ်ကြည်၊ မနှင်းဦးဝေတို့၏ အဘွားသည် ၁၀-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၀၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်သောင်းရီ(ခ)အဖွားသောင်း (ရှမဝတိုက်)
### အသက်(၈၈)နှစ်

(အဖိုးခင်-အဖွားရွှေ)(ရှမဝတိုက်)တို့၏ သမီး၊ တောင်ကြီးမြို့၊ ဦးကြီးခမ်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(ည/၂၃)နေ (ဦးအောင်လှ)၏ ဇနီး၊ (အဖွားခင်)၊ အဖွားကြည်၊ အဖွားမြ၊ အဖိုးသိန်း၊ အဖွားလှတို့၏ ညီမ၊ အဖွားထွေး၏ အစ်မ၊ ဦးစိုင်းရန်နိုင်-ဒေါ်နန်းသီရိဖောင်း၊ ဦးသူရ-ဒေါ်မီမီအောင်၊ ဦးသန်းထွန်း-ဒေါ်ချိုချိုအောင်၊ ဦးစိုင်းရန်အောင်-ဒေါ်နန်းရှုန်ဟောင်၊ ဒေါ်မိုးမိုးအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဦးစိုင်းအောင်မြင့်၏ကြီးကြီး၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့၏ချစ်လှစွာသောအဘွားသည် ၁၀-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဦးကြီးခမ်းရပ်နေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၆း၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်နိုင် (ကုန်သွယ်ရေး-၁၂၊ လ/ထ ဦးစီး-ငြိမ်း)
### အသက်(၇၆)နှစ်
**ပုဇွန်တောင်-တပ်မြေ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၉)နေ(ဦးစိုးမောင်-ဒေါ်သိန်းတင်)တို့၏ သားကြီး၊ (ဦးသိန်းဟန်-ဒေါ်ခင်သိန်း)တို့၏ သားသမက်၊ ဦးခင်မောင်ဝင်း-ဒေါ်ကြူ၊ ဦးအောင်ကြည်-ဒေါ်မေသန်းတင်တို့၏ အစ်ကိုကြီး၊ ဒေါ်မူမူ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ဖုန်းနိုင်-မခိုင်ခိုင်၊ ကိုစိုးမိုးနိုင်-မသွယ်သွယ်စိုး (Tokyo Japan)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်ဇေလင်း၊ မောင်ဖုန်းမြတ်နိုင်တို့၏ ဘိုးဘိုးသည် ၈-၁၁-၂၀၁၇ ရက် ည ၉း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေ (ရွှေကျင်)
### အသက်(၇၂)နှစ်
**အလယ်တန်းပြ အထက-၄၊ ပုဇွန်တောင်(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ညောင်တန်းအိမ်ရာ၊ တိုက်(၆)၊ အခန်း(၃၀၉)နေ (ဦးမြမောင်-ဒေါ်စိန်စိန်)တို့၏ သမီးကြီး၊ (ဦးဖိုးခက်-ဒေါ်စောမြင့်)တို့၏သမီးချွေးမ(ဦးကျော်ထွန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သီတာကျော် (ZIZAWA HEALTHCARE)၊ [(ဒေါက်တာနီလာကျော်)ကထိကဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်]၊ ဦးဇေယျာကျော်(အုပ်ချုပ်ရေးမှူး၊ ၅ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်)တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၉-၁၁-၂၀၁၇ (ကြာသပတေးနေ့) ည ၁၁း၀၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း
### အသက်(၆၀)
**လက်ထောက်လျှပ်စစ်အင်ဂျင်နီယာ(၂)**
**AGTI(EP) 1978(MDY)**
**MBA (2010) B.Sc (Physics)**

မန္တလေးတိုင်းဒေသကြီး၊ ကျွဲနားထောက်ကျေးရွာနေ (ဦးဘတင်-ဒေါ်မြသန်း)တို့၏ သားလတ်၊ သံဖြူဇရပ်နေ (ဦးထွန်းစိန်-ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာစီမံကိန်းဝင်း၊ သဇင်လမ်း၊ အမှတ်(၂၀)နေ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဦးဝဏ္ဏအောင်(MEBS GLOBA)-ဒေါ်ကေခိုင်ဦး၊ ဦးအောင်ပြည့်(ခေတ္တ-စင်ကာပူ)-ဒေါ်ရတနာမေ(ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မပြည့်ဖူးကေခိုင်၏ အဘိုး၊ ပြင်ဦးလွင်မြို့နေ ဦးမျိုးမြင့်(စာပန်းအိမ်)-ဒေါ်ခင်ဆွေမြင့်တို့၏ညီ၊ (ဦးကိုကိုကြီး)-ဒေါ်ခင်အုန်းဆင့်၏ အစ်ကို ဦးဌေးဝင်းသည် ၉-၁၁-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် တက္ကသိုလ်ရိပ်မွန်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို နိုင်ငံရေးအနှစ်သာရပြည့်စုံစွာဖြင့် ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော်  နိုဝင်ဘာ  ၁၀

**၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောင်အောင်မြင်မြင်နှင့် နိုင်ငံရေး အနှစ်သာရ ပိုမို ပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ ကျင်းပသည့်အခါ နိုင်ငံရေး အနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပနိုင်ရန်အတွက် အမျိုးသားရေးဦးတည်ချက်(၃)ရပ်ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# ရင့်မှည့်စပါးခင်းများ၏ တောင်သူအမည်၊ ဦးပိုင်အမှတ်နှင့် ထွက်ရှိလာသည့် စပါးတင်း အရေအတွက်ကို စနစ်တကျ စာရင်းပြုစုကာ သိုလှောင်သိမ်းဆည်းပေးထား

**နေပြည်တော်  နိုဝင်ဘာ  ၁၀**

ဘူးသီးတောင်နှင့် မောင်တောဒေသရှိ ရင့်မှည့်စပါးများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိပြီး ဇကအလိုက် ရိတ်သိမ်းပြီးစပါးများကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီသို့ စနစ်တကျအပ်နှံလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။


**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ◯**



❝ဘူးသီးတောင်၊ မောင်တောဒေသမှာ စပါးတွေက ရင့်မှည့်နေပြီ၊ ရင့်မှည့်စပါးတွေကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကျွန်တော်တို့ဌာနမှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ တတ်နိုင်သမျှ ဆောင်ရွက်ပေးတာပါ၊ ရိတ်သိမ်းပြီးသား စပါးတွေကို ကွင်းအလိုက် ပိုင်ဆိုင်မှုကေပေါ်မှာ မူတည်ပြီး ထွက်လာတဲ့ စပါးတွေကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီကို စာရင်းနဲ့ စနစ်တကျ အပ်နှံနေပါတယ်❞




***မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော သွေးချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို အပတ်စဉ်ဖော်ပြလျက်ရှိရာ ယခုတစ်ပတ်အတွက် မောင်အောင်မွန်ရေးသားသော သွေးချင်းတို့အကြောင်း တစေ့တစောင်းစာအုပ်မှ ကရင်တိုင်းရင်းသားတို့၏ အကြောင်းကို ဖော်ပြလိုက်ပါသည်-***




# ဝတ်စားဆင်ယင် လှုကရင်

■ မောင်အောင်မွန်

လူတို့ အဝတ်ဝတ်ကြသည့်နေရာတွင် အပူအအေးခံနိုင်စေရန်၊ ကိုယ်ခန္ဓာလုံစေရန်နှင့် လှပစေရန်အပြင် ဆင်ယင်ထုံးဖွဲ့မှု၏ နောက်ကွယ်တွင် ထိုလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ သက်ဝင်ယုံကြည်မှုနှင့် ရက်ကန်းပညာလည်း ပါဝင်နေသည်။

အခြားတိုင်းရင်းသားများကပါ နှစ်သက်ကြသည့် ကရင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုအကြောင်းကို လေ့လာကြည့်ကြပါစို့။

မြေပြန့်တွင်နေထိုင်ကြသော ကရင်တိုင်းရင်းသား အမျိုးသားများသည် ပုဆိုးနှင့်ရှပ်အင်္ကျီ၊ အမျိုးသမီးများက ခေတ်ပေါ်ထဘီနှင့် အင်္ကျီလက်ရှည်၊ လက်တိုများသာ ဝတ်လေ့ရှိကြသောကြောင့် ကျန်တိုင်းရင်းသားများနှင့် များစွာမကွာလှပေ။

ပကူးကရင်တို့သည်လည်း နေ့စဉ်နေ့တိုင်းတွင် ထိုကဲ့သို့ပင် ဝတ်ဆင်ကြပါ၏။ သို့သော် ရိုးရာအနေဖြင့်မူ တစ်မျိုးဆင်ယင်ကြသည်။ အမျိုးသားများက အစင်းအနည်းငယ်သာပါသော သင်တိုင်းအဖြူရောင်၊ ဘောင်းဘီအနက်၊ ခေါင်းပေါင်းနက်ပြာရောင်၊ လွယ်အိတ်လွယ်ပြီး အမျိုးသမီးများကား အနက်ရောင်သင်တိုင်း ခါးပြတ်ကို ပန်းများဖော်ထားပြီး ထဘီအနက်ဝတ်သည်။ ပဝါများ ခေါင်းစည်းလေ့ရှိသည်။

ဘွဲ့ကရင်များကိုလည်း ကြည့်ပါ။

အမျိုးသားများက "ဆိဒိုပလို" သင်တိုင်းရှည်ကို ဘောင်းဘီနက်နှင့်တွဲ၊ ခေါင်းလည်းပေါင်းပြီး အမျိုးသမီးများက "ဆေးလား"ခေါ် ခါးပြတ်သင်တိုင်းတိုကို ဂျပ်ခုတ်ကရင်ထဘီကန့်လန့်စင်းနှင့် တွဲဝတ်၏။ ခေါင်းစည်းပဝါသာမက လည်ဆွဲ၊ လက်ကောက်၊ နားတောင်းတို့ပါ အားဖြည့်လိုက်သေးသည်။ နေ့စဉ်တွင်မူ ရိုးရိုးသာ ဝတ်ကြပြီး တစ်ခါတစ်ရံမှသာ ရိုးရာနှင့်အညီ ဆင်ယင်ကြသည်။

တောင်ပေါ်စကောကရင်များ၏ ကလေးငယ်များကား သင်တိုင်းအရှည်အဖြူရောင်များ ဝတ်ကြ၏။ ယောက်ျားလေးများ၏ သင်တိုင်းများ၏အနားတွင် အစင်းကြောင်းများ ထိုးရက်ထားသည်။

စကောကရင် လုံမပျိုလေးတို့၏ အလှအပကား စာဖွဲ့၍ကုန်အံ့မထင်။ အလှအပကို မြတ်နိုးတန်ဖိုးထားကြသူများဖြစ်သည့်အပြင် အရွယ်ကလည်း နုနယ်ပျိုမျစ်ဆဲဖြစ်သဖြင့် ဝတ်စားဆင်ယင်၍ အလွန်ကောင်းသည်။ သင်တိုင်းအရှည်အဖြူ ပဝါကလည်းအဖြူ၊ ရွှေငွေကြေးဖန်တို့ဖြင့် ပြုလုပ်ထားသော နားတောင်း၊ နားကပ်၊ လက်ကောက်၊ ခြေချင်းတို့ကို ခေါင်းစည်းနှင့်အတူ အလျဉ်းသင့်သလို တွဲဖက်အလှပြင်တတ်သည်။ လည်ဆွဲပုတီးနှင့် ပန်းစည်းကြိုးတို့ကမူ အရောင်အသွေး အင်မတန်စုံလင်လှ၏။

သင်တိုင်းအနက်ရောင် ခါးပြတ်ထဘီတို့ဖြင့် ဝတ်ဆင်ထားသူများကား အိမ်ထောင်သည်များဟု အလွယ်တကူ သိနိုင်ကြသည်။

အမျိုးသားများကမူ အိမ်ထောင်သည်ဖြစ်စေ၊ လူပျိုလူလွတ်ဖြစ်စေ သင်တိုင်းနှင့်ဘောင်းဘီကိုသာ ဝတ်ကြသဖြင့် ခွဲခြားမရနိုင်ပေ။

ယုံကြည်စွဲလမ်းမှုအရ ပုတီးအမျိုးမျိုး ဆွဲကြရာဝယ် ကလေးများနှင့် မိန်းမသားများ ကျန်းမာပြီးသွေးသားကောင်းစေရန်အတွက် အနီရောင်ပုတီး၊ ခရီးသွားသောအခါ အန္တရာယ်ကင်းစေရန်အတွက် အနက်ရောင်ပုတီး၊ အဆိပ်အတောက်နှင့် စုန်းကဝေ တစ္ဆေတို့ အန္တရာယ်ကင်းစေရန်အတွက် ကျားစွယ်၊ ဝက်စွယ် စသည့် ပုတီးများကို ဆောင်ကြလေ့ရှိသည်။

အထူးကဏ္ဍ [ ခ ] သို့ »»»


ကရင်ပြည်နယ်၏ အထိမ်းအမှတ် သင်္ကေတ တစ်ခုဖြစ်သော ဇွဲကပင်တောင်။

အထူးကဏ္ဍ [ က ] မှ »»

မြေပြန့်တွင် နေထိုင်ကြသော အရှေ့ပိုးကရင်များ၏ နေ့စဉ်ဝတ်စားဆင်ယင်မှုမှာ မြန်မာတို့ အတိုင်းပင်ဖြစ်၏။ သို့သော် မြို့များနှင့်ဝေးကွာသော၊ အသွားအလာနည်းသော အစွန်အဖျားဒေသများရှိ ပိုးကရင်အမျိုးသမီးများသည် တောင်ပေါ်နေ စကောကရင်မလေးများလိုပင် ဝတ်လေ့ရှိကြသည်။

ဒေသအချို့တွင် တွေ့ရသော အရွယ်ရောက် မိန်းကလေးများမှုကား ပန်းပွင့်လေးများဖော်ထားသည့် သင်တိုင်းခါးပြတ် "နိုသန်ဆယ်" ခေါ် သုံးဆင့်ထဘီများ ဝတ်ကြသည့် အချက်လောက်သာ ကွဲပြား၏။ ကလေးများ အထူးသဖြင့် ယောကျ်ားလေးများ အဖြူရောင်သင်တိုင်းရှည် ဝတ်ကြပုံသာမက အောက်အနားမှာ အစင်းကြောင်းများပါသည်ကအစ ထပ်တူထပ်မျှဖြစ်နေသည်။

သို့သော် အရွယ်ရောက်ပြီး ပိုးကရင်များမှာမူ မတူကြတော့ချေ။

သူတို့၏ သင်တိုင်းများကား အနီရောင်အောက်ခံပေါ် အဖြူအပြာမတ်တတ်စင်းများ ဖောက်ရန်လုပ်ထား၏။ သင်တိုင်းရှည်များကို အမျိုးအစားအလိုက် ခေါင်းစွပ်သို့မဟုတ် ရင်ခွဲဟူ၍ရှိ၏။ ပုဆိုးနှင့် တွဲဝတ်မည်ဆိုပါက ခါးသိမ်းချုပ်ပြီး ကော်လာပန်းပွားများပါတပ်ကြသည်။ ရှေးကမူ ဘောင်းဘီအနက်နှင့် တွဲဖက်ဝတ်ဆင်ကြသည်။

လဲကယ်ဘာသာရေးခေါင်းဆောင်များကို ဝတ်ဆင်ပုံကြည့်ရုံနှင့် သိသာ၏။ ယင်းပိုးကရင်အမျိုးသားများသည် အဖြူခံဝယ် အစိမ်းနှင့် အနီစင်းများ ထိုးထားသော သင်တိုင်းရင်ကွဲရှည်ကို တောင်ရှည်ပုဆိုးနှင့် ဆင်မြန်းတတ်သည်။

လဲကယ်ဘာသာရေးခေါင်းဆောင်များ တလကူ ဘာသာဝင် စကောနှင့် ပိုးကရင်တို့သည် ဆံရှည်သျှောင်ထားလေ့ရှိကြပြီး ကျန်လူများမှာ ဗိုလ်ကေသာထားတတ်ကြ၏။

ဘားအံ၊ ကော့ကရိတ်တို့ဘက်မှ ဗုဒ္ဓဘာသာဝင် အရှေ့ပိုးကရင်အမျိုးသမီးတို့၏ နေ့စဉ်ဝတ်ဆင်မှုကား ကျန်မြန်မာအမျိုးသားတို့နှင့် အတူတူပင်။ သို့သော် ပွဲလမ်းများတွင်မူ ဆင်ယင်မှုပြောင်းလာ၏။ အသက်အရွယ် အမျိုးမျိုးအလိုက် အဆင်စုံလင်သော ထဘီတွေ၊ သင်တိုင်းတွေရှိ၏။ အရောင်ချင်းကွဲပြား ကန့်လန့်စင်း အဆင်ချင်း မတူကြခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ လေးနက်သော အကြောင်း နောက်ခံများရှိသည်။

ရိုးရာထဘီ၊ လူငယ်ဝတ်ထဘီ၊ အပျိုဖော်ဝင်စဝတ် ထဘီနှင့်၊ အပျိုဝတ်ထဘီရယ်ဟု လေးမျိုးခွဲထားသည်။

"ထုလုနီ"ဟု ခေါ်သော ဘိုးဘွားအစဉ်အဆက်က အမွေဆက်ခံခဲ့သော ရိုးရာထဘီကား ရက်လုပ်ရာတွင် မလွယ်ကူလှပေ။ ဆေးဆိုးချိန်မှအစ ဂျပ်ခုတ်ရက်လုပ်ပြီးစီးချိန်အထိ ရပ်ရွာတွင် သေဆုံးသူရှိလျှင်ဖြစ်စေ၊ ရက်လုပ်သူအမျိုးသမီး ဓမ္မတာလာလျှင်ဖြစ်စေ ထဘီအထ မမြောက်ချေ။

ရက်လုပ်ရသည်မှာ ခက်ခဲသလောက် မြတ်နိုးတန်ဖိုးထားရာဝယ် ထိပ်ဆုံးက ဖြစ်၏။ သားစဉ်မြေးဆက် လက်ဆင့်ကမ်း အသုံးပြုကြသော ထိုရိုးရာထဘီကို အပျိုဖော်ဝင်အခမ်းအနား၊ မင်္ဂလာဆောင် စသည့် အခမ်းအနားများတွင်မှ ဝတ်ဆင်ကြရသည်။

ရိုးရာထဘီတွင် အစွမ်းသတ္တိများရှိသည်ဟု အယူရှိကြသော ပိုးကရင်များသည် ရပ်ရွာတွင် ကာလရောဂါ၊ ကပ်ရောဂါများဖြစ်သည့်အခါ နတ်၊ ဘီလူး၊ တစ္ဆေ၊ သရဲ၊ ဖုတ် စသည်များ အိမ်တွင်းမဝင်နိုင်စေရန် အိမ်ဝတွင် ရိုးရာထဘီကို လှမ်းထားလေ့ရှိသည်။

လတ်တလော ရက်လုပ်သည်ထက် မိခင်၊ အဘွားတို့၏ ရိုးရာထဘီက ပိုမိုတန်ဖိုးရှိသဖြင့် မိခင်ကွယ်လွန်ပါက ရိုးရာထဘီအမွေခံရရေးအတွက် ညီအစ်မများ အစွမ်းကုန်ကြိုးစားကြသည်။

စစ်ထွက်သည့်အခါ၊ ခရီးရှည်သွားသည့်အခါတို့ဝယ် မိခင်၏ ရိုးရာထဘီစကို ဆောင်ကြခြင်းတွင်လည်း မိခင်၏ အရေးပါပုံကို ပေါ်လွင်စေ၏။ မိခင်မရှိတော့သည့်တိုင် မိခင်ဝတ်သွားသော ရိုးရာထဘီက ဘေးအန္တရာယ်ဟူသမျှကို ဖယ်ရှားပေးနိုင်စွမ်းသည်ဟု ကရင်အမျိုးသားတို့က ယုံကြည်ကြ၏။ ဤနေရာတွင် ကျန်ညီအစ်ကို တိုင်းရင်းသားများနှင့် ထပ်တူညီနေသည်ကို တွေ့မြင်ရသည်။

"နီဝါထု"ခေါ် လူငယ်ဝတ်ထဘီကား ကြက်သွေးရောင် နီရဲရဲ ပြောင်ထဘီဖြစ်သည်။

အပျိုဖော်ဝင်စ အရွယ်ဝတ်ထဘီကိုကား ပျိုမေတို့ အထူးနှစ်သက်ကြ၏။ အဆင့်သုံးဆင့်ပါသည်။ လေးလက်မခွဲလောက်ရှိသော အနားလေးရစ်၊ စွန်လက်သည်းပုံများ ဖော်ထားသည်။ အညစ်အပေခံနိုင်သော အနက်ရောင်၊ အနီရောင်၊ သစ်ခေါက်ရောင်အပြင် အလှဘက်နွယ်သည့် အဝါရောင်နှင့် တစ်ခါတစ်ရံ ဇင်းမယ်ဆင်များပါ ရက်လုပ်ထားတတ်ကြသည်။

အပျိုဝတ်ထဘီကား အနီရောင်နှင့် အောက်ချင်းငှက်နှုတ်သီးဖော်ထားသည့် အပေါ်ဆင့်နှင့် အဝါရောင်၊ အနီရောင် လွှသွားပုံသဏ္ဌာန် ဖော်ထားသည့် အောက်ဆင့်တို့ပါ၏။

အကျီမှာမူ အသက်အရွယ်ကြီးရင့်သူများ ဝတ်လေ့ရှိသော အဖြူရောင်၊ အညိုရောင်၊ ညောင်ရွက်ပုံ လည်ပင်းပေါက်နှင့် သင်တိုင်းခါးပြတ်အောက်အနား လည်ပင်းပေါက် လက်ပေါက်များတွင် ပန်းပွင့်လွှသွားချိတ် အဆင်များ ဖော်ခြယ်သထားသော ဖလုံအကျီခေါ် ဂျပ်ခုတ်အပျိုဝတ်သင်တိုင်းနှင့် စက်ရက်ထည်ပေါ်ဝယ် ပန်းပွင့်များဖော်ထားသော စက်ချုပ်သင်တိုင်းဟူ၍ သုံးမျိုးရှိသည်။

အဝေးကနေ အပြင်ပန်းကြည့်ရုံနှင့်ပင် ကရင်တို့၏ အဝတ်အစားကား လိုက်ဝတ်ချင်စရာ ကောင်းလှ၏။

ဝတ်စားဆင်ယင်မှု၏ နောက်ကွယ်ဝယ် လေးနက်သည့် အဓိပ္ပာယ်ဆောင်သဖြင့် အနီးကပ်ကြည့်ပါလျှင် ကရင်တို့၏ ဝတ်စားဆင်ယင်မှုအလှသည် ပိုမိုပေါ်လွင်လာပေမည်။

**ရဲရင့်ခြင်း၊ ခံ့ညားခြင်းနှင့် ယောကျ်ားကောင်း**

မြောက်ဘက်၌ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး။ ထိုသို့ နယ်နိမိတ်ဆက်စပ်နေသော ကရင်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ငါးရာခိုင်နှုန်းခန့်ဖြစ်သော ၁၁၇၃၁ စတုရန်းမိုင်တွင် လူဦးရေ ကိုးသိန်းခန့် နေထိုင်ကြသည်။

ကရင်များသာမက ရှမ်း၊ ပအိုဝ်း၊ မွန်၊ ဗမာ စသည်တို့လည်း နေထိုင်ကြသည်။ ကရင်များထဲတွင်ပင် စကော၊ ပိုး၊ ဘွဲ့၊ ပကူး၊ ကယိမ်းရယ်လို့ ခွဲထားပြန်သည်။ ကရင်အမျိုးသားတို့သည် ကရင်ပြည်နယ်မှာသာမက ပြည်ထောင်စုအနှံ့တွင်လည်း နေထိုင်ကြသည်။

**ယနေ့ ကရင်ပြည်နယ်ကို ကြည့်ပါ**

ကရင်အမျိုးသားတို့ ဘိုးဘွားစဉ်ဆက်ကတည်းက လုပ်ကိုင်လာခဲ့ကြသော လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေ လုပ်ငန်းမှာ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး ယခုအခါ ခေတ်မီတိုးတက်နေပြီ။

ကရင်ပြည်နယ် အကျယ်အဝန်း၏ ထက်ဝက်ဖြစ်သော အမြဲစိမ်းသစ်တောမှ ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ ကညင်၊ အင်၊ သစ်ရာနှင့် ပိတောက် စသော သစ်များနှင့် ကြိမ်၊ ဝါး၊ ဖာလာစေ့၊ ပျားရည်၊ အင်တွဲ၊ သစ်ခွပန်းနှင့် ထင်း၊ မီးသွေးတို့ ထွက်လျက်ရှိသည်။

သံ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်းကဲ့သို့သော သဘာဝ သယံဇာတပစ္စည်းများလည်း ထွက်လျက်ရှိသည်။ ပိုမိုထွက်ရှိစေရန် ရှာဖွေနေဆဲ။

လမ်းပန်းဆက်သွယ်ရေး ယခုထက်တိုးတက်လာပါက ဖွံ့ဖြိုးမှုအရှိန် ပိုမိုတိုးတက်လာမည်မှာ အမှန်ဖြစ်သည်။

တစ်ဖက်မှ စီးပွားရေးအရ၊ ကျန်းမာရေးအရ၊ ပညာရေးအရ တိုးတက်ဖွံ့ဖြိုးစေသလို တစ်ဖက်ကလည်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းလေးစားကြရသည်။ တန်ဖိုးထားကြရသည်။ အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးကြရသည်။ အကြောင်းတစ်ခုခုကြောင့် လိုက်နာခြင်းမပြုနိုင်သည့်တိုင် ထိုရိုးရာဓလေ့ထုံးစံအကြောင်းလောက်ကိုတော့ သိထားသင့်ကြသည် မဟုတ်ပါလား။

ကရင်အမျိုးသားတို့၏ ဓလေ့များစွာတို့အနက် ထိုးကွင်းထိုးကြခြင်းအကြောင်းကို လေ့လာကြပါစို့။

မည်သည့်ရိုးရာယဉ်ကျေးမှုကိုမဆို လေ့လာကြည့်ပါ။ ဖြစ်ပေါ်လာရသည့်အကြောင်းရင်း ရှိစမြဲပင်။ ထိုးကွင်းထိုးကြရာတွင်လည်း အလွန်ကောင်းမွန်သော ရည်ရွယ်ချက်ရှိ၏။ ကရင်အမျိုးသားများသာ ထိုးကွင်းထိုးကြသလော။ မဟုတ်ပါ။

အသားပေါ်တွင် တစ်သက်လုံး ပြန်ဖျက်မရအောင် ဆေးထိုးစုတ်တံဖြင့် ထိုးရခြင်းကို ကမ္ဘာပေါ်ရှိ လူမျိုးအတော်များများ အထူးသဖြင့် ရှေးဆန်ကြသူများ ထိုးလေ့ရှိကြသည်။ ဗမာ၊ မွန်၊ ရှမ်းတို့လည်း ထိုးကြသည်။ တစ်ချိန်က ဂျပန်ပြည်တွင် ထိုးကွင်းထိုးသော အလေ့အထ အလွန်ခေတ်စားခဲ့၏။

ကိုယ်ပေါ်တွင် ကြောင်ရုပ်ကို မင်ဖြင့် ရေးထိုးသော ကြောင့် မင်ကြောင်ဟု ခေါ်ရာမှ အခြားအရုပ်များပါ ထိုးလာကြသည်ကိုလည်း ကြားဖူးကြပါလိမ့်မည်။ ပေါင်မှာ ကြောင်ရုပ်၊ ငှက်ရုပ်၊ လက်ဖျံ၊ ပခုံးနှင့် လည်ကုပ်တွင် လူရုပ်၊ အိမ်မြှောင်ရုပ်တို့လည်း ရေးထိုးလေ့ရှိကြသည်။

တချို့ကမူ အနက်ရောင်သာမက ဆေးနီဖြင့်ပါ တစ်ကိုယ်လုံးအနှံ့ ရေးထိုးလေ့ရှိ၏။ ဂါထာများ၊ အင်းများလည်း ရေးကြသူတွေ ရေးကြသည်။ အချို့ကလည်း သိဒ္ဓိမြောက်စေရန် ထိုးကြသည်။ ယင်းကိစ္စရပ်များနှင့် ကရင်အမျိုးသားတို့ ထိုးကွင်းထိုးကြခြင်းကား အလျဉ်းပတ်သက်ခြင်းမရှိပေ။

ထိုးကွင်းထိုးကြရာဝယ် အကြမ်းအားဖြင့် ရည်ရွယ်ချက် သုံးမျိုးရှိ၏။

၁။ ရန်သူများကြောက်လန့်သွားစေရန်

၂။ လှပစေရန်နှင့်

၃။ ဘာသာရေးအရ လိုအပ်သောကြောင့် ဖြစ်သည်။

ကရင်အမျိုးသားတို့ ထိုးကွင်းထိုးကြခြင်းသည် လှပစေရန်နှင့် ယောကျ်ားပီသစေရန်ဖြစ်၏။ တစ်နည်းဆိုရသော် လူပျိုဖော်ဝင်လာသော ယောကျ်ားပျိုလေးများအား သက်ဆိုင်ရာမိဘများက ယောကျ်ားပီသ ရဲရင့်စေရန် တာဝန်ဝတ္တရားအရ ထိုးကွင်းထိုးစေခြင်းဖြစ်သည်။

*ဆက်လက်ဖော်ပြပါမည်။*

# ကရင်တိုင်းရင်းသားရိုးရာ သရုပ်ဖော်ပုံပြောပြိုင်ပွဲ ကျင်းပ

**မင်းလှ နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (Community Center)ခန်းမ၌ နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီက လူထုအခြေပြုဗဟိုဌာန ဆောင်ရွက်မှုအဖြစ် ကရင်တိုင်းရင်းသားရိုးရာ သရုပ်ဖော်ပုံပြောပြိုင်ပွဲကို ကျင်းပသည်။



ပုံပြောပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအောင်က သရုပ်ဖော်ပုံပြောပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ ပြည်သူ့စာကြည့်တိုက်အား ပြည်သူများ အားထားယုံကြည်ရသော လူထုအခြေပြုဗဟိုဌာန (Community Center) နှင့် လူထုအခြေပြု စာကြည့်တိုက် (Community Library)အဖြစ် အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက ပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းချက်များကို ပြောကြားပြီး မိမိတို့ရိုးရာယဉ်ကျေးမှု ဘာသာစကားဖြင့် သရုပ်ဖော်ပုံပြောပြိုင်ပွဲကို ယှဉ်ပြိုင်ပြသခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ကိုးကျောင်းမှ ကရင်တိုင်းရင်းသားကျောင်းသား ကျောင်းသူလေးများအဖွဲ့က ကရင်ဘာသာစကားဖြင့် သရုပ်ဖော်ပုံပြောယှဉ်ပြိုင်ခဲ့သည်။

ကရင်တိုင်းရင်းသား အကဲဖြတ်ဒိုင်များက အမှတ်ပေးဆုံးဖြတ်ခဲ့ရာ ပထမဆုကို အထက(ခွဲ) ကိုင်းပြင်ကြီး၊ ဒုတိယဆုကို အမက ကျွဲမကိုင်း၊ တတိယဆုကို အမက စစ်ပြန်ကွင်းကျောင်းနှင့် နှစ်သိမ့်ဆုများကို မြို့နယ် ပြန်/ဆက်နှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့တို့က ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# ရခိုင်လူမျိုး၊ ရခိုင်သမိုင်းနှင့် ရခိုင်ပြည်နယ်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား တိုင်းဒေသကြီး ခုနစ်ခု၊ ပြည်နယ် ခုနစ်ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုဖြင့်ဖွဲ့စည်းထားသည်။ ပြည်နယ်များအားဖွဲ့စည်းရာတွင် နေထိုင်သောတိုင်းရင်းသားလူမျိုးများကို အခြေပြုဖွဲ့စည်းထားခြင်း ဖြစ်သည်။ ရခိုင်တိုင်းရင်းသားများနေထိုင်သော ရခိုင်ပြည်နယ်မှာ မြန်မာနိုင်ငံ၏အနောက်ဘက်နယ်စပ်တွင် ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နယ်စပ်ချင်းထိစပ်နေပြီး ရခိုင်ပြည်နယ်၏မြောက်ပိုင်း(မောင်တောဒေသ)တွင် ဝင်ရောက်နေထိုင်လျက်ရှိနေကြသည့် ဘင်္ဂါလီများကို အကြောင်းပြုကာ လတ်တလောကာလတွင် မြန်မာနိုင်ငံအတွင်းတွင်သာမက ကမ္ဘာကပါ အာရုံစူးစိုက်ခံနေရသည့် ပြည်နယ်တစ်ခုလည်း ဖြစ်သည်။ ရခိုင်ပြည်နယ်၏အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၁၉၉ ဒသမ ၉၂၁ မိုင်ရှိသည်။ ရခိုင်ပြည်နယ်၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ မြောက်ဘက်တွင် ချင်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အငူမော်မှ နတ်မြစ်ဝထိ ပင်လယ်ပြင်ဆက်စပ်နယ်နိမိတ်မိုင် ၄၀၊ နတ်မြစ်ဝမှ မိုင်တိုင် ၃၁ အထိ ၄၀ မိုင်၊ မိုင်တိုင် ၃၁ မှမိုင်တိုင် ၅၆ အထိ ကုန်းတွင်းပိုင်းနယ်နိမိတ် ၂၆ ဒသမ ၃မိုင်ရှိကာ စုစုပေါင်းဆက်စပ်နယ်နိမိတ် ၁၀၆ ဒသမ ၃ မိုင်ရှိသည်။ ရခိုင်ပြည်နယ်ကို စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တော ခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်စသည့်ခရိုင် ငါးခရိုင်ဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါခရိုင်များအနက် နယ်မြေဧရိယာအကျယ်အဝန်းအားဖြင့် မြောက်ဦးခရိုင်သည် အကြီးဆုံးဖြစ်ကာ မောင်တောခရိုင်မှာ အငယ်ဆုံးဖြစ်သည်။ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိပြီး မြို့ခုနစ်မြို့ရှိသည်။ ရပ်ကွက် ၁၇၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၃၅ အုပ်စုနှင့်ကျေးရွာငယ်ပေါင်း ၃၇၃၇ ရှိသည်။ ရခိုင်ပြည်နယ် ၏လူဦးရေစုစုပေါင်းမှာ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် အထိစာရင်းအရ ၃၁၀၆၁၆၃ ဦး သုံးသန်းကျော် နေထိုင်လျက်ရှိသည်။ ရခိုင်ပြည်နယ်မှာ လူမျိုးကိုအခြေပြုဖွဲ့စည်းထားခြင်းဖြစ်ကာ ရခိုင်တိုင်းရင်းသားများနှင့် မြို၊ ခမီ၊ သက်၊ ဒိုင်းနက်၊ မရမာကြီးနှင့်ကမန်လူမျိုးများ နေထိုင်လျက်ရှိကြသည်။ ရခိုင်လူမျိုးများမှာ အများဆုံးဖြစ်ပြီး ကျန်တိုင်းရင်းသားများမှာ အနည်းစုမျှသာဖြစ်သည်။ တိုင်းရင်းသား လူမျိုးနွယ်စုများသည် ရခိုင်ပြည်နယ် မြို့နယ်အနှံ့တွင် နေထိုင်ခြင်းမရှိဘဲ မြို့နယ်အချို့တွင်သာ နေထိုင်လျက်ရှိနေကြသည်။

**ရခိုင်လူမျိုးနှင့် ရခိုင်သမိုင်း**

ရခိုင်သမိုင်းကိုရေးသားကြရာတွင် (ဘီစီ ၃၃၂၅)ခု၊ ပထမဓညဝတီတည်ထောင်ခြင်းမှ စတင်မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ပထမဓညဝတီကို မာရယုမင်းတည်ခဲ့ကြောင်းဖြင့်လည်း အမှတ်ပြုကြသည်။ မာရယုမင်းသားကို သကျသာကီဝင်အနွယ်မှ ဆင်းသက်လာသူဖြစ်ကြောင်း ရခိုင်ရာဇဝင်ကျမ်းများ၌ ရေးသားမှတ်တမ်းတင်ကြသည်။ ကပိလဝတ်ပြည်မှ ထီးနန်းစွန့်ခွာလာခဲ့သူ သာကီဝင်မင်းနှင့် သက်အမျိုးသမီးတို့ စုံမက်ပေါင်းဖော်ရာမှဖွားမြင်ခဲ့သော သားဖြစ်ကြောင်းနှင့် မြို့မိသားစု၏အုပ်ထိန်းမှုဖြင့် ကြီးပြင်းလာသူဖြစ်ကြောင်းဖြင့်လည်း မှတ်တမ်းတင်ခဲ့သည်။ မာရယုမင်းသားသည် ရက္ခိုက်ခေါ် ဘီလူးများရန်ကိုနှိမ်နင်းခဲ့ရပြီး ပထမဆုံးမြို့ကို ထူထောင်ခဲ့ကြောင်းလည်း သမိုင်းက ဆိုသည်။ ထို့ကြောင့် ရက္ခပူရ၊ ရက္ခိုင်မှ ရခိုင်ဖြစ်လာသည်ဟုလည်းမှတ်တမ်းပြုကြသည်။ ရခိုင်သမိုင်းတွင် ထင်ရှားသောခေတ်ကြီး လေးခေတ်ရှိခဲ့သည်။ ဓညဝတီခေတ်၊ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်များဖြစ်ကြသည်။ ဓညဝတီခေတ်ကိုပထမဓညဝတီ၊ ဒုတိယဓညဝတီနှင့် တတိယဓညဝတီဟုလည်း မှတ်တမ်းတင်ကြသည်။ ပထမဓညဝတီသည်ဘီစီ-၃၃၂၅ မှ ဘီစီ ၁၄၈၃ ထိဖြစ်သည်။ ပထမဓညဝတီမှာ ကစ္ဆပနဒီ၏အထက်ပိုင်းပလက်ဝမြို့နယ်တွင်ရှိသည်။ ဒုတိယဓညဝတီမှာ (ဘီစီ-၁၄၈၃ မှ ဘီစီ-၅၈၀ထိ)ဖြစ်ပြီး ပထမဓညဝတီ၏ မြို့တော်ဟောင်းနေရာ၌ ရှိသည်။ နီလာပန်းတောင်း၊ ကျောက်ပန်းတောင်းဟု ထင်ရှားသည်။တတိယဓညဝတီမှာ (ဘီစီ-၅၈၀မှ အေဒီ-၃၂၇)ထိဖြစ်သည်။ ယခု ကျောက်တော်မြို့အရှေ့ဘက် ၅ မိုင်ခန့်အကွာရှိ မဟာမြတ်မုနိဘုရားကုန်းတော်တောင်ဘက်တွင်ရှိသည်။ ဒုတိယဓညဝတီ (ဘီစီ-၅၅၄)တွင် ထီးနန်းစိုးစံသည့် စန္ဒသူရိယမင်းလက်ထက်တွင် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဓညဝတီရခိုင်ပြည်သို့ကြွရောက်တော်မူလာပြီး မင်းနှင့်တကွ ပြည်သူများ ကိုးကွယ်နိုင်ရန် ကိုယ်ပွားတော် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ရင်ငွေ့တော်ခုနစ်လက်အုပ်ထည့်၍ သွန်းလုပ်ချီးမြှင့်တော်မူခဲ့သည်။ ယင်းမှစ၍ရခိုင်ပြည်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့တို့ ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

**ဓညဝတီခေတ်**

ပထမ ဓညဝတီသည် မင်းဆက်ပေါင်း ၅၇ ဆက်စိုးစံခဲ့ပြီး နှစ်ပေါင်း ၁၈၁၈ နှစ်ရှည်ကြာခဲ့သည်။ ဒုတိယဓညဝတီကို တကောင်းပြည်မှ အဘိရာဇာမင်းကြီး၏သားတော် ကံရာဇာကြီးက ထူထောင်သည်။ မင်းဆက် ၂၈ ဆက်စိုးစံခဲ့ပြီး နှစ်ပေါင်း ၉၀၃ နှစ်တည်တံ့ခဲ့သည်။ တတိယဓညဝတီခေတ်တွင် မင်းဆက် ၂၅ ဆက်စိုးစံခဲ့ပြီး နှစ်ပေါင်း ၉၀၇ နှစ်တည်တံ့ခဲ့သည်။ ရခိုင်သမိုင်း၏ အစောဆုံးကာလများဖြစ်ပြီး၊ ဓညဝတီခေတ်၏ယဉ်ကျေးမှုသည်ရခိုင်ယဉ်ကျေးမှု၏အခြေခံအုတ်မြစ်ဖြစ်ကာ ဓညဝတီခေတ်၏ဩဇာသည် ရခိုင်ယဉ်ကျေးမှုအပေါ် အကြီးအကျယ်လွှမ်းမိုးထားကြောင်း သမိုင်းသုတေသီများက ပြောကြသည်။

**ဝေသာလီခေတ်**

ရခိုင်သမိုင်း၏ ခေတ်ကြီးလေးခေတ်တွင်ဝေသာလီခေတ်ပါဝင်သည်။(အေဒီ-၃၇၀မှအေဒီ-၈၁၈)ထိ ရှည်လျားခဲ့သည်။၎င်းခေတ်တွင်မင်းဆက် ၂၅ ဆက်စိုးစံခဲ့ပြီး နှစ်ပေါင်း ၄၄၈နှစ်တည်တံ့ခဲ့သည်။ အနောက်ဘင်္ဂလားနယ်များနှင့် ကူးလူးဆက်နွှယ်မှုများရှိခဲ့ကာ ဘင်္ဂလားနယ်များကို နယ်ချဲ့သိမ်းပိုက်နိုင်ခဲ့ကြောင်းဖြင့် ရခိုင်သမိုင်းတွင် မှတ်တမ်းတင်ထားရှိသည်။ ဝေသာလီခေတ် နောက်ဆုံးကာလတွင် အရှေ့အရပ်မှ ကျူးကျော်စစ်ပြုမှုကြောင့် ဝေသာလီခေတ်ပျက်သုဉ်းခဲ့ရသည်။

**လေးမြို့ခေတ်**

ရခိုင်သမိုင်းတွင်ဝေသာလီခေတ်နောက်ပိုင်းဘုရင်များသည် ဗေဒင်ကိန်းခန်းအရ မြို့သက်ကုန်လျှင် မြို့သစ်များတည်ထောင်ကြရာ လေးမြို့မြစ်ကမ်းအနီးတွင် မြို့ပြနိုင်ငံများပေါ် ထွန်းလာခဲ့သည်။ လေးမြို့ခေတ်မြို့ပြနိုင်ငံများမှာ ပဥ္စာမြို့ပြနိုင်ငံ(အေဒီ-၈၁၈-၁၁၀၃)တွင် မင်းဆက် ၁၅ ဆက်စိုးစံခဲ့ပြီး နှစ်ပေါင်း ၂၈၅ နှစ် တည်တံ့ခဲ့သည်။ အချင်းချင်း မညီညွတ်၍ ပုဂံမင်းအား စစ်ကူခေါ်ယူပြီး ပုဂံမင်း၏အထောက်အပံ့ဖြင့် မင်းဆက်ထူထောင်ခဲ့သည်။ ပထမပူရိန်မြို့ပြနိုင်ငံ (အေဒီ-၁၁၀၃-၁၁၂၃) တွင် မင်းဆက် ခြောက်ဆက်သာစိုးစံခဲ့ပြီး နှစ်ကာလအားဖြင့် နှစ်ပေါင်း ၂၀ သာတည်တံ့ခဲ့သည်။ ၎င်းခေတ်တွင် ရခိုင်ဘုရင်တို့စစ်အင်အားတောင့်တင်းခြင်းကြောင့် အိမ်နီးချင်းနိုင်ငံတို့ ရွံ့ကြောက်ကြရပြီး အခွန်ဘဏ္ဍာဆက်သမှုခံယူရရှိသည်။ ဒုတိယပူရိန်မြို့ပြနိုင်ငံ (အေဒီ-၁၁၂၃-၁၁၆၃) မင်းခြောက်ဆက်စိုးစံခဲ့ပြီး နှစ်ကာလအားဖြင့် ၃၈ နှစ်တည်တံ့ခဲ့သည်။ ၎င်းကာလတွင် အချင်းချင်း မညီမညွတ်သည်များရှိခဲ့သော်လည်း နောက်ဆုံးမင်းဆက်တွင် နယ်ပယ်များချဲ့ထွင်နိုင်ခဲ့ကာ နေရဉ္စရာတောင်ငူမြို့ပြနိုင်ငံ (အေဒီ-၁၁၆၃-၁၂၅၀)ကို ထူထောင်ခဲ့သည်။ တောင်ငူမြို့ပြနိုင်ငံတွင်မင်းဆက် ၁၆ ဆက်ရှိခဲ့ပြီး နှစ်ပေါင်း ၈၇ နှစ်တည်တံ့ခဲ့သည်။လောင်းကြက်မြို့ပြနိုင်ငံ(အေ ဒီ-၁၂၅၀-၁၄၀၄)တွင်မင်းဆက် ၁၈ ဆက်စိုးစံခဲ့ပြီး နှစ်ပေါင်း ၁၅၉နှစ်တည်တံ့ခိုင်မြဲခဲ့သည်။ လောင်းကြက်မြို့ပြနိုင်ငံတွင် အုပ်ချုပ်ခဲ့သောမင်းတို့သည် စွမ်းရည်ထက်မြက်ပြီး စစ်သည်အင်အားတောင့်တင်းသဖြင့် နိုင်ငံတော်အားကျယ်ပြန့်အောင်ထိန်းသိမ်းနိုင်ခဲ့သည်။ သို့ရာတွင် လေးမြို့ခေတ်နှောင်းပိုင်းကာလတွင် စိုးစံခဲ့သည့်မင်းများသည် အကျင့်သိက္ခာယိုယွင်းလာခဲ့ကာ မင်းကျင့်တရားနှင့်မညီညွတ်သဖြင့်အရှေ့ဘက်ရှိ အင်းဝဘုရင်အား စစ်ပန်ခေါ်ယူခြင်းဖြင့် ထီးနန်းပျက်သုဉ်းခဲ့ရသည်။ လောင်းကြက်မြို့ပြနိုင်ငံအား ဗမာမင်းတစ်လှည့် မွန်မင်းတစ်လှည့်စီ အုပ်ချုပ်ခြင်းကို ခံခဲ့ရသည်။ ၎င်းခေတ်တွင် တရားစောင့်သောမင်းထီးဘုရင် (အေဒီ-၁၂၈၃-၁၃၈၉) အုပ်ချုပ်ခဲ့သည်။ အသက်ခုနစ်နှစ်အရွယ်မှ ထီးနန်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။ လောင်းကြက်မြို့ပြနိုင်ငံအား ဗမာမင်းတို့ အုပ်စိုးခြင်းအား အဆုံးသတ်စေပြီး ၁၄၂၉ ခုနှစ်တွင် ရခိုင်ဘုရင်မင်းစောမွန်က လက်ရောက်ရယူကာ ထီးနန်းဆက်ခံနိုင်ခဲ့သည်။

> ရခိုင်သမိုင်းကို ရေးသားကြရာတွင် (ဘီစီ ၃၃၂၅)ခု၊ ပထမ ဓညဝတီ တည်ထောင်ခြင်းမှ စတင်မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ပထမ ဓညဝတီကို မာရယုမင်းတည်ခဲ့ကြောင်းဖြင့်လည်း အမှတ်ပြုကြသည်။ မာရယုမင်းသားကို သကျသာကီဝင် အနွယ်မှ ဆင်းသက်လာသူဖြစ်ကြောင်း ရခိုင်ရာဇဝင်ကျမ်းများ၌ ရေးသား မှတ်တမ်းတင်ကြသည်

**ကျွန်းသားငမန်း**

**မြောက်ဦးခေတ်**

မြောက်ဦးခေတ်ကား ရခိုင်တို့၏ နောက်ဆုံးကာလဖြစ်သည်။ ရွှေရောင်တောက်ပကာ ရခိုင်တို့အား ကမ္ဘာကသိအောင်စွမ်းဆောင်နိုင်ခဲ့သည်။ မြောက်ဦးခေတ်ကိုအပိုင်းသုံးပိုင်းခွဲကာ သမိုင်းဆရာတို့ မှတ်တမ်းတင်ခဲ့ကြသည်။

ပထမမြောက်ဦးခေတ်မှာ(အေဒီ- ၁၄၃၀-၁၅၃၀) ထိကာလဖြစ်ကာ မင်းဆက်ပေါင်း ၁၁ ဆက်ရှိခဲ့ပြီး နှစ်ပေါင်း ၁၀၁ နှစ်တည်တံ့ခဲ့သည်။ လောင်းကြက်မြို့ပြနိုင်ငံ၏နောက်ဆုံးဘုရင်ဖြစ်ခဲ့သော မင်းစောမွန်က မြောက်ဦးမြို့ကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပထမမြောက်ဦးခေတ်တွင် နိုင်ငံခြားကုန်သည်သင်္ဘောတို့ စီးပွားကုန်သွယ်မှုရှိခဲ့သည်။ အင်းဝဘုရင်နှင့် စစ်ပြိုင်ဆိုင်မှုများရှိခဲ့သည်။ စစ်တကောင်းဒေသအား သိမ်းပိုက်နိုင်ခဲ့သည်။

မြောက်ဦး ဒုတိယခေတ်မှာ(အေဒီ-၁၅၃၁-၁၆၃၈) ထိကာလဖြစ်သည်။ မင်းဆက် ကိုးဆက်ရှိခဲ့ပြီး သက်တမ်း ၁၀၇ နှစ် တည်တံ့ခဲ့သည်။ ဒုတိယမြောက်ဦးခေတ်ထူတောင်သူ မင်းဗာဘုရင်မှာထင်ရှားသော ဘုရင်တစ်ပါးဖြစ်သည်။ ၎င်းမင်းလက်ထက်တွင် ဘင်္ဂါ ၁၂ မြို့ကိုသိမ်းပိုက်နိုင်ခဲ့သည်။ မြောက်ဦးမြို့တော်နှင့်နန်းတော်အားပြန်လည်တည်ဆောက်ခဲ့သည်။ ရခိုင်သမိုင်းတွင် စောမွန်ပြင်ပြု မင်းဗာတည်ကေ ရွှီမြောက်ဦးဟု စာဆိုရှိခဲ့သည်။ ဒုတိယမြောက်ဦးခေတ်မှာ ရခိုင်တို့၏ ရွှေခေတ်လည်းဖြစ်သည်။ မင်းဗာလက်ထက်တွင် တောင်ငူမင်းတရား တပင်ရွှေထီး၏ ကျူးကျော်စစ်ကိုခုခံခဲ့ရသည်။ သာသနာတော်စည်ပင်ရာ အကြောင်းပြု၍ သီဟိုဠ်သို့သာသနာပြုစေလွှတ်ခဲ့သည်။ ဒတ်ချ်ကုန်သွယ်များနှင့်အ ဆက်အသွယ်ရပြီး ကုန်စည်ကူးသန်းမှု စည်ကားဖွံ့ဖြိုးခဲ့သည်။

**မြောက်ဦးတတိယခေတ်ကား**

ရခိုင်သမိုင်း၏ အမှောင်မိုက်ဆုံးကာလများ ဖြစ်ခဲ့သည်။ (အေဒီ-၁၆၃၈-၁၇၈၅)ထိကာလများ ဖြစ်ကာ မင်းဆက်ပေါင်း ၂၇ ဆက်အုပ်စိုးခဲ့ကာ ကာလအားဖြင့် ၁၄၆ နှစ်တည်တံ့ခဲ့သည်။ ရခိုင်ဘုရင်များအုပ်ချုပ်စီမံမှုညံ့ဖျင်းခဲ့သဖြင့် အေဒီ-၁၆၆၆ ခုနှစ်တွင် စစ်တကောင်းဒေသကို လက်လွှတ်ခဲ့ရပြီး ရခိုင်တို့၏ပိုင်နက်နယ်မြေမှာယခုတည်ရှိသည့်အတိုင်းဖြစ်ပေါ်ခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။ မြောက်ဦးတတိယခေတ်တွင် တိုင်းရေးပြည်ရာများ တည်ငြိမ်ခြင်းမရှိခဲ့။ တော်လှန်ပုန်စားမှုအများအပြားဖြစ်ပေါ်ခဲ့သည်။ ကိုယ်ရံတော်ကြီးများ ကြီးစိုးခြယ်လှယ်သည်ကိုပင် ခံခဲ့ရသောမင်းများရှိခဲ့သည်။ အချင်းချင်းမညီညွတ်မှုဖြင့် မြန်မာဘုရင်ထံ စစ်ပန်သူများရှိခဲ့သည်။ လက်ရှိရခိုင်ဘုရင်ကိုဖြုတ်ချပြီး တိုင်းတစ်ပါးသားဘုရင်အားအားကိုးအားထားပြုကာ သစ္စာခံဘုရင်အဖြစ်ကိုမျှော်မှန်းခဲ့သူများအဖို့ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ရခိုင်ဘုရင်ကို အပြီးပိုင်ဖြုတ်ချခံခဲ့ရပြီး မြန်မာဘုရင်၏ နယ်မြေပိုင်နက် ဖြစ်သွားခဲ့ရသည်။ ထိုမှဆက်ကာ ရခိုင်ပြည်သည် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရပြီး ဗြိတိသျှကိုလိုနီလက်အောက်နှင့် လွတ်လပ်ရေးရပြီး ဖဆပလခေတ်တို့တွင် ရခိုင်တိုင်းအဖြစ်လည်းကောင်း၊ ၁၉၇၄ခုနှစ်မှစတင်ကာ ရခိုင်ပြည်နယ်အဖြစ်လည်းကောင်း ရပ်တည်ခဲ့ခြင်းဖြစ်ပေတော့သည်။ ။

***(သမိုင်းဆိုင်ရာအချက်အလက်များကို ဒေါက်တာအေးချမ်း(ရက္ခဝံသ ရက္ခိတ)၏ ရခိုင်သမိုင်းမိတ်ဆက်စာအုပ်မှရယူကိုးကားပါသည်)***

---

**❒ စာမျက်နှာ ဃ မှ**

ပအိုဝ်းရိုးရာကထိန်တွင် မိန်းကလေးများသာသယ်ပိုးသည့် ပဒေသာပင်ငယ်လေးများလည်း ပါရှိသည်ကို ထူးခြားစွာ တွေ့မြင်ရသည်။ ယင်းပဒေသာပင်များကို မိန်းကလေး ရှစ်ဦးက အလှည့်ကျ ထမ်းပိုးလျက် အမျိုးသား ပဒေသာပင်များနှင့်အပြိုင် သီဆိုကခုန်ကာ ပင့်ဆောင်သယ်ယူလာကြသည်။

ထိုမျှမကသေး လှည့်လည်ပြီး၍ လှူဒါန်းမည့်ကျောင်းသို့ ရောက်ရှိလာချိန်တွင် ပဒေသာပင်များကို ထမ်းပိုးလျက်ပင် ကျောင်းဝင်းအတွင်းရွာသူရွာသားအားလုံးနှင့်အတူ ပျော်ရွှင်စွာ ကခုန်ကြလေသည်။ ကခုန်ချိန်တွင် နေပူဒဏ်ကို ဂရုမပြုဘဲ ပျော်ရွှင်စွာပင် ပအိုဝ်းရိုးရာတေးသီချင်းများကို သီဆို၍ အိုးစည်ဗုံမောင်းများ တီးခတ်ကခုန်ကြသည်။

**ဂမုန်းရွက်ရှည်များဖြင့် လက်အုပ်ချီ**

ဆွမ်းတော်ကြီးလှည့်ပွဲနှင့် ကထိန်လှည့်ပွဲပြီးမြောက်၍ ကထိန်အနုမောဒနာတရားတော်နာယူရန် ဒေသခံ ပအိုဝ်းတိုင်းရင်းသားများသည် ဘုန်းတော်ကြီးကျောင်းတွင် စုစည်းရောက်ရှိနေကြသည်။ တရားတော်ကို ပအိုဝ်းဘာသာ၊ မြန်မာဘာသာများဖြင့် ကြည်ညိုစွာ နာယူကြသည်။ တရားနာယူနေချိန်တွင် ဂမုန်းရွက်အရှည်များကို ကိုင်ဆောင်လျက် လက်အုပ်ချီထားကြသည်။ ထိုမြင်ကွင်းကို မြင်တွေ့ရသည်မှာ ဘုရားရှင်အား ပန်းဖြင့်ကြည်ညိုစွာပူဇော်သည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။

ယင်းကြောင့်ပင် ပအိုဝ်းတိုင်းရင်းသားများသည် ဗုဒ္ဓဘာသာအပေါ် အလွန်ပင် ကြည်ညိုကိုင်းရှိုင်းကြပြီး ဗုဒ္ဓ၏တရားတော်များကို သဒ္ဓါတရားထက်သန်စွာဖြင့် အလေးအနက်ထား အာရုံစူးစိုက်ကာ နာယူကြသူများ ဖြစ်ကြသည်ကို မြင်တွေ့ခဲ့ရသည်။ ထို့ပြင် လုံးနဂါးပတ်ကျေးရွာတွင် ဗုဒ္ဓဘုရားရှင်မှလွဲ၍ အခြားသော နတ်ကိုးကွယ်မှုများ မရှိကြောင်းကိုလည်း သတိပြုမိခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာကထိန်ပွဲတော်သည် ဒေသအလိုက် ပြင်ဆင်ပုံ ကွာခြားနိုင်ကြသော်လည်း ပအိုဝ်းတိုင်းရင်းသားတို့၏ အချင်းချင်း စည်းလုံးညီညွတ်မှု၊ ရိုးရာဓလေ့များကို ယနေ့တိုင် ထိန်းသိမ်းထားနိုင်စွမ်းရှိမှု၊ ဗုဒ္ဓဘာသာအပေါ် သဒ္ဓါကြည်ညိုထက်သန်မှု၊ ဘာသာစကား မပေါက်သော်လည်း ရိုးသားဖြူစင်စွာ ဖော်ရွေပြောဆို ဆက်ဆံမှုများကို ကိုယ်တွေ့မြင်တွေ့ခဲ့ရသည်မှာ စိတ်ဝယ် ဖရဏာပီတိ ဂွမ်းဆီထိမျှ ကြည်နူးခဲ့ရပါတော့သည်။ ။

# ပအိုဝ်း ရိုးရာကထိန်

ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်

ကထိန်ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် ပွဲတော်တစ်ခုဖြစ်ပြီး ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်ဟု ဆိုရိုးရှိသည့်အတိုင်း ကထိန်သင်္ကန်းကို လှူဒါန်းရခြင်းသည် ထူးခြားမွန်မြတ်သော အလှူဖြစ်သည်။ ကထိန်ခင်းခြင်းဆိုသည်မှာ လူများက ခင်းခြင်းမဟုတ်ဘဲ ရဟန်းတော်များက ခင်းရခြင်း၊ ကထိန်အလှူသည် သံဃိကအလှူဖြစ်၍ တစ်နှစ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်ကျောင်းသာ ရက်အကန့်အသတ်အတွင်း ဆင်ယင်ကျင်းပရခြင်း၊ ကထိန်အလှူကြောင့် ရဟန်းတော်များ၏ သီလကို ထောက်ပံ့ရာရောက်ခြင်းစသည့် ထူးခြားလေးနက်သည့် ဝိသေသလက္ခဏာများနှင့် ပြည့်စုံခြင်းကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းသည် ကထိန်သင်္ကန်းကို သဒ္ဓါထက်ငါ အားကြိုးမာန်တက် စုပေါင်းလှူဒါန်းကြခြင်း ဖြစ်သည်။

ယင်းတို့အနက်မှ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လုံးနဂါးပတ်ကျေးရွာတွင် နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလေ့ရှိသည့် ရိုးရာကထိန်ပွဲကို အမှတ်ရဖွယ်များစွာဖြင့် ကိုယ်တွေ့ကြုံခဲ့ရသည်။ ဗုဒ္ဓဘာသာကို နက်ရှိုင်းစွာ ယုံကြည်ကိုးကွယ်ကြသည့် ပအိုဝ်းတိုင်းရင်းသားများ၏ ကထိန်ခင်းသည့်ဓလေ့သည် ထူးခြား၍ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

## လုံးနဂါးပတ်ကျေးရွာ

လုံးနဂါးပတ်ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင်တည်ရှိပြီး နဂါးအမောက်သဏ္ဌာန် ကျောက်တုံးပေါ်တွင် တည်ထားသော စေတီကိုအစွဲပြုကာ လုံးနဂါးပတ်ကျေးရွာဟု ခေါ်ဆိုခဲ့ကြောင်း သိရသည်။

ရွာ၏ဘေးပတ်လည်တွင် စိမ်းလန်းသော တောင်ကုန်းတောင်သွယ်များဖြင့် ဝန်းရံနေပြီး အေးမြသော ရာသီဥတုရှိသည့် ရွာလေးတစ်ရွာဖြစ်သည်။ ကျောက်တုံးကြီးများပေါ်တွင် ထူးခြားဆန်းကြယ်စွာ တည်ထားသော စေတီတော်နှင့် ဆုတောင်းပြည့်သည်ဆိုသည့် ခရုဖင်ပြတ်ရေကန်ရှိခြင်းကြောင့် နှစ်စဉ် လုံးနဂါးပတ်ကျေးရွာသို့ အနီးဝန်းကျင်မှ ပအိုဝ်းတိုင်းရင်းသားများ လာရောက်လည်ပတ်ကြသည်။ စုပေါင်းကာ ဗုဒ္ဓဘာသာပွဲလမ်းသဘင်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ယခုနှစ်တွင်လည်း တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း၏ မတည်မှုဖြင့် အနီးမှကျေးရွာများ စုပေါင်းကာ ကထိန်ပွဲကြီးကို ကျင်းပခဲ့သည်။ ထိုကထိန်ပွဲကြီးတွင် ပအိုဝ်းတိုင်းရင်းသားများ၏ ဘာသာ သာသနာအပေါ်တွင် လွန်စွာရိုသေကိုင်းရှိုင်းမှု၊ စည်းလုံးညီညွတ်မှုများကို မြင်တွေ့ခဲ့ရသည်။ ထို့ပြင် ရိုးရာဝတ်စုံများကိုသာ တူညီနှစ်သက်စွာ ဝတ်ဆင်ကြသည့် ပအိုဝ်းတိုင်းရင်းသားများ၏ ဖော်ရွေပျူငှာမှု၊ ယနေ့တိုင် ရိုးရာဓလေ့များကို ထိန်းသိမ်းနိုင်မှု၊ ကထိန်ပွဲတော် ကျင်းပရာတွင်လည်း ပျော်ရွှင်တက်ကြွစွာ သီဆိုကခုန်ကြရင်း ဆင်ယင်ကျင်းပခဲ့ပုံများကို မြင်တွေ့ခဲ့ရသည်။

## မြတ်နိုးဖွယ်ရာ အစဉ်အလာ

ကထိန်ပွဲမကျင်းပမီ အကြိုညတွင် ကျေးရွာရှိ လူပျိုခေါင်း၏နေအိမ်၌ ရွာရှိ အပျို၊ လူပျိုများအားလုံး စုရုံးကြရပြီး နောက်တစ်နေ့ နံနက်တွင် ဘုရားရှင်အား ဆက်ကပ်မည့် ဆွမ်းတော်ပွဲများကို ပြင်ဆင်ကြရသည်။ ထိုသို့ ပြင်ဆင်ချိန်တွင် ပအိုဝ်းရိုးရာတေးသီချင်းများ သီဆိုကြရင်း လူပျိုများက အပျိုလေးများအား ချစ်ခွင့်ပန်နိုင်သည့် အခွင့်အရေးတစ်ရပ်ကို ပအိုဝ်းရိုးရာဓလေ့တစ်ခုအဖြစ် အစဉ်အဆက်ဖန်တီးခဲ့ကြသည်။

ကာလသား လူပျိုများက မိမိချစ်ခင်နှစ်သက်မိသော အပျိုမိန်းကလေး၏ အနီးသို့သွား၍ စကားစမြည် ပြောဆိုရင်း ချစ်ခွင့်ပန်ရာတွင် မိန်းကလေးက သဘောတူနှစ်သက်ပါက လူငယ်ကာလသားကို မိမိအိမ်၏ မီးဖိုခန်းတွင် အဖန်ရည်အတူသောက်သုံးရန် ဖိတ်ခေါ်နိုင်ပြီး လွတ်လပ်စွာ စကားပြောဆိုနိုင်လေသည်။

အကယ်၍ မိန်းကလေးက သဘောမကျပါက ထိုလူငယ် မိမိအိမ်သို့လာချိန်တွင် အိမ်တံခါးကို ပိတ်ထားပြီး ငြင်းဆန်နိုင်ခွင့်လည်း ရှိသည်။ ယင်းဓလေ့ကို မည်သည့်အချိန်မှ စတင်ခဲ့သည်ဟု မသိရှိရသော်လည်း ယနေ့တိုင် မြတ်နိုးဖွယ်ရာ အစဉ်အလာတစ်ခုအဖြစ် ပအိုဝ်းတိုင်းရင်းသားများက လက်ခံကျင့်သုံးလျက်ရှိကြသည်။

## ဆွမ်းတော်ပွဲ ပြင်ကြရာဝယ်

ဆွမ်းတော်ပွဲပြင်ရာတွင် ဒေသထွက် အသီးအနှံများပေါ်တွင် အလှဆင်၍ ခေတ်ပေါ်အစားအစာများ၊ အမွှေးတိုင်များကိုလည်း ထည့်သွင်းလေ့ရှိကြသည်။ ထိုသို့ ပြင်ဆင်ရာတွင် အများအားဖြင့် ပိုင်းဖြတ်ထားသော ဂေါ်ဖီထုပ်များ၊ ဂေါ်ရခါးသီးများပေါ်တွင် အမွှေးတိုင်များ၊ ချိုချဉ်သကြားလုံးများ၊ ပေါင်မုန့်များ၊ ဆေးလိပ်များကို တုတ်တံများဖြင့်သီ၍ အလှဆင်ထားကြသည်။

ထို့ပြင် ကွမ်းအစ်များ၊ သောက်တော်ရေများ၊ ရောင်စုံပန်းများကို လင်ပန်းများနှင့် ကလပ်များပေါ်တွင် တင်ထားသည်။ ထိုသို့ လူပျိုခေါင်းအိမ်၌ လူပျို၊ အပျိုလေးများက ဆွမ်းတော်ပွဲအတွက် ပြင်ဆင်နေကြချိန်တွင် ကျောင်းဝင်းအတွင်း၌ ရွာသူ၊ ရွာသားများ စုစည်းကာ အိုးစည်ဗုံမောင်းများ တီးမှုတ်၍ ပအိုဝ်းရိုးရာ တေးသီချင်းများ သီဆိုကာ ကခုန်နေကြလေသည်။

## ဆွမ်းတော်ကပ်လှူပွဲ

နောက်တစ်နေ့ နံနက်စောစောတွင် ရွာသူ၊ ရွာသားများ အားလုံးသည် ကထိန်ပွဲကျင်းပမည့် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပြီး ရှေးဦးစွာ ဆွမ်းတော်ကပ်လှူပွဲ ကျင်းပနိုင်ရန် ပြင်ဆင်ကြသည်။ ယခင်နေ့များက ပြင်ဆင်ထားပြီးသော ဆွမ်းတော်ကြီးတင်လှူဖွယ်ပစ္စည်းများကို ယူဆောင်လာကြသည်။ ဆွမ်းတော်ကြီးလှည့်လည်ပူဇော်ရာတွင် ရှေ့ဆုံးမှ သာသနာ့အလံကို ကိုင်ဆောင်ထားပြီး နောက်တွင် အိုးစည်ဗုံမောင်းများ တီးခတ်သော လူငယ်များက လိုက်ပါလာသည်။

ယင်းတို့နောက်တွင် ကထိန်သင်္ကန်းကို ကနက္ကဒဏ်ထီးဖြူနှစ်လက်မိုး၍ ပင့်ဆောင်လာပြီး ဆွမ်းတော်ဗန်းများကို ကိုင်ဆောင်ထားသည့် မိန်းကလေးများနှင့် ယောကျ်ားလေးများက လိုက်ပါကာ လုံးနဂါးပတ်စေတီတော်အား လှည့်ပတ်ပူဇော်ကြရသည်။ ရွာလမ်းတစ်လျှောက် လှည့်လည် ပူဇော်အပြီး ဘုန်းတော်ကြီးကျောင်းသို့ ပြန်လည်ရောက်ရှိချိန်တွင် ဆွမ်းတော်တင်မည့် လှူဖွယ်ပစ္စည်းများကို ဗုဒ္ဓရုပ်ပွားတော်ထံ ဆက်ကပ်လှူဒါန်းရမည်ဖြစ်သည်။

ထိုအချိန်တွင် ဆွမ်းတော်ဗန်း သယ်ဆောင်လာသူ မိန်းကလေးများက ကျောင်းဝ၌ တန်းစီရပ်နေသော အမျိုးသားလူငယ်များထံ လက်ဆင့်ကမ်းကြရသည်။ လက်ဆင့်ကမ်းရာတွင် မိန်းကလေးများသည် ရိုသေစွာ ဒူးထောက်၍ မိမိလက်ဆင့်ကမ်းမည့် လှူဖွယ်ပစ္စည်းအား နဖူးနှင့်တိုက်ပြီးမှ အမျိုးသားလူငယ်ထံ ပေးအပ်သည်။ ထိုအမျိုးသားမှတစ်ဆင့် အဆင့်ဆင့်လက်ဆင့်ကမ်း၍ ဘုရားခန်းတွင် ပူဇော်ထားရှိသည့် ဗုဒ္ဓရုပ်ပွားတော်ထံ ကပ်လှူကြသည်။

## ပအိုဝ်းရိုးရာကထိန် သို့မဟုတ် လုံးနဂါးပတ်ကထိန်

ဆွမ်းတော်လှည့်လည်ပွဲကြီး ကျင်းပပြီးနောက် ခေတ္တနားကာ ကထိန်ပဒေသာပင် လှည့်လည်ကျင်းပရန် ရွာသူ၊ ရွာသားများ စုပေါင်းကာ ပြင်ဆင်ကြတော့သည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ ကထိန်ပဒေသာပင်သည် မြေပြန့်နှင့်မတူ တစ်မူထူးခြားလို့နေသည်။

အရှည် ၁၈ တောင်ခန့်ရှိသော ဝါးလုံးစိမ်းများကို ထောင်လျက် စုစည်းချည်နှောင်ကာ အခြေတွင် ထမ်းစင်သဏ္ဌာန်ပြုလုပ်ကြသည်။ ဝါးဖြင့် ပြုလုပ်ထားသော ယင်းပဒေသာပင်၏ ထိပ်ဆုံးတွင် ဘုရားထီးတစ်လက် မိုးထားသည်။ ဘုရားထီး၏အောက်တွင် မြေပြန့်အခေါ် အရပန်းဆိုင်းလှည်း သုံးခုကို အပေါ်အောက် အကွာအဝေးအနည်းငယ်စီခြားလျက် ဆင့်ထားသည်။ အောက်တွင် ဘုရားထီးတော် ခြေပုံစံအဝိုင်းတစ်ခုကို အလှဆင်ထားပြီး လေးဘက်ပတ်လည်တွင် လှူဖွယ်ပစ္စည်းမျိုးစုံကို ချိတ်ဆွဲထားသည်။

ကထိန်ပဒေသာပင် လှည့်လည်ရာတွင်လည်း ဆွမ်းတော်ကြီးလှည့်သကဲ့သို့ပင် ရှေ့ဆုံးမှ သာသနာ့အလံကိုင်ဆောင်ထားသူက ဦးဆောင်ပြီး ကထိန်သင်္ကန်းကို ထီးဖြူမိုးကာ နောက်မှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်မိန်းကလေးများက လိုက်ပါလာကြသည်။ ယင်းတို့နောက်တွင် ပဒေသာပင်ကို ပင့်ဆောင်လာကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ ကထိန်ပဒေသာပင်သည် ဝါးလုံးများစွာဖြင့် ပြုလုပ်ထားခြင်းကြောင့် အလွန်လေးလံလှသဖြင့် အားကောင်းသော အမျိုးသား ၂၀ မက ထမ်းပိုးသယ်ဆောင်ကြရသည်။ ယင်းအမျိုးသားများသည် ထိုသို့ ပဒေသာပင်ကို ထမ်းပိုးထားလျက်က ပအိုဝ်းရိုးရာသီချင်းများ သီဆိုကာ အပြိုင်အဆိုင်ကခုန်လျက် လိုက်ပါလာကြသေးသည်။ ပဒေသာပင်နှစ်ခုကို တစ်ခုနှင့်တစ်ခု ခေါင်းချင်းဆိုင်တိုက်၍သော်လည်းကောင်း၊ ရှေ့တိုးနောက်ဆုတ် ရိုးရာသီချင်းများ သီဆိုအော်ဟစ်၍သော်လည်းကောင်း၊ ပဒေသာပင်ကို ထမ်းထားလျက်က လှည့်ပတ်ကခုန်၍သော်လည်းကောင်း ပင့်ဆောင်လာကြသည်။

စာမျက်နှာ ဂ သို့



ပအိုဝ်း တိုင်းရင်းသားတို့၏ ရိုးရာကထိန်လှည့်လည်ပွဲ မြင်ကွင်း။



